www.burmeseclassic.com



# ဘုန်းရှိ

ထောင်းကောင်ဓါးလျှို့ဝှက်ချက်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၃၃၂/၂၀၀၀ (၅)
အဖုံးခွင့်ပြုချက်အမှတ် ၅၃/၂၀၀၁ (၁)
ပုံနှိပ်ခြင်း (ပထမအကြိမ်)
၂၀၀၁ ခုနှစ်၊

၅၀၀

၂၂၀ ကျပ်

ဒေါ်ရွှေအိမ် (တိုင်းလင်းစာပေ)
အမှတ် ၈/၆၅၊ အုပ်စု (၃)၊
အောင်သိဒ္ဓိလမ်း၊ စော်ဘွားကြီးကုန်း၊
အင်းစိန်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ ဦးမြတ်ကျော် (မြတ်ကျော်ပုံနှိပ်တိုက်)
အမှတ် ၂၀၇၊ လမ်း၃၀၊
ပန်းဘဲတန်းမြို့နယ်။

အဖုံးပုံနှိပ်သူ ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်စက်
၁၇၁၊ ၃၃ လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ - သိန်းရွှေကြည်

ကောင်းကင်၏ လျှို့ဝှက်ချက်

## ဆုအာချလီ

# ကောင်းကင်၏ လျှို့ဝှက်ချက်

BURMESE CLASSIC

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ အေးကင်းကွာ။
စည်းကမ်းရှိမှ တိုးတက်မည်။
စည်းကမ်းကိုက်ညီ အေးကင်းသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန်ဖြစ်သည်။

• • • • • • • • • • • • • • • •

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။





လောကမှာ...
ဘယ်လောက်ပဲ ရုပ်ချောချောနဲ့ထက်မြက်တဲ့ မိန်းမတစ်ယောက်ဖြစ်ပါစေ၊ သူ့အတွက် နွေးထွေးလုံခြုံတဲ့ ရင်ခွင်တစ်ခုတော့ လိုအပ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်မဟာ မိန်းမသားတစ်ယောက် ဖြစ်လို့ပါ မောင်။

စောမင်းခင်



www.burmeseclassic.com

www.burmeseclassic.com



လောကကြီးမှာ မိန်းမသားတွေဘဝကို တစ်ယောက်တည်း ရပ်တည်လို့ မရတော့ဘူးလားဟု သူမ မကြာခဏ တွေးမိရိုးသည် သည်နှစ်ပိုင်းအတွင်း မေမေ၏ မကြာခဏ လက်ထပ်ဖို့ တိုက်တွန်းလာသောကြောင့် ဖြစ်သည်။

"စောမင်းခင်နော်၊ ညည်းအသက် တဖြည်းဖြည်းနဲ့ အဓိက ကျော်လာပြီ၊ ခုချိန်ထိ အိမ်ထောင်ပြုဖို့ စိတ်မကူးသေးဘူးလား"

"အေး...ညည်းစိတ်တိုင်းကျ ရှာမတွေ့ရင်တော့ မေမေတို့ ပေးစားတာကို ညည်းယူရမယ်"

မေမေ၏ တစ်ချက်လွှတ်အမိန့်ကို သူမ ဘယ်လိုချေဖျက်ရမည်မှန်းမသိ။ မေမေတို့မှာက သားသမီးဟူ၍ သူတစ်ယောက်တည်းရှိတာမို့ မျိုးပြတ်မှာကြောက်သော မေမေတို့အတွက် သူမ အိမ်ထောင်ပြုရေး၊ မပြုရေးသည် အဓိကဖြစ်နေ၏။





စက်တာက သူမပင်။ သူမမှာ သည်အချိန်ထိ အိမ်ထောင်ရေးအကြောင်းကို နည်းနည်းလေးမှ စိတ်မဝင်စားသလို ချစ်သူ ရည်းစားဟူ၍လည်း တစ်ယောက်မှမရှိ။ သည့်အတွက် သူမကို ရုပ်ဆိုးဆိုး မိန်းမတစ်ယောက်ဟု ထင်စရာရှိလျှင် အလွန်မှားပေမည်။

စောမင်းခင်ဆိုတာ တက္ကသိုလ်တက်နေစဉ်တစ်လျှောက်လုံး အလှဘုရင်မဘွဲ့ကို နှစ်တိုင်းဆက်တိုက် ရရှိခဲ့သူဖြစ်သည်။ မနိမ့် မမြင့်အရပ်မှာ၊ ဖြူဖွေးဝင်းနှစ်သော အသားအရည်၊ အချိုးကျလှပသော ခန္ဓာကိုယ်၊ ဝိုင်းမယောင်နှင့် သွယ်သော ခန္ဓာကိုယ်၊ ဝိုင်းမယောင်နှင့် သွယ်သောမျက်နှာဖူးဖူးလေးမှာ ဆံတဲ ခွန်နှင့် ရှန်းလက်တောက်ပသော မျက်ဝန်းများမှာ အတုတပ်စရာမလိုအောင် ထူထဲနက်မှောင်သော မျက်တောင်ကော့ရှည်များ ဝိုင်းရံလျက်၊ နှာတံစွင်းစွင်းမှာ အဖျားတွင် အနည်းငယ်ကော့သွား၏။ ဆေးမဆိုးဘဲ သွေးရောင်လွှမ်းနေသည့် နှုတ်ခမ်းထူ အိအိလေးမှာလည်း နှင်းဆီဖူးငုံလေးလို ဖြစ်နေ၏။

လည်တိုင်ဝင်းဝင်းလေးမှာ အကြောစိမ်းလေးများပင် မြင်ရလျက် လက်မောင်းလေးများမှာ ဆင်စွယ်လို ဝင်းဝင်းအိအိဖြင့်၊ ဖြည့်တင်းသောပေါင်တံများက သေးကျဉ်းသောခါးအောက်မှာ

www.burmeseclassic.com



လှပစွာ နေရာယူထား၏။ အထူးသဖြင့် သူမ၏ ရှည်လျားနက်မှောင်-ပျော့ပျောင်းသော ဆံနွယ်ရှည်များမှာ မြန့်ချလိုက်လျှင် တစ်ကိုယ်လုံး ဝေဆာလျက် မြင်သူတိုင်း ငေးမောကြည့်ချင်စရာ။

စောမင်းခင်တစ်ကိုယ်လုံး ခြုံရသော် သူမကို တွေ့လိုက်သည့် လူတိုင်း လည်ပြန်ကြည့်ရစမြဲ။ "လှလိုက်တာ" ဟု ပြောရုံနှင့် မလုံလောက်အောင် သူမအလှက ထင်ရှား၏။

နောက်တစ်ချက်က သူမသည် ချမ်းသာပြည့်စုံသော မိဘနှစ်ပါးမှ တစ်ဦးတည်း ပေါက်ဖွားလာသော သမီးတစ်ဦး ပီသစွာ မာန်မာန အနည်းငယ်ရှိလျက် တော်ရုံလူကို အရှုံးပေးတတ်သူ မဟုတ်။ သူမမှာ အလှဂုဏ်၊ ဓနဂုဏ်များ ပြည့်စုံနေတာမို့ တော်ရုံယောကျ်ားမျိုး လှည့်မကြည့်တတ်ပါ။

တက္ကသိုလ်တက်စဉ်တစ်လျှောက်ရော ယခုအချိန်ထိပါ သူမ မေတ္တာကို လိုချင်သူတွေ ပေါများခဲ့ပေမယ့် အေးစက်နေသော သူမ နှလုံးသားက ဘယ်သူ့ကြောင့်မှ မလှုပ်ရှားခဲ့။

"စောမင်းခင်ရယ်၊ မင်းဟာ ရုပ်လေးလှသလောက် အသည်းနှလုံးကော ရှိရဲ့လားဟင်၊ ကြည့်ပါဦး၊ ကျောင်းသာပြီး သွားတယ်၊ မင်းမှာ ချစ်သူဆိုလို့ တစ်ယောက်တောင် မရှိခဲ့တာ ဘယ်လောက် အံ့သြစရာကောင်းလဲ"





သူမ၏ သူငယ်ချင်းဖြစ်သူ လွင်က ထိုသို့ပြောသည့်တိုင် သူမ အပြုံးမပျက်။ သည်လို သူမ၏ အေးစက်စက်အမူအရာကြောင့်ပဲ သူမမေတ္တာကို တောင်းခံမရသည့် အမျိုးသားများက အနမင်းသမီးဟု တင်စားတတ်ကြခြင်း ဖြစ်သည်။

"ကျွန်မမှ သူတို့ကို စိတ်မဝင်စားဘဲ လွင်လွင်၊ အချစ်ဆိုတာ လုပ်ယူလို့ ရတာမျိုးမှ မဟုတ်ဘဲ"

"ဟင်း ...ဒါဆိုရင်တော့ မင်းမှာ ချစ်တတ်တဲ့ အသည်းနှလုံးများ မရှိတာလား စောမင်းခင်ရယ်၊ တကယ်ဆို မင်းကို ချစ်ကြတဲ့ အမျိုးသားတွေဆိုတာလဲ တော်ရုံထဲက မဟုတ်ကြဘူး၊ ရုပ်ရည်ရော ပစ္စည်းဥစ္စာရော ပြောစရာမရှိအောင် ပြည့်စုံတဲ့သူတွေပါ"

လွင်လွင်ပြောတာ ဟုတ်သည်။ သူမမေတ္တာကို လိုချင်ကြသူတွေက တော်ရုံလူစားမျိုးထဲက မဟုတ်။ ဒါနဲ့တောင် သူမမှာ စိတ်မပေါက်ဖွားတာ အနည်းငယ် အံ့သြစရာကောင်းနေ၏။

"မှန်တာပြောရရင် ယောကျ်ားတွေကို ကျွန်မ စိတ်မဝင်စားဘူး လွင်ရယ်၊ ဖြစ်နိုင်ရင် ဘဝကို ကျွန်မတစ်ယောက်တည်းပဲ ဖြတ်သန်းချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး၊ မင်းရည်ရွယ်ချက်ကြီးက မဖောက်သေးပါဘူး ဓောရာ၊ ဒီလောက်လှတဲ့မင်း လောကကြီးကို တစ်ယောက်တည်း ဖြတ်သွားရင် ဘယ်လောက်နှမြောစရာကောင်းမလဲ၊ အန်တီတို့ ကလဲ လက်ခံမှာမဟုတ်ဘူး"

သူမတို့မိသားစုအကြောင်း သိနေသောလွင်လွင်က ပြောသည်။ သူမ သက်ပြင်းတစ်ချက် ကျိတ်ရှိုက်လိုက်၏။ မေမေတို့ သူမကို ဘယ်လောက် လက်ထပ်စေချင်တယ်ဆိုတာ သူမ အသိဆုံး။ ဒါကို လွင်လွင်လည်း သိသည်။

သူမဆံနှကဘဝမှာ ဘယ်သူ့ကိုမှ အားမကိုးဘဲ ရပ်တည် လိုသည်။ သည့်အတွက် သူမမှာ ပစ္စည်းဥစ္စာ ပြည့်စုံ၏။ ကျောင်းပြီးတာနှင့် သူမက ကုမ္ပဏီထောင်ခဲ့သည်။ လွင်လွင်က သူမ၏ လက်ထောက်။ ထို့ကြောင့် သူမမှာ အလုပ်များဖြင့် တစ်နေ့တစ်နေ့ မအားမလပ်အောင် ရှိခဲ့၏။

အိမ်ထောင်ရေးအကြောင်းဆိုတာ ယောင်လို့တောင် မစဉ်းစားခဲ့။ သူမ သည်လိုအေးစက်စက်နေလေ မေမေတို့က ကြည့်မရလေ ဖြစ်နေ၏။

"ဓောမင်းခင်နော်၊ ညည်းအကြိုက် ကုမ္ပဏီထောင်တဲ့ကိစ္စ ငါတို့ ဘာမှမပြောခဲ့ဘူး၊ အေး ဒါပေမယ့် ငါတို့ဖြစ်စေချင်တဲ့ကိစ္စ



ကိုလဲ ညည်း စဉ်းစားပါ၊ ညည်းကို တစ်လအချိန်ပေးမယ်၊ ဒီအချိန် အတွင်းမှာ ညည်းကြိုက်တဲ့လူရှိရင် မေမေတို့ဆီ ခေါ်လာခဲ့၊ မေမေတို့ သဘောတူရင် ပေးစားမယ်"

"အေး တစ်လအတွင်း ညည်းအကြိုက်ရှာမတွေ့ရင်တော့ မေမေတို့ ပေးစားတာကိုပဲ ယူရမယ်"

မေမေသည် တစ်ဦးတည်းသော သမီးဖြစ်သည့် သူမကို ချစ်၍ အလိုလိုက်တတ်သလို၊ စည်းကမ်းအရာမှာလည်း တင်းကျပ် တတ်၏။ မေမေက ပြောသည့်အတိုင်း စကားကို တည်အောင် လုပ်တတ်၏။ ထို့ကြောင့် သည်တစ်ခါ မေမေ့အမိန့်ကို သူမ ငြင်းဆန်မရမှန်း သိလိုက်သည်။

"ကျွတ် …စိတ်ညစ်တယ်ကွာ၊ မေမေတော့ အမိန့်ကို တင်းတင်းကျပ်ကျပ် ချမှတ်လိုက်ပြီ၊ ကျွန်မတော့ ဘယ်လိုလုပ် ရမယ် မသိတော့ဘူး"

လွင်လွင့်ရှေ့မှာ သူမ ညည်းမိ၏။ လွင်လွင်က သူမကို သနားသလိုကြည့်သည်။

"အဲ့ဒါ မင်းအမှားပေါ့၊ တကယ်ဆို ကျောင်းမှာကတည်းက မင်း ရည်းစားတစ်ယောက်လောက် ထားခဲ့ဖို့ကောင်းတယ်၊ ဒါဆို အခု ဘယ်လောက်အဆင်ပြေမလဲ"

www.burmeseclassic.com

www.burmeseclassic.com



"သွားစမ်းပါကွာ၊ အဲဒီရည်းစားထားဖို့ကို ကျွန်မမှ စိတ်မဝင်စားတာ၊ သိပ်ပျင်းစရာကောင်းတဲ့အလုပ်"

"ဘုရားရေ...မင်းကျမှ ရည်းစားထားတာ ပျင်းစရာကောင်းတယ်လို့ , စောရယ်၊ မင်းမှာ ရုပ်လေးလှသလောက် ဘာကြောင့် အသည်းမာနေရတာလဲ"

လွင်လွင်၏ စိတ်ပျက်စွာ ညည်းခြင်းကို သူမကတော့ မမှုသလို ခပ်အေးအေးပင်။

"ကျွန်မက အသည်းမာတာမဟုတ်ဘူး ရှင်၊ လောကမှာ တစ်ယောက်တည်း ရပ်တည်နေတဲ့ မိန်းမတွေ အများကြီးပဲ၊ ကျွန်မလဲ ကိုယ့်ခြေထောက်ပေါ်ကို ရပ်နိုင်တာပဲ၊ ဘာကြောင့် ယောကျ်ားတစ်ယောက်ကို အားကိုးရမှာလဲ"

"ဪ စောနဲ့တော့ ခက်နေပါပြီ၊ ယောကျ်ားယူတယ်ဆိုတာ အားကိုးဖို့ချည်း ဘယ်ဟုတ်မလဲကွ၊ ကိုယ့်အတွက် တိုင်ပင်ဖော် တိုင်ပင်ဖက်တစ်ယောက် ရတာယ်လို့ အနည်းဆုံး သဘောထားရ မှာပေါ့"

"ဟင်း...မလိုပါဘူးကွာ၊ အားလုံး ကိုယ့်ဘာသာ ဆုံးဖြတ်နိုင်တာပဲ၊ သူတို့ပါမှ ကိစ္စတွေ ပိုရှုပ်ကုန်မယ်"





"မင်းအယူအဆက မဟုတ်သေးပါဘူး စောရာ၊ ကဲကွာ လူ့သဘာဝအရ ကိုယ့်မျိုးဆက်မပြတ်အောင် ထိန်းသိမ်းရမယ် မဟုတ်လား၊ မင်းအမေရဲ့ ရည်ရွယ်ချက်က အဓိကက ဒါမဟုတ်လား"

ထိုစကားကြောင့် သူမ၏ ဖြူနုသောမျက်နှာလေး ရဲခနဲဖြစ်သွားသည်။

"ဟင်း ...ဒါကြောင့်လဲ ကျွန်မ စိတ်ညစ်ရတာပေါ့၊ အကယ်ဆို မေမေတို့မှာ ကျွန်မအပြင် တခြားသားသမီးတွေ အများကြီးမွေးရမှာ၊ ခုတော့"

"ခုတော့ လုပ်မနေနဲ့စော၊ အခု မင်း မေမေပေးထားတဲ့ အချိန်တစ်လအတွင်းမှာ ဘယ်လိုဆုံးဖြတ်ထားလဲ၊ မင်း စိတ်ကြိုက် တစ်ယောက်ယောက်ကို လက်ခံမလား၊ ဒါမှမဟုတ် မင်းအမေ ပေးစားတာကိုပဲ ယူမလား"

လွင်လွင်အမေးကြောင့် သူမ၏ လှပသောမျက်နှာလေးမှာ စိတ်ညစ်ညူးသွားရပါသည်။ လွင်လွင်မေးသော စကားနှစ်ခုစလုံး [illegible]အတွက် တစ်ခုမှမဖြစ်နိုင်။

ယောကျ်ားတစ်ယောက်ကို ချက်ချင်းရွေးချယ် လက်ထပ်ရအောင် သူမ စိတ်ဝင်စားနေသူ တစ်ယောက်မှမရှိ။ သည်လိုဆို



www.burmeseclassic.com

www.burmeseclassic.com



မေမေ တို့ စီစဉ်သူကို လက်ခံရအောင်ကလည်း တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသူကို ဘယ်လို လက်ခံရမလဲ။

"သိပ်စဉ်းစားမနေနဲ့နော် ဓာ၊ အချိန်က သိပ်ရှိတာမဟုတ်ဘူး၊ အမြန်ဆုံး တစ်ခုခုကို ရွေးချယ်မှ"

"ဟင်း ...ခက်တယ်ကွာ၊ ကျွန်မတော့ ဘာလုပ်ရမှန်း မသိဘူး"

"အဲ့ဒါတွေ ခက်တာပေါ့၊ ဒီမှာ မင်းကိုကြိုက်နေတဲ့ လူတွေထဲက တစ်ယောက်ယောက်ကို ရွေးလိုက်ပါလား၊ ဟိုလူ နေလကုမ္ပဏီက မန်းနေဂျင်းဒါရိုက်တာ ကိုသက်ဆွေဆိုရင် မကောင်းဘူးလား"

"အိုရှင် ...လေးလုံးမျက်မှန်တပ်နဲ့ ပိုးဟပ်ဖြူလိုလူကိုများ ကျွန်မ လုံးဝစိတ်မဝင်စားဘူး"

"ဒါဆို ဟိုသင်္ဘောကပ္ပတိန် ကိုအောင်လတ်ကိုရော"

"ဟင်း ...လူက ထိပ်ပြောင်နဲ့၊ အသက်ကြီးလှပြီ"

"ဪ ဒါဆို အင်ဂျင်နီယာ ကိုထွန်းခိုင်ကိုရော"

"ဟင်း ...ဒီလူက ရုပ်တော့ချောပါရဲ့၊ မိန်းမပွေမယ့်ပုံစံနဲ့"

"အေး ဒါဆို မင်း မေမေပေးစားတာသာ ယူလိုက်တော့"





သူမ စိတ်မဝင်စားတိုင်း လျှောက်ချေးများနေသော သူမကို လွင်လွင် မျက်စောင်းပြင်းပြင်း တစ်ချက်ထိုး၏။

"မေမေပေးစားတာလဲ မယူဘူးကွာ၊ ကျွန်မတော့ တစ်နေရာရာ ခရီးထွက်သွားရင် ကောင်းမလားပဲ"

"ဪ ဒီနည်းနဲ့ ရှောင်ပြေးလို့ မင်း လွတ်မယ်ထင်သလား ဓာ၊ ကလေးလဲ မဟုတ်ဘဲနဲ့ တွေ့ကရာ စိတ်မကူးစမ်းပါနဲ့ကွာ"

လွင်လွင်ပြောတာ မှန်နေသည်မို့ သူမ နှုတ်ခမ်းလေးပီကိုက်ကာ ဘာလုပ်ရကောင်းမလဲဟု အကြံထုတ်မိ၏။

သူမအနေဖြင့် ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖြစ်ခဲ့လျှင် အဲ့ဒါဟာ တခြားဘာကြောင့်မှမဟုတ်ဘဲ အချစ်ကြောင့်သာ ဖြစ်ရမည်။ ဒါပေမယ့် သူမ ချစ်မိသွားမည့် ယောကျ်ားဆိုတာက လည်း တွေ့ဖို့ရန်မလွယ်၊ အတော်ခက်ခဲလိမ့်မည်ဆိုတာ သိ၏။

"တကယ်တော့ မင်းက အစစအရာရာ ပြည့်စုံနေတဲ့ သူဆိုတော့ ယောကျ်ားတစ်ယောက်ကို ရွေးချယ်လက်ခံဖို့ ဝန်လေးနေတာ မဆန်းကြယ်ပါဘူး"

လွင်လွင်၏ မှတ်ချက်သည် သူမအတွက် မှန်ကောင်းမှန်နေလိမ့်မည်။ လောကမှာ ထူးချွန်ထက်မြက်တဲ့ မိန်းမတွေဟာ



www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့် ယောကျ်ားတစ်ယောက်ကို လက်ထပ်ဖို့အတွက် အတော် ဝန်လေးမည်ထင်သည်။

"ဘာပဲဖြစ်ဖြစ်လေ ကျွန်မကတော့ ယောကျ်ားတစ်ယောက် ကို လက်ထပ်ဖို့ စဉ်းစားမယ်ဆိုရင် တစ်စုံတစ်ခုကြောင့်ပဲ ဆုံးဖြတ်မယ် လွင်"

"အဲ့ဒီတစ်စုံတစ်ခုဆိုတာက ..."

"အချစ် ... အချစ်လေ၊ ကျွန်မဟာ ယောကျ်ားတစ်ယောက် ကို အချစ်ကြောင့်ပဲ လက်ထပ်မယ်"

လွင်လွင်က သူမကို ခပ်စူးစူးကြည့်၏။

"ကောင်းပါတယ် စော၊ မင်း လက်ထပ်မယ့်လူဟာ မင်း ချစ်တဲ့လူ ဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်"

"ကျေးဇူးတင်ပါတယ် လွင်လွင်၊ ဒါပေမယ့် အဲ့ဒီလူဟာ ဒီကမ္ဘာရဲ့ ဘယ်နေရာရောက်နေမှန်း မသိတာ၊ ကျွန်မအတွက် ခက်တယ်"

"သြော် စောရယ်၊ ဖူးစာမှန်လို့ရှိရင် အဲ့ဒီလူဟာ ဘယ်နေရာ ပဲရောက်ပါစေ မင်းဆီ တစ်နေ့ရောက်လာမှာ မလွဲပါဘူး"

"ကောင်းပါပြီ၊ အဲ့ဒီနေ့ကို ကျွန်မစောင့်နေမယ် လွင်လွင်"





သို့သော် ထိုနေ့သည် သူမအတွက် မမျှော်မှန်းနိုင်သော အနာဂတ်တစ်ခုသာ ဖြစ်၏။ လောကကြီးမှာ သူမချစ်ရမယ့် ယောကျ်ားဆိုတာ အင်မတန် ရှားပါးသည်မဟုတ်လား။

* * *



www.burmeseclassic.com

www.burmeseclassic.com



"မင်းရဲ့အိမ်" ဆိုသော နာမည်ကိုကြားပါစမှာ သူမ အတွက် သာမန်မျှသာ နသောာထားခဲ့၏။ သူမအတွက် ဘယ်လို ယောက်ျားမျိုးကမှ အေးစက်နေသော သူမ၏ နှလုံးသားကို လှုပ်ရှားဆွဲခေါ်နိုင်မည် မထင်ခဲ့။

"မေမေ အချိန်ပေးထားတာ တစ်လပြည့်ပြီနော် စောမင်းခင်၊ သမီးစိတ်ကြိုက် ရှာမတွေ့ရင် မေမေသဘောတူတာကို လက်ခံတော့"

မေမေသည် သတ်မှတ်ထားသော ရက်ချိန်းပြည့်တာနှ သူမကို သတိပေးလာ၏။ သူမမှာ မပြုံးနိုင်ဘဲ

"မေမေပေးတဲ့ အချိန်တစ်လဆိုတာ ကျွန်မအတွက် အချိန် သိပ်မနည်းလွန်းဘူးလားဟင်"

"ဘာလဲ ညည်းက အချိန်ဆွဲချင်သေးလို့လား၊ မရဘူ စောမင်း ခင်၊ တကယ်ဆို ညည်းကို မေမေ အချိန်ပေးတာ တစ်လမက ကြာခဲ့ပါတယ်"





"ဟင်...ဘယ်တုန်းကလဲ"

မေမေက စီးကရက်ကို ဟန်ပါပါခဲကာ ပြုံးသည်။

မေမေသည် သူမမိခင်ပီသစွာ ထက်မြက်သူတစ်ဦးဖြစ်၏။ မေမေမရှိတော့သည့်နောက်ပိုင်း မေမေ့ စီးပွားရေးကို ဦးဆောင်ထာ သူမကို ပြုစုစောင့်ရှောက်ခဲ့ခြင်း ဖြစ်သည်။

"စောမင်းခင်...စောမင်းခင်၊ ညည်းဟာ လည်မလို့နဲ့ အတော် အ,ပါလားဟင်"

မေမေ့စကားကြောင့် သူမမှာ တကယ့်သိုလ်မှာ ရည်းစားမထား ဖြစ်မိသည့်အတွက် နောင်တရချင်သွား၏။ မေမေသည် တခြားသမီး မိန်းကလေးမိခင်တွေလို "သမီးကို ရည်းစားမထားနဲ့" ဟု ဘယ်တုန်းကမှ မမှာခဲ့။

"လုပ်မနေစမ်းပါနဲ့အေ၊ ညည်းအကြောင်း မသိဘူးများ မှတ်နေလား၊ ငါက ရည်းစားထားပါဆိုတောင် ညည်းဆိုတဲ့ မိန်းမက စိတ်ကြိုက်တွေ့မှ ထားမယ့်လူမျိုးပါ၊ အခု ညည်း ရည်းစားမရခဲ့တာ စိတ်ကြိုက်မတွေ့လို့ မဟုတ်လား"

မေမေ့ထင်ကြေး ကွက်တိမှန်လွန်းတာမို့ သူမ ပြုံးမိမ့ ဖြစ်သွားရ၏။ တကယ်လည်း သူမသာ စိတ်ကြိုက်ရှာတွေ့ခဲ့လျှင် သည်အချိန် မေမေက လက်ထပ်ဖို့ ပြောစရာမလိုတော့။



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကို ကျွန်မ နားအေးပါးအေး နေချင်လို့ဆိုတ
မေမေ သိသင့်ပါတယ်"

"အဓိပ္ပာယ်မရှိတဲ့ အကြောင်းပြချက်တွေကို မေ
လက်မခံဘူးဆိုတာ သမီး သိတယ်နော်၊ မေမေရဲ့ တစ်ဦးတည်
သောမျိုးဆက်ဟာ သမီးပဲ၊ ဒီတော့ မေမေတို့ မျိုးဆ
မပြတ်အောင် သမီးမှာ တာဝန်ရှိတယ်"

ခက်ပါလားနော်ဟု သူမ ကြိတ်မှိတ်ကာ ညည်းညူ
တော့၏။ မေမေတို့မှာ သူမ တစ်ယောက်တည်း မွေးထားတ
သူမကို အားကျကြသည်။

"စောမင်းခင်က သိပ်ကဲကောင်းတာပဲ၊ ရုပ်လေး
သလောက် မိဘတွေကလဲ ချမ်းသာ၊ တစ်ဦးတည်းသော သ
ကလဲဖြစ်တော့ အားလုံး ပြည့်စုံနေတာ၊ ဘာမှ ပြောစရာမရှိဘူ

ဟင်း ...တကယ်ဆို သူ့ကို မသိလို့ သူမဘဝကို အား
တာ။ ခုလို မေမေ ဖွတ်အတင်း အိမ်ထောင်ချပေးမှာမျိုးကျတေ
သူမ စိတ်မပါဘဲ ဘယ်လို လက်ခံမလဲ။ ဒါပေမယ့် တစ်ချက်လွှ
မေမေ့အမိန့်ကို ငြင်းဆန်၍ မရ။

"မေမေနဲ့တော့ ခက်တာပဲ၊ နေပါဦး၊ မေမေက ကျွန်မ
ဘယ်သူနဲ့ သဘောတူနေတာလဲ"





"ဒေါက်တာ မင်းရဲအိမ်"

"ရှင်"

"ဟုတ်တယ်၊ သူက မေမေ့မိတ်ဆွေရဲ့သား၊ နိုင်ငံခြားက ပြန်လာတာ မကြာသေးဘူး၊ သူတို့ဘက်က သမီးနဲ့ ကမ်းလှမ်းလာတာ မကြာသေးဘူး"

"ဟင်း ...ဆရာဝန်ဆိုတော့ စိတ်ပျက်စရာကြီး၊ နေ့တိုင်း ဆေးနံ့တွေနဲ့၊ ပြီးတော့ သူ့လက်က လူနာတွေကို အမြဲထိတွေ့နေရတာမဟုတ်လား"

လူကိုမမြင်ဖူးခင် ကိုယ်မယူချင်သော ယောကျ်ားမို့ ကျကျနန ဝေဖန်ရှုတ်ချလိုက်၏။ သူမ ဝေဖန်ချင်လောက်အောင် မေမေက ဂရုမစိုက်ပါ။

"ဘာပဲဖြစ်ဖြစ် ညည်း သူ့ကို လက်ထပ်ရမယ်၊ မေမေ သူ့တို့ကမ်းလှမ်းတာကို လက်ခံလိုက်ပြီ"

"အို ...တကယ်ဆို မေမေ ကျွန်မကို တိုင်ပင်သင့်တာပေါ့"

"ဘာတိုင်ပင်စရာလိုလဲ၊ ညည်းကို အချိန်တစ်လပေးခဲ့တာ အလကားမဟုတ်ဘူး၊ မနက်ဖြန် သူတို့လာလိမ့်မယ်၊ ကောင်းကောင်း လက်ခံတွေ့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"မနက်ဖြန်၊ မြန်လှချည်လား၊ နေပါဦး မေမေ၊ တကယ်လို့ အဲ့ဒီလူကို ကျွမ်မ သဘောမကျရင်ကော"

"ဒီမှာ စောမင်းခင်၊ ဒီပွဲမှာ ညည်းဆန္ဒကို တောင်းခံနေတာ မဟုတ်ဘူး၊ ငါ စီစဥ်တာကိုပဲ ညည်းလိုက်နာရမယ်၊ ကဲ ဒါပဲ၊ ငါ ဘုရားခန်းဝင်တော့မယ်"

မေမေထွက်သွားပေမယ့် သူမ နေရာမှာ မလှုပ်မယှက် ရပ်ကျန်ခဲ့သည်။ သည်ကိစ္စမှာ သူမ ဘာမှငြင်းဆန် ကန့်ကွက်ပိုင်ခွင့် မရှိ။ စိတ်ညစ်ရပါလားနော်။

ကျွတ် …အဲ့ဒီ ဒေါက်တာမင်းရဲအိမ်ဆိုတဲ့လူက ဘယ်အချိန် တုန်းက ပေါ်ပေါက်လာပါလိမ့်။

ဒေါက်တာဘွဲ့တစ်ခုပိုင်ဆိုင်ထားမှတော့ ချစ်သူရည်းစား ကော မရှိနိုင်ဘူးလား။ မနက်ဖြန် သည်ကိုမလာခင် သူ သူ့ချစ်သူကို ခိုးပြေးသွားပါစေ။ ဒါမှ မေမေ့အစီအစဥ် ပျက်မှာ။

သူမ၏ ထိုဆုတောင်းကို မေမေသာသိလျှင် ဘယ်လောက် ရိုက်လိုက်ချင်မလဲ။ ဒါပေမယ့် သူမကတော့ ထိုဆန္ဒကို ပြည့်စေချင် ပါ၏။

ထိုညက သူမ အိပ်မပျော်။ သူမ ခင်ပွန်းလောင်းဖြစ်လာမည့် မင်းရဲအိမ်ဆိုသောလူကို ကျိတ်တာမုန်းနေမိ၏။





"အလကား၊ မိန်းမတစ်ယောက်အတွက် ယောကျ်ားတစ် ယောက်ကို လက်ထပ်လိုက်ခြင်းဟာ အဲ့ဒီယောကျ်ားဘဝမှာ ဒီ မိန်းမရဲ့ တစ်ဘဝလုံး မြှုပ်နှံလိုက်ရတာပါပဲ၊ ဟင့်အင်း ကတော့ ဒါမျိုး အဖြစ်မခံနိုင်။ မေမေ့စီစဥ်မှုဖြင့် ယောကျ်ား ယောက်ကို လက်ထပ်စေချင်ကာမူ သူမဘဝကိုတော့ ြောင်းလဲပစ်လိုက်မည် မဟုတ်။

စောမင်းခင်ရဲ့ဘဝကို ဘယ်သူမှ ဦးဆောင်စရာမလို။ မင်းခင်ဘာသာ ဦးဆောင်မည်ဖြစ်၏။ ဒါဟာ ထက်မြက်သော မ တစ်ယောက်ရဲ့ မာနပဲ။

သူမ အိမ်မပျော်တာနှင့် လွင်လွင့်ထံ ဖုန်းဆက်လိုက်၏။

"လွင်လွင်လား"

"အင်း စောလား"

လွင်လွင့်ပုံစံက အိပ်ချင်မူးတူးဟန်။ သည်အချိန် နောင့်ယှက် ဖြစ်သွားပေမယ့် သူမအတွက် ရင်ဖွင့်တိုင်ပင်စရာ လွင်သာရှိ၏။

"ဟုတ်တယ် လွင်လွင်၊ ကျွန်မကြောင့် လွင်လွင် အိပ်ရေး သွားရင် ဆောရီးနော်"



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ စော ကိစ္စရှိလို့ တို့ဆီဖုန်းဆက်တာ မဟုတ်လား"

သည်လောက် လွှင်လွှင်ပါးနပ်တာကြောင့် သူမ လွှင်လွှင့်ကို ခင်တွယ်ခြင်းဖြစ်သည်။

"ဟုတ်တယ် လွှင်လွှင်၊ ကျွန်မ အကြောင်းထူးရှိလို့"

"ထင်သားပဲ၊ ကဲ ပြောစမ်း၊ ဘယ်လိုအကြောင်းထူးမျိုးလဲ စော"

သူမ တစ်ခဏတိတ်သွားပြီးမှ သက်ပြင်းတစ်ချက်ချ၏။

"ဟင်း ...အကြောင်းထူးက တခြားမဟုတ်ပါဘူး၊ ကျွန်မ လက်ထပ်ရတော့မယ်"

"ဟင် ..."

လွှင်လွှင် အံ့သြသွားပုံရလျက် သူမကို မယုံဟန်ဖြင့် မေးသည်။

"ဒါ တို့ကို နောက်နေတာ မဟုတ်ပါဘူးနော်"

"ခြော် လွှင်လွှင်ကလဲ ဒါ နောက်စရာလား၊ ဒီနေ့ပဲ မေမေပြောတာ၊ ကျွန်မ စိတ်ကြိုက်ရှာမတွေ့လို့ မေမေက သူ ပေးစားတာ ယူရမယ်တဲ့"





"အင်း ဒါလဲဟုတ်တာပဲ၊ နေပါဦး၊ ဒါနဲ့ – အန်တီက ...င်းကို ဘယ်သူနဲ့ သဘောတူတာလဲ"

"ဒေါက်တာ မင်းရဲအိမ်"

"ဘာ ...ဘယ်သူ"

မင်းရဲအိမ်ဆိုသော နာမည်သည် လွှင်လွှင့်အတွက် ...န်းကြယ်ပုံ။

"ခြော် ဒေါက်တာမင်းရဲအိမ်ပါဆိုကွယ်"

"ဟာ ...နာမည်က လှလှချည်လား၊ လူကလဲ ဒေါက်တာ၊ ...ကလဲ ချောမှာပဲ၊ မင်းနဲ့တွေ့ပြီးပြီလား စော"

"ဟင့်အင်း၊ မတွေ့ရသေးပါဘူး၊ မနက်ဖြန်တော့ တွေ့ရ...ယ်"

"ဓာတ်ပုံရော တွေ့ဖူးလား"

"ဟင့်အင်း၊ ဒီအစီစဉ်ကို ဒီနေ့မှ မေမေပြောတာကွ"

"ကျွန်မကတော့ သူ ဘာဖြစ်ဖြစ် စိတ်မဝင်စားဘူး၊ ...ွှင်လွှင်"

သူမ၏ စိတ်ပျက်ဟန်အပြောကို လွှင်လွှင် နားချသည်။

"အပြောမစောပါနဲ့ စောရယ်၊ မနက်ဖြန်တွေ့မယ့် ဒေါက်တာမင်းရဲအိမ်ဟာ မင်းအတွက် စိတ်ဝင်စားစရာ ကောင်းနေ ...တဲ့လူမျိုးဖြစ်ရင် ဘယ်နှယ့်လုပ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်၊ ကျွန်မအတွက်ကတော့ ဘယ်လိုယောကျ်ားမျိုးကိုမှ စိတ်ဝင်စားစေမှာ မဟုတ်ဘူး"

"ဒါပေမယ့် အဲ့ဒီ ဒေါက်တာမင်းရဲအိမ်ကို မင်း လက်ထပ်ရမှာပဲ မဟုတ်လား"

သူမ သက်မတစ်ချက်ရှိုက်ကာ ဝန်ခံလိုက်၏။

"မေမေ့အမိန့်ကို ကျွန်မ ငြင်းဆန်လို့ မရဘူးဆိုတာ လွှင်လွှင် သိပါတယ်"

"ကဲ ဒါဆို ဘာမှ တွေးမနေနဲ့၊ ဒေါက်တာမင်းရဲအိမ်ဟာ မင်းအတွက် ကံကောင်းမယ့်လူ ဖြစ်မယ်လို့ ကျုံယုံကြည်ပါတယ်၊ ဒီအတွက် စိတ်အေးချမ်းသာ မင်းအိပ်ပါ တော၊ ကဲ ဂွတ်နိုက်"

လွှင်လွှင်ဖုန်းချသွားသည့်တိုင် သူမ ရုတ်တရက်ချက်ချင်း အိပ်မပျော်နိုင်။ လွှင်လွှင်ပြောသလို ဒေါက်တာမင်းရဲအိမ်က သူမ အတွက် တကယ်ပဲ ကံကောင်းမယ့်လူ ဖြစ်စေမှာလား။ အနာဂတ်အတွက် သူမ ဘာမှ ကြိုတင်မမြင်နိုင်ပါ။

* * *





အမြဲတမ်း ရှင်းလင်းလှပ သေသပ်နေသော သူမတို့ ...ိုက်ကြီးမှာ သည်နေ့တစ်မနက်လုံး မေမေ၏ အစီအစဉ်ဖြင့် ...မ်းမံပြင်ဆင်နေမှုကြောင့် ပို၍ ထူးခြားလှပတင့်တယ်နေ ...ါသည်။

သည်ပြင်ဆင်မှုတွေဟာ ဒေါက်တာမင်းရဲအိမ်ဆိုတဲ့လူကို ...ကြိုဆိုမှုတွေမဟုတ်လား။

"တကယ်တော့ မင်းရဲအိမ်မိခင်က သမီးကို ကမ်းလှမ်းတာ၊ ...မီးအတွက် ကံကောင်းတာပဲကွယ်"

"မင်းရဲအိမ်လို လူမျိုးကို သမက်တော်ချင်သူတွေက ...ဝိုင်းလည်နေသလို၊ ခင်ပွန်းတော်ချင်သူ မိန်းကလေးတွေ ...လဲ မနည်းဘူး"

"ဒါပေမယ့် မေမေ့သမီး တန်ဖိုးကလဲ မနည်းဘူးလေ၊ ...ကယ်တော့ သမီးနဲ့ မင်းရဲအိမ်က ဂုဏ်ရည်တူ လိုက်ဖက်တဲ့ ...ယောက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူမအတွက်တော့ မင်းရဲ့အိမ်၏ ဂုဏ်ရည်များကို ပန်းတစ်ပွင့်လောက် စိတ်မဝင်စားပါ။

သွားစမ်းပါ။ သူ့ရဲ့အရည်အချင်းတွေကို သူမ ဘာလုပ်ရမလဲ။ စောမင်းခင်ဆိုတာ ကိုယ်တိုင် ပြည့်စုံထက်မြက်သူမို့ ယောကျ်ားတစ်ယောက်ရဲ့ တော်ရုံအရည်အချင်းမျိုးလောက်တော့ ရယ်မောစရာဟု ထင်ခဲ့သည်။

"ဒါဆို ကျွန်မအတွက် အဲဒီလူကို မေမေမရွေးသင့်ဘူး၊ ဘာကြောင့်လဲဆိုတော့ သူ့ဂုဏ်အရည်အချင်းကို မက်မောတဲ့ မိန်းကလေးမျိုးထဲ ကျွန်မ မပါဝင်ချင်ဘူးဆိုတာ မေမေ သိသင့်တယ်"

"ဩော်ကွယ် မေမေသိတာပေါ့၊ ဒါကြောင့် မင်းရဲ့အိမ် မှီခင်ကလဲ သူ့သားကို သာမန်မိန်းကလေးမျိုးတွေနဲ့ သဘောမတူဘဲ မေမေ့သမီးလိုပဲ ထက်မြက်တဲ့ မိန်းကလေးမျိုးနဲ့ ကမ်းလှမ်းတာပေါ့ကွယ်"

သူမကတော့ မင်းရဲ့အိမ်၏ အရည်အချင်းများကြောင့် အတော်အတန် စိတ်ပျက်သွားရပါသည်။

မေမေ့ပြောစကားအရ ဒေါက်တာမင်းရဲအိမ်ဆိုတဲ့လူဟာ သူ့မှာရှိတဲ့ဂုဏ်အရည်အချင်းတွေနဲ့ မော်က်မာဝင့်ထည်နေမည်





ဆိုရင် ဘယ်လိုလုပ်မလဲ။ သူမသည် ယောကျ်ားတစ်ယောက်ကို သိုအပ်တာထက် အလျှော့ပေးကာ ဆက်ဆံမည့် ခပ်ညံ့ညံ့မိန်းမမျိုး မဟုတ်တာ သေချာသည်။

"ကျွန်မတော့ ဖြစ်နိုင်ရင် ဒီအစီအစဉ်ကို ဖျက်ချင်တာပဲ"

မေမေသည် သူမမျက်နှာကို ဆတ်ခနဲ တင်းမာစွာ လှမ်းကြည့်၏။ မေမေ၏ တောက်ပသော မျက်လုံးများသည် အသက်ကြီးလာသည့်တိုင် အရောင်မပြောင်းလဲပါ။

"စောမင်းခင်၊ အဲ့ဒီစကားကို ညည်း နောက်ဆုံးပြောတာ ဖြစ်ပါစေ"

သူမ သက်ပြင်းချကာ မေမေ့နားမှ ထွက်ခဲ့၏။ ဒါကိုပဲ အမေသည် အရေးတစ်ချက်မစိုက်။ တစ်အိမ်လုံးကို တောက် ပြောင်သည်ထက် တောက်ပြောင်အောင် စိတ်ကြိုက်ပြင်ဆင် နေ၏။

သည်နေ့ ကုမ္ပဏီသို့ သူမ မသွားရပါ။ မင်းရဲအိမ်ကို တောင့်ရမှာမို့ ကုမ္ပဏီကိစ္စကို လွင်လွင့်အား လွှဲထားရ၏။ လွင်လွင်ကတော့ အင်မတန် စိတ်ချယုံကြည်ရသူဖြစ်သည်။

"ဖြစ်နိုင်ရင် ဒီနေ့ မင်းအနားမှာ တို့ရှိချင်တာ အား ခါပေမယ့် မင်းကိုယ်စား ကုမ္ပဏီမှာ တို့ရှိရမယ်ဆိုတာ နားလည် တယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်သာချနေပါ စော၊ မင်းရဲ့မင်္ဂလာကိစ္စ အောင်မြင်ပါစေလို့ တို့ ဆုတောင်းပါတယ်"

သူမကတော့ မင်္ဂလာဆောင်ကိစ္စကို မအောင်မြင်စေချင်ပါ။ ကံကောင်းလို့ မင်းရဲအိမ်တစ်ယောက် အကြောင်းတစ်မျိုးမျိုးဖြင့် သူမထံ ရောက်မလာပါစေနှင့်။

သို့သော် သူမဆန္ဒ မပြည့်ဝခဲ့ပါ။ ညနေလေးနာရီတွင် သူမတို့ခြံထဲသို့ အဖြူရောင် လင်ခရုဇာကားကြီးတစ်စီး တည့်မတ်စွာ ဝင်လာ၏။ ကားမှန်မည်းများ တပ်ဆင်ထားတာမို့ မောင်းလာသူကို မမြင်ရပါ။

ထိုကား ဆင်ဝင်အောက် ဝင်သွားတာကို ပြတင်းပေါက်မှ တစ်ဆင့် သူမ မြင်လိုက်ရ၏။

ဟင်း ...သူရောက်လာပြီပေါ့။

သူမ သက်ပြင်းတစ်ချက်ချကာ ပြတင်းပေါက်မှ ခွာလိုက်စဉ် အပြင်ဘက် တံခါးခေါက်သံဖွဖွကို ကြားရ၏။

"ဘယ်သူလဲ ဝင်ခဲ့ပါ"

သူမစကားမဆုံး အခန်းတံခါးသည် ဖြည်းညင်းစွာ ပွင့်လာလျက် အိမ်မှုနိုင်းသည့် ကောင်မလေးကို တွေ့ရ၏။





"မမလေး၊ မေမေကြီးက အောက်မှာ ဧည့်သည်တွေ ရောက်ပါပြီလို့ ပြောခိုင်းလိုက်ပါတယ်"

"အေး ငါ အခုလာခဲ့မယ်လို့ ပြောလိုက်"

"ဟုတ်ကဲ့ ရှင့်"

ကောင်မလေးထွက်သွားတာနှင့် သူမကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင်ထိုင်လိုက်၏။

ပိုးသားအိအိ အဖြူပေါ်တွင် မှန်စာခပ်ပါးပါးမှာ အပွင့်ခက်လေးများပါသော ဝမ်းဆက်ဖြင့် သူမက မှန်ထဲမှာ အလှကြီးလှနေ၏။ ဆံပင်ရှည်များကို ခေတ်မီစွာ ထုံးဖွဲ့လျက် အဖြူရောင်သစ်ခွပွင့်ကို ခပ်ယဉ်ယဉ်ပန်ထားတာမို့ သူမပုံစံက မြင်လိုက်တာနှင့် ဒါ စောမင်းခင်ဟု မပြောလည်း သိနိုင်သည့်ပုံစံ။

"မေမေ့သမီးဟာ စီးပွားရေးလောကမှာ အောင်မြင်နေတဲ့ အမျိုးသမီးတစ်ယောက်မို့ ဘယ်လိုလူမျိုးကို ဘယ်လိုဆက်ဆံရမယ်ဆိုတာ မေမေ ယုံကြည်တယ်"

ထိုစကားတစ်ခွန်းက သူမ၏ အရွဲ့တိုက်ချင်သောစိတ်များကို တည့်မတ်ထိန်းသိမ်းသွားစေချက်။ စောမင်းခင်ဆိုသော ကော်သရေရှိ မိန်းမသားအဖြစ် မေမေ ရပ်တည်လိုက်ရခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့အိမ်ဟာ ဘယ်လိုလူမျိုးပဲဖြစ်ပါစေ သူမဘက်ကတော့ တစ်စက်လေးမှ ကိုယ့်မာနနဲ့ ဂုဏ်သိက္ခာကို အလျှော့ပေါ့မခံနိုင် တာကြောင့် ဣန္ဒြေရှိ လုပတင့်တယ်စွာ ဝတ်ဆင်လိုက်ခြင်းပါ

အဖြူရောင်ဝမ်းဆက်မှာ စိန်နားကပ်၊ စိန်လက်စွပ် စိန်လည်ဆွဲ၊ စိန်လော့ကက်တို့ဖြင့် စောမင်းခင်၏ အလှက ပို ဝင့်ကြွားတောက်ပကာ ဘယ်လောက်ပဲ ဂုဏ်မောက်ကျော်ကြား နေသည့် ယောက်ျားဖြစ်ပါစေ သူမအလှရှေ့တွင် ဝပ်သွားစေ မည်။ ဒါဟာ သူမ မာနပဲ။

သူမသည် မှန်ရှေ့တွင် နာရီဝက်လောက် အချိန်ကြာကြ ဖြုန်းတီးပြီးမှ အခန်းထဲမှ ညင်သာစွာ ခြေလှမ်းများဖြင့် ထွက်ခဲ့

"ဟော...သမီးလာပြီ"

ပထမဆုံး မေမေ့အသံကို သူမ ကြားလိုက်ရသည်။ သူ သည် အောက်ထပ်ဧည့်ခန်းကျယ်ကြီးတွင်ရှိနေသော မည်သူတစ် တစ်ယောက်ကိုမှ တစ်ချက်မကြည့်ဘဲ ခပ်မှန်မှန် ခြေလှမ်းများ တည်ငြိမ်စွာ လျှောက်လှမ်းခဲ့သည်။

"ကြည့်စမ်း၊ မမသမီးလေးဟာ ဒွေး ထင်ထားတာထ ပိုလှနေပါလား"





သူမဧည့်ခန်းထဲရောက်တာနှင့် မေမေ့ဘေးတွင် ကပ်ထိုင် လျက်ရှိသော စိန်နားကပ်တဖျပ်ဖျပ် ယှက်နေသည့် ချောမော ခန့်ညားသော အမျိုးသမီးကြီးတစ်ဦးက သူမကို ပြုံးရွှင်လှိုက်လှဲစွာ ဆီးကြို၏။

သည်စဉ်မှာပင် သူမ၏ မျက်လုံးများက တစ်စုံတစ်ယောက် ဆီသို့ အလိုလို ရောက်သွား၏။

"အို ..."

သူမရင်ထဲ ငလျင်အသေးစားလေး လှုပ်ရှားသွားသလိုပါပဲ လား။ ကြည့်စမ်းပါဦး သူမရှေ့တွင် ထိုင်နေသော တည်ငြိမ် တောက်ပသည့် ယောက်ျားပီသစွာ တည်ကြည်ချောမော လှလွန်း နေသော ဒေါက်တာမင်းရဲအိမ်။

အစက သည်လူကို သည်လောက် ချောမောခန့်ညားသော ယောက်ျားတစ်ယောက် ဖြစ်လိမ့်မည်ဟု မထင်ခဲ့။ သူမသည် လှုပ်ရှားသွားသောစိတ်ကို ထိန်းချုပ်ကာ သူနှင့် မျက်နှာချင်း ဆိုင်တွင် ဣန္ဒြေရစွာ ဝင်ထိုင်လိုက်စဉ်

"သား ဒါ စောမင်းခင်လေ"

သူ၏ မေမေက သူမကို မိတ်ဆက်ပေးလေသည်။ သူက ရယ်မပြုံး နှုတ်ခမ်းများဖြင့်



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မင်းရဲ့အိမ်ဆိုတာ ပြောစရာမလိုတော့ပါဘူးနော်၊ မစောမင်းခင်"

သူမ မျက်လွှာ ဖျတ်ခနဲ ပင့်ကာကြည့်လိုက်သည်။ ကြည့်စမ်း ဒါ ဘာအဓိပ္ပာယ်လဲ။ သူမကပဲ သူ့ကို ကြိုတင်သိနေရမည့် သဘောလား။ သူမဘဝမှာ ဘယ်ယောက်ျားတစ်ယောက်ကမှ သည်လိုမျိုး မဆက်ဆံခဲ့။

စောစောက သူနှင့်ပတ်သက်ကာ လှုပ်ရှားနေချင်သော သူမ၏စိတ်များ အလိုလို ပျောက်ကွယ်သွားလျက် သူမ၏ ပင်ကိုယ် မာနလေး လှစ်ခနဲ ပေါ်ထွက်လာသည်။

"ဆောရီးပဲ ဦးမင်းရဲ့အိမ်၊ ကျွန်မအတွက် မင်းရဲ့အိမ်ဆိုတဲ့ နာမည်ကို ဒါ ပထမဆုံးအကြိမ် ကြားဖူးတာပါ"

သူ လှစ်ခနဲပြုံးလျက် ခေါင်းညိတ်လိုက်၏။

"ဟုတ်မှာပါ၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့နှစ်ယောက်က ဒါ ပထမဆုံးအကြိမ် ဆုံဖူးကြတာ မဟုတ်လား"

သူမတို့နှစ်ယောက်သည် မာနကိုယ်စီ ရှိကြသူများအဖြစ် တစ်ခဏအတွင်း သိနားလည်လိုက်၏။ မိခင်နှစ်ဦး အဖြစ်အပျက်ကို နားလည်ကာ ...





"အို ... သားနဲ့သမီးကလဲ ဘယ့်နှယ် သူစိမ်းဆန်ဆန် ဦးတွေ မတွေ တပ်ခေါ်နေရတာလဲ၊ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး ဆက်ဆံစမ်းပါကွယ်"

"ဟုတ်တယ် သမီး၊ ကဲ သားကို ခြံထဲလိုက်ပြပါကွယ်၊ ပြီးမှ မိသားစု ထမင်းစားကြတာပေါ့"

မေမေ့စကားကို မပယ်ရှားနိုင်သော သူမက နေရာမှ ထရပ်လိုက်၏။

"ခေါက်တာ ကြွပါ"

ထို့နောက် သူမ ရှေ့မှထွက်ခဲ့လိုက်၏။ မေမေသည် စီးပွားရေးမလုပ်တော့သည့်နောက် ကျယ်ဝန်းလှသော ခြံကြီးထဲမှာ စိတ်တိုင်းကျ သီးပင်စားပင်များနှင့် ပန်းပင်ပေါင်းစုံကို စနစ်တကျ စိုက်ပျိုးထား၏။ ထို့ကြောင့် မေမေက မည်သည့်ဧည့်သည်ရှာလာ သူ၏ လှပသောပန်းခြံသို့ ဂုဏ်ယူစွာ ခေါ်ပြတတ်တာ အကျင့်ဖြစ်နေပြီ။

သူက သူမနှင့် ဘေးယှဉ်ရပ်လာစဉ် သူ၏ မြင့်မားသော အရပ်ကို သတိပြုမိလိုက်သည်။ သူမတို့နှစ်ယောက် ခြံထဲသို့ ဖြည်းညင်းစွာ လျှောက်ခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"စောမင်းခင်တို့ ပန်းခြံက အတော်ကျယ်ပြီး ပန်းပင်တွေ တလဲ့ တောက်တောက်စုံတာပဲနော်"

ပထမဆုံး သူက စကားပြောသည်။ သူမ ပြုံးလျက် ခေါင်းညိတ်ရင်း ...

"ဟုတ်ကဲ့၊ ဒါတွေအားလုံး မေမေ့လက်ရာတွေချည်းပါပဲ"

"ဟင် ... စောမင်းခင်စိုက်တဲ့ ပန်းပင်ရော မပါဘူးလား"

သူမက သူ့ကို ခပ်စောင်းစောင်း ငဲ့ကြည့်သည်။

"ကျွန်မအတွက် ပန်းပင်တွေစိုက်ဖို့ အချိန်မရှိပါဘူး ဒေါက်တာ၊ တကယ်ဆို မေမေက တမင် အပင်ပန်းခံလို့ပါ၊ ဒါတွေဟာ မာလီအလုပ်ပဲ မဟုတ်လား"

သူမ၏ အယူအဆကို သူ ကြိုက်နှစ်သက်တန်မပြ။ ခေါင်းတစ်ချက်ခါယမ်းကာ ...

"ကျွန်တော်ကတော့ သစ်ပင်စိုက်တယ်ဆိုတာ လူတွေရဲ့ စိတ် အပန်းဖြေနည်း တစ်မျိုးပဲလို့ ယူဆတယ်၊

မာလီစိုက်လို့ ပွင့်လာတဲ့အပင်ထက် ကိုယ်တိုင်စိုက်လို့ ပွင့်လာတဲ့ပန်းဟာ တန်ဖိုးခြင်း မတူနိုင်ဘူးလေ"





"အဟင်း ... ဟင်း၊ ဒေါက်တာကို ကျွန်မက လတ်တွေ့သမားတစ်ယောက်လို့ ထင်နေတာ၊ လတ်စသတ်တော့ ဒေါက်တာက စိတ်ကူးယဉ်တတ်သူကိုး"

သူပြုံး၍ ခေါင်းတညိတ်ညိတ်လုပ်သည်။

"ကျွန်တော်လဲ အံ့တာများသွားတယ်၊ စောမင်းခင်လို လှပတဲ့မိန်းကလေးတစ်ယောက်ဟာ ပန်းပင်တွေကို ချစ်တတ်မယ်လို့ ထင်ခဲ့မိတာ ခုတော့"

"ဘာလဲ၊ ဒါဟာ ကျွန်မအတွက် ကြီးမားတဲ့ ချို့ယွင်းချက် ဖြစ်နေလို့လား"

သူ့မျက်နှာကို တည့်တည့်ရင်ဆိုင်ကြည့်ကာ သူမ မေးလိုက်၏။ သူက သူမကို တည်ငြိမ်စွာ ကြည့်သည်။

"ဒါဟာ လူတစ်ယောက်ရဲ့ ပင်ကိုယ်စရိုက်နဲ့ သက်ဆိုင်တဲ့ အကျင့်တစ်ခုပါ စောမင်းခင်၊

ဒါကို ချို့ယွင်းချက်လို့ ထင်မိရင် ကိုယ်ဟာ ကလေးတစ်ယောက် ဖြစ်သွားမှာပေါ့"

သူ တစ်ချက်ပြုံးလိုက်ရင်း ...

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

သိန်းမင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်နဲ့ စောမင်းခင်ကြားမှာ ဆွေးနွေးစရာတွေ ရှိတယ်လို့ မယူဆဘူးလား"

"ဟုတ်ကဲ့၊ အဲ့ဒီကိစ္စကို ကျွန်မတို့ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့"

"ကျွန်တော်လဲ ဒီလိုသဘောမျိုး ရှိပါတယ်"

"ကောင်းပြီလေ၊ ဒါဆို ကျွန်မတို့ ဒီဒန်းလေးမှာ ထိုင်ရအောင်"

သူမက ပန်းပင်တွေကြားရှိ ခုံတန်းဖြူလေးကို ညွှန်ပြ၏။ သူ ခေါင်းညိတ်တာနှင့် နှစ်ယောက်သား လက်တစ်ကမ်းအကွာတွင် ထိုင်လိုက်ကြသည်။

"ပထမဆုံး ကျွန်တော် ပြောချင်တာကတော့ ကျွန်တော်တို့ဟာ ကလေးတွေ မဟုတ်ပါဘူး၊ လူကြီးတွေရဲ့ သဘောထားကြောင့် ကျွန်တော်တို့နှစ်ယောက် ခုလို ဆုံတွေ့ကြရတာ၊ အဲ့ဒီကိစ္စအပေါ်မှာ စောမင်းခင်ရဲ့ သဘောထားကို ကျွန်တော် သိချင်တယ်"

"ဒါကို ကျွန်မက ပြန်မေးရပါလိမ့်မယ်၊ ရှင့်သဘောထားကရော"





သူသည် တစ်ချက်ငြိမ်သက်သွားပြီးမှ သူမကို ဖြည်းဖြည်း လှည့်ကြည့်၏။

"ကျွန်တော့်သဘောထားကတော့ စောမင်းခင် သဘောထားပေါ်မှာပဲ မူတည်ပါတယ်"

"အော် ဒါဆို ကျွန်မက လက်မခံဘူးဆိုရင် ဒီကိစ္စကို ရှင် ငြင်းမယ်ပေါ့"

သူမ မခံချင်စိတ်လေးဖြင့် မေးလိုက်ရင်း သူမလို ဘက်စုံပြည့်ဝသော မိန်းမတစ်ယောက်ကို အလွယ်တကူ သူ လက်ခံလိမ့်မည်ဟု ထင်ခဲ့တာ မှားပါလား၊ သူဟာ သူမထင်ထားသည့်အတိုင်း ကိုယ့်ကိုယ်ကို ယုံကြည်မှုပြည့်ဝလွန်းနေသူ ဖြစ်နေပါလားဟု တစ်ခဏအတွင်း ရိပ်မိလိုက်၏။

"ဒါကတော့ ဒီကိစ္စမျိုးဆိုတာ နှစ်ဦးနှစ်ဖက် သဘောတူမှ ဖြစ်နိုင်မယ်မဟုတ်လား၊ စောမင်းခင် ငြင်းမှတော့ ကျွန်တော့်က ဇွတ်လက်ခံလို့ ဘယ်ဖြစ်မလဲ"

"ဒါဆို အစက ရှင် ဒီကိစ္စကို ငြင်းဖို့မရှိဘူးပေါ့"

သူ ခေါင်းညိတ်သည်။

"ကျွန်တော် မငြင်းလို့ဘဲ စောမင်းခင်ဆီ ရောက်လာတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မဟာ ဘယ်လိုမိန်းမမျိုးမှန်း မသိဘဲ ရှင် လက်ခံမယ်ပေါ့"

သူမ၏ ခပ်ရွှံ့ရွံ့အမေးကို သူပြုံးသည်။

"စောမင်းခင်က ကျွန်တော့်မေမေအကြောင်း မသိလို့ပါ၊ ကျွန်တော့်မေမေဟာ တော်ရုံမိန်းကလေးမျိုးကို သဘောကျခဲ့တယ်"

စောမင်းခင်ကို မေမေရွေးလိုက်ကတည်းက တော်ယုံပြည့်စုံမှုနဲ့ မဟုတ်ဘူးဆိုတာ ကျွန်တော် နားလည်ပါတယ်"

ပြော် သူမတို့နှစ်ယောက်က ဘာတွေတွေပါလား။ တစ်ယောက်ကိုတစ်ယောက် မမြင်ဖူးဘဲ မိခင်တွေ၏ စီမံမှုကို လက်ခံလိုက်ရတဲ့ အဖြစ်။

"ဒါပေမယ့် စောမင်းခင်ကို တွေ့လိုက်တဲ့အချိန်မှာ မေမေ့ ရွေးချယ်မှုဟာ မှန်တယ်လို့ ကျွန်တော် သိလိုက်ပါတယ်"

ထိုစကားကြောင့် သူမရင် ဖျတ်ခနဲ ခုန်သွားရပါ၏။ ဒါ သူမကို သူ သဘောကျကြောင်း ပြောလိုက်တာလား။

"ဘာကြောင့် ရှင် ဒီလိုထင်ရတာလဲ ဒေါက်တာ"

စိတ်လှုပ်ရှားစွာ သူမ၏အမေးကို သူ တည်ငြိမ်စွာဖြေသည်။





"စောမင်းခင်ဟာ ကျွန်တော်ထင်ထားတာထက် အများကြီး လှတဲ့ မိန်းကလေးဖြစ်နေလို့ပါ"

"အို ..."

ရုတ်တရက် သူမ၏ ဖြူနုသောပါးပြင်မို့မို့မှာ ရှက်သွေးဖြင့် ခန်းနရောင် လွှမ်းသွားသည်။ ထူးဆန်းတာပဲ ...တကယ်ကို သူမကို ယောကျ်ားတော်တော်များများက "လှတယ်" ဟု ပြောခဲ့ကြဖူးပေမယ့် တစ်ခါမှ သည်လို ရင်မခုန်ဖူးခဲ့။ ယခုတော့ သူမဟာ သူ၏ ချီးမွမ်းမှုအောက်မှာ ဆယ်ကျော်သက်အရွယ် မိန်းကလေး တစ်ယောက်လို ရင်ခုန်သွားတာ ဘာကြောင့်ပါလိမ့်။

သို့သော် သူမသည် စီးပွားရေးလုပ်ငန်းကို ဦးဆောင်နေသော အမျိုးသမီးတစ်ဦးပီသစွာ ထိုရင်ခုန်မှုကို ကျွမ်းကျင်စွာ သိမ်းလျက် ...

"ဒီလိုပြောတဲ့အတွက် ကျေးဇူးပဲဒေါက်တာ၊ ဒါဆို ဒေါက်တာ ကျွန်မကို လက်ခံမှာ အဲ့ဒီအတွက်ကြောင့်ပဲလား"

ထိုမေးခွန်းမှာ သူမ အလွန်သိချင်သော အရာတစ်ခု ဖြစ်သည်။ တစ်ဆိတ် သူ့ရဲ့အဖြေဟာ သူမ မျှော်လင့်ထားသော အရာတစ်ခု ပါဝင်လာဖို့ ကျိတ်ဆုတောင်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားတစ်ယောက်အနေနဲ့ သိပ်ကိုလှပတဲ့ စောမင်းခင်လို မိန်းကလေးမျိုးကို ငြင်းပယ်လိုက်မယ်ဆိုရင် ကျွန်တော် မိုက်ခဲရာ ကျသွားမှာပေါ့၊

အဟွန်း ...ဒါပေမယ့် ကျွန်တော် အမှန်အတိုင်း ဝန်ခံမယ်နော်၊ ကျွန်တော့်ဘဝမှာ မိန်းမချောတော်တော်များများကို တွေ့ဖူးခဲ့ပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့ စောမင်းခင်ဟာ အလှဆုံးဖြစ်နေတယ်၊

နောက်တစ်ချက် စောမင်းခင်ကို ကျွန်တော် လက်ခံတာဟာ မေမေ့သဘောကြောင့်ပါ၊ ကျွန်တော်ဟာ မေမေ့သဘောကို ဘယ်တုန်းကမှ မငြင်းဆန်ခဲ့ဖူးဘူးလေ"

လိမ္မာလိုက်တဲ့သားဟု သူမ ချီးကျူးရမတတ်ပါလား။

သူမသည် အတွင်းနှုတ်ခမ်းသားကို မသိမသာ ဖိကိုက်လျက် ရင်ထဲရှိ မျှော်လင့်တောင့်တသော ဆန္ဒတွေ တဝုန်းဝုန်း တိုက်ခိုက်ပျက်စီးလျက် ထိုအဖြေကို မကြိုက်နှစ်သက်အောင်ဖြစ်သွား၏။

တော်ရုံလူမျိုးသာဆိုရင်ဖြင့် ထိုအဖြေမျိုးကို တော်တော်မှန်းလျက် ဆောရီးပဲဟု သူမ ခပ်သွက်သွက်ပြောချလိုက်မှာသေချာသည်။





သို့သော် သည်လူက မေမေ သဘောတူနေသော ယောက်ျားဗီသစ္စာ အလွန်ချောမောသည့် ဒေါက်တာမင်းရဲအိမ် ဖြစ်နေ၏။

ထိုလူသည် တွေ့မြင်စမှာပင် သူမ၏ အေးစက်နေသော နှလုံးသားကို လှုပ်ရှားနွေးထွေးစေသူ ...

"စောခင်မင်းကရော ကျွန်တော့်ကို ဘယ်လိုအကြောင်းမျိုးနဲ့ လက်ခံမှာလဲ"

သူမသည် ရင်ထဲမှ ဆန္ဒများကို ကွယ်ချကာ ခပ်လွန့်လွန့်ပြုံးလိုက်၏။

"ကျွန်မလဲ ဒေါက်တာလိုပဲ၊ ကျွန်မ မေမေ့သဘောကို ဘယ်တုန်းကမှ မငြင်းဆန်ခဲ့ဖူးဘူးလေ"

"ဪ"

သူသည် တစ်ချက်ငြိမ်သွားလျက် တိတ်ဆိတ်သွား၏။

သည်စကားဟာ သူ့အတွက် မထိခိုက်ဘူးဟု သူမက ယူဆ၏။

"ပြီးတော့ ဒေါက်တာဟာလဲ ကျွန်မအတွက် အားကိုးလေးစားရမယ့် ယောက်ကျားတစ်ယောက် ဖြစ်လိမ့်မယ်လို့ ယုံကြည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဖြူးလိုက်ပေမယ့် မပီပြင်သလို နှုတ်ခမ်းများက အနည်းငယ် မဲ့နေသယောင် ဖြစ်နေ၏။

"ဒီလိုဆို ကျွန်တော်တို့နှစ်ယောက်ကြားမှာ ဒီကိစ္စအတွက် ငြင်းစရာ မရှိတော့ဘူးပေါ့"

"ဟုတ်ကဲ့"

"ဒါဆို ကျွန်တော့်တို့ လူကြီးတွေဆီသွားပြီး ဒီအကြောင်း အသိပေးကြစို့ စောမင်းခင်"

"ကောင်းပါပြီ ဒေါက်တာ"

ထို့နောက် သူမတို့နှစ်ယောက် တိတ်ဆိတ်စွာ အိမ်မကြီး ဘက် ပြန်လှည့်လျှောက်ခဲ့သည်။ သို့သော် နှစ်ဦးသားရင်မှာတော့ အတွေးကိုယ်စီဖြင့် ...

* * *





မိခင်နှစ်ယောက်ကသူမတို့၏ လက်ထပ်ဖို့ကိစ္စ သဘောတူညီမှုအတွက် အတော်ဝမ်းသာသွားကြသည်။ မှန်တာပြောရလျှင် မိခင်နှစ်ယောက်စလုံး၏ စိတ်ထဲမှာ သည်ကိစ္စ မအောင်မြင်မှာကို အတော် စိုးရိမ်နေကြသည်။ သူတို့က စီစဉ်တယ်ဆိုပေမယ့် သူတို့၏ သားသမီး များသည် ငယ်ရွယ်သော ကလေးတွေ မဟုတ်တော့၊ သူတို့စီစဉ်သည့်အတိုင်း လိုက်နာချင်မှ လိုက်နာ ယိမ့်မည်။

တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကာ သဘောမကျဖြစ်ခဲ့လျှင် သူတို့ လူကြီးတွေ ဘယ်လောက်ပဲ သဘောတူပါစေ သည်ကိစ္စ ပျက်ပြယ် မည်သာ။

ယခုတော့ လက်ထပ်ဖို့ကိစ္စကို နှစ်ယောက်စလုံးက ငြင်းစရာ မရှိပါတဲ့။ ကဲ ဘယ်လောက်များ အဆင်ပြေလိုက် သလဲနော်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် လက်ထပ်ဖို့ကိစ္စကို အမြန်ဆုံး စီစဉ်လိုက်မယ်"

သူနှင့် သူမတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်သည်။ ပထမဆုံး သူမကပဲ ...

"တစ်လ နှစ်လလောက်တော့ အချိန်ပေးစေချင်ပါတယ် မေမေ၊ အဲ့ဒီရက်ပိုင်းအတွင်း ကျွန်မရဲ့ လုပ်ငန်းတချို့ ပြီးပြတ်သွားစေချင်သလို ဒေါက်တာခုနဲ့လဲ ပိုရင်နှီးသွားအောင်လို့ပါ"

"ဟုတ်ပါတယ်ခင်ဗျား၊ ကျွန်တော်လဲ နိုင်ငံခြားက ပြန်ရောက်တာ မကြာသေးတော့ အလုပ်ဝင်ဖို့ကိစ္စတွေနဲ့၊ ပြီးတော့ စောမင်းခင် တောင်းဆိုချက်လဲ လိုက်လျောချင်ပါတယ်"

မိခင်နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာပြုံးသည်။ မင်းရဲ့အိမ်၏ စောမင်းခင်ကို အလိုလိုက်ချင်ပါတယ်ဆိုသောစကားက မိခင်တွေအပြင် စောမင်းခင်၏ နှလုံးသားကိုပါ သိမ့်ခနဲ လှုပ်ရှားသွားစေသည်။

"ကောင်းပါတယ်ကွယ် ကောင်းပါတယ်၊ အဲ့ဒီနှစ်လအတွင်း သားတို့ချင်း သမီးတို့ချင်း ပိုရင်းနှီးခွင့်ရသလို မေမေတို့ဘက်ကလဲ မင်္ဂလာကိစ္စကို စိတ်ကြိုက်စီစဉ်နိုင်တာပေါ့ကွယ်၊ မဟုတ်ဘူးလား မမမီ"





"ဟုတ်တာပေါ့ ဟုတ်တာပေါ့ရှင်၊ ကျွန်မတို့မှာ သားသမီးဆိုလို့ ဒီ တစ်ဦးတည်းသောသားသမီးတွေပဲ ရှိတာ၊ အဲ့ဒီအတွက် မင်္ဂလာကိစ္စကို အကောင်းဆုံး အခမ်းအနားဆုံး စီစဉ်ဖို့ နှစ်လလောက်တော့ အချိန်လိုအပ်တာပေါ့၊

သားတို့ သမီးတို့လဲ ဒီရက်ပိုင်းမှာ မင်္ဂလာကိစ္စကို ဘယ်လိုဖြစ်ချင်တယ်"တိုင်ပင်ပြီး မေမေတို့ကို ပြောကြပေါ့ကွယ်၊

ကဲ ကဲ ဒီနေ့တော့ မင်္ဂလာအထိမ်းအမှတ် အောင်မြင်တဲ့နေ့နဲ့ မင်္ဂလာအကြို ထမင်းပွဲစားကြစို့"

သူမ မေမေ၏ အကွက်ချစီစဉ်မှုကြောင့် ကျယ်ဝန်းခန့်ညားလှပသော ထမင်းစားခန်းကြီးထဲသို့ လေးယောက်သား မျက်နှာချင်းစုံ ရောက်သွား၏။ စုံလင်စွာ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသော မေမေ့လက်ရာ ဟင်းများက လူဆယ်ယောက်စာ စားပွဲဝိုင်းကြီးမှာ ဆီးကြိုနေသည်။

မိခင်နှစ်ယောက်က စားပွဲ ◌ံးထိပ်များမှာ ကပ်ထိုင်လိုက်ကြသလို သူနှင့်သူမက မျက်နှာချင်းဆိုင်ထိုင်လိုက်ကြ၏။ သူ၏ မိခင်က များပြားကောင်းမွန်သော ဟင်းတွေကိုကြည့်ကာ ...

"ဟင်းတွေကလဲ များလိုက်တာ မမမီရယ်၊ လူလေးယောက်စာ မကပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတောင် မမီက စီစဉ်ထားတာ အားမရသေးဘူးကွယ် ကိုယ့်မီသားစုဝင် ဖြစ်လာမယ့်လူတွေကို ကြိုဆိုတဲ့ထမင်း မဟုတ်လား"

မိခင်နှစ်ယောက်ကပြော၍ တစ်ယောက်ပန်းကန်းထဲ တစ် ယောက် ဟင်းတွေထည့်ပေးနေစဉ် သူနှင့် သူမကတော့ ထမင်းကို မတို့ထိမိသေး။ ဒါကို မိခင်နှစ်ယောက်ကကြည့်ကာ သူ့ မေမေက စတင်၍ ...

"ဟဲ့ ...သမီး၊ သမီးအစ်ကိုကို ဟင်းထည့်ပေးလေ"

သူမ၏ လှပသောမျက်နှာလေးမှာ မသိမသာ မှုန်အ သွား၏။ တကယ်ဆို သူက ယောကျ်ားပဲ၊ သူမပန်းကန်ထဲ ဟင်းဦးအောင် ထည့်ပေးပါတော့လား။ ခုတော့ သူမအထည့်ကို သူက ပြန်စောင့်နေတဲ့သဘော။

သို့သော် သူမက အိမ်ရှင်ဖြစ်ကာ မေမေ့သဘောကို မငြင်းဆန်နိုင်သည်မို့ သူ့ပန်းကန်ထဲသို့ ဟင်း ခပ်ထည့်ပေးလိုက် ရ၏။ သည်တော့ သူ့မျက်နှာပြုံးသွားလျက် ...

"စောလဲ စားလေ" ဆိုကာ အသည်းဖတ် ခပ်ထည့်ပေးတာ ကြောင့် လူကြီးနှစ်ယောက် ပြုံးသွား၏။



ကြည့်စမ်း သူက အသည်းဖတ်ပေးတာ ဘာသဘောလဲ။ သူမ တို့နှစ်ယောက် လက်ထပ်ဖို့ကိစ္စမှာ အချစ်ကြောင့် မဟုတ်တာ သချာ၏။

"လက်ရာတွေကတော့ တကယ်ကောင်းတာပဲ၊ သမီး လက်ရာတွေလား"

သူ့မိခင်၏ အမေးကို သူမ ခေါင်းခါငြင်းဆန်လိုက်သည်။

"မဟုတ်ဘူး အန်တီ၊ ဒါတွေအားလုံး မေမေ စီစဉ်ပြီး အိမ်က ကောင်မလေးတွေကို ချက်ခိုင်းတာပါ၊

ကျွန်မက ငယ်ငယ်ကတည်းက ချက်ပြုတ်တာကို ဝါသနာ ပါပါဘူး၊ အဲ့ဒီ အိမ်မှုကိစ္စအလုပ်လောက် လက်ဝင်ပြီး အချိန်ကုန် တာ မရှိဘူး၊ ကျွန်မက အိမ်အလုပ်ထက် ပြင်ပ စီးပွားရေးအလုပ် ဆိုပဲ စိတ်ဝင်စားတယ်"

မေမေက သူမ၏အပြောကို မကြိုက်နှစ်သက်ဟန်ဖြင့် ရှမ်းကြည့်သည်။ သူ့မိခင်မှာ မျက်နှာတစ်ချက်ပျက်သွားပြီးမှ ပြုံးလျက် ...

"ဪ ဒီခေတ်မိန်းကလေးတွေက ယောကျ်ားတွေနဲ့ ယှဉ်ပေါင်တန်း စီးပွားလုပ်နေတာဆိုတော့ အိမ်မှုကိစ္စ လှည့်မကြည့် နိုင်တာ သဘာဝကျပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ကိုယ်တိုင်မလုပ်နိုင်တာတောင်မှ အိမ်ထောင်မှုကိစ္စကို ကျွမ်းကျင်ဖို့ ထိန်းသိမ်းစီမံတတ်ရမယ် မဟုတ်လား"

"ဒါပေါ့ရှင် ဒါပေါ့၊ သမီးက မီးဖိုထဲ မဝင်ပေမယ့် ဒီအတတ်ပညာတွေကိုတော့ ကျွမ်းကျင်အောင် ငယ်ငယ်ကတည်းက ကျွန်မ သင်ကြားပေးထားတာလေ၊ အဟင်း ...ဟင်း"

"မမမီရဲ့ အရည်အချင်းကိုသိထားတဲ့ ကျွန်မက မမမီရဲ့ သမီးမှာ ဘယ်လိုအရည်အချင်းရှိတယ်ဆိုတာ အကဲခက်မိပါတယ် ရှင်"

လူကြီးတွေနှစ်ယောက် စကားဖောင်ဖွဲ့နေသလောက် တိတ်ဆိတ်နေသော မင်းရဲ့အိမ်။ မေမေက သူ့လှမ်းကြည့်ကာ

"ဘယ်နှယ့်လဲသား၊ စားကောင်းရဲ့လား"

"ကောင်းပါတယ် အန်တီ၊ အန်တီ့လက်ရာတွေကို စားမိမယ်လို့ ကျွန်တော်ထင်ပါတယ်"

ဒါ သူမကို မီးဖိုထဲဝင်ခိုင်းခြင်း တစ်မျိုးဟု ယူဆကာ သူမ နှုတ်ခမ်းလေး တင်းခနဲ စေ့သွားလျက်

"ဒါတော့ စိတ်ချပါ ဒေါက်တာ၊ မေမေ့လက်ရာကို ကျွန်မ မမီပေမယ့် ကျွန်မတို့ လက်ထပ်ပြီးတဲ့အခါ သူ့ကို အိမ်မှာ ခေါ်ထားရမယ်လေ"





သူသည် မျက်နှာတစ်ချက်ပျက်လျက် သူ့မိခင်ကို လှမ်းကြည့်၏။ မေမေသည် သူမကို အံတစ်ချက်ကြိတ်ပြသည်။ သူမ ပခုံးတစ်ချက် မသိမသာတွန့်ကာ မမြင်ချင်ယောင် ဆောင်လိုက်၏။

"ကောင်းပြီလေ၊ ဒါက ပြဿနာမရှိဘူး၊ အဓိကက စောအဆင်ပြေဖို့ပါပဲ"

သူ၏ စကားတိုင်းသည် သူမအတွက် ဦးစားပေးနေ၏။ မေမေကတော့ ထိုစကားအတွက် ကျေနပ်သွားပုံရသည်။

"အင်း သမီးအတွက် သားကိုရွေးချယ်လိုက်တာ တကယ်ကို မှန်တာပဲ၊ သားဟာ တကယ် နားလည်မှုရှိတဲ့ ယောကျ်ားတစ်ယောက် ပဲ"

သူ ဘာမှမပြောဘဲ ပြုံးနေ၏။ သူမကတော့ ထိုသို့ ငြိမ်သက်သောအပြုံးမျိုးကို မကြိုက်ချင်ပါ။ သူ တကယ်မှ သူမကို နားလည်မှုရှိတာမှ ဟုတ်ရဲ့လား။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်းကံကောင်းတာပေါ့ စော၊ ဒေါက်တာမင်းရဲ့အိမ်က ရုပ်ကလဲ ချော၊ စီးပွားရေးကလဲ ပြည့်စုံ၊ မင်းအပေါ်လဲ နားလည်မှုရှိတယ်ဆိုတော့ ဒီလိုယောကျ်ားမျိုး တကယ်ရှားတာပဲ"

သူမထံမှတစ်ဆင့် ဒေါက်တာမင်းရဲ့အိမ်အကြောင်းကို သိလိုက်သော လွင်လွင်က ချီးကျူးမဆုံး ဖြစ်နေ၏။

"သိပ်လဲ ချီးကျူးစောမနေနဲ့ လွင်၊ ဒေါက်တာမင်းရဲ့အိမ်မှာ မင်းပြောသလို အားလုံးပြည့်စုံတယ်ဆိုပေမယ့် ကျွန်မစိတ်ထဲ တစ်စုံတစ်ခုကို မကြိုက်သလိုဘဲ"

"ဘာကိုလဲ စော"

လွင်လွင် နားမလည်သလိုမေးကာ သူမကို ကြည့်သည်။ သူမ သက်မတစ်ချက် ကျိတ်ရှိုက်လိုက်ရင်း ...

"သူ ကျွန်မကို လက်ထပ်ဖို့ သဘောတူတဲ့အချက်ကို မကြိုက်ဘူး"





"ဘာဖြစ်လို့လဲ စော"

"သူက ကျွန်မကို သိပ်လှလို့နဲ့ သူ့မေမေ သဘောကျလို့တဲ့"

"အင်းလေ၊ အဲ့ဒါ အမှန်ပဲ မဟုတ်လား"

"မဟုတ်ဘူး၊ ကျွန်မတို့နှစ်ယောက်ကြားမှာ တစ်ခုခုလိုနေတယ်လို့ ရှင် မထင်ဘူးလားကွယ်"

"တို့ကတော့ မင်းက သိပ်ချောသိပ်လှသလို ဒေါက်တာမင်းရဲ့အိမ်ကလဲ ယောကျ်ားပီသခန့်ညားတာ မဟုတ်လား၊ ဒါထက် လိုက်ဖက်တာ မရှိဘူးမဟုတ်လား"

လွင်လွင်ပြောသလို သူမတို့နှစ်ယောက်၏ အပေါ်ယံလိုက်ဖက်မှုသည် တကယ်ပြည့်စုံပါ၏။

သို့သော် သူ့ စိတ်ထဲ လစ်လပ်နေတာက ကွက်လပ်တစ်ခု။ ယောကျ်ားတစ်ယောက်အနေဖြင့် သူမကို လက်ထပ်လိုခြင်းမှာ လှ၍တစ်ခုကြောင့် မဟုတ်ဘဲ အချစ်ဆိုသောအရာပါ ပေးခြင်းဖြစ်၏။ သို့သော် သူ့နှုတ်များမှာ စကားလုံးဟစ်ခွန်းမှ မပါဝင်ခဲ့။

သူမသည် ယောကျ်ားတစ်ယောက်ကို အချစ်ကြောင့်သာ လက်ထပ်လိုခြင်းဖြစ်၏။ သို့သော် သူမက မိန်းမသားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို သူမမှ စ၍ပြောရန် ဘယ်တော့မှ မဖြစ်နိုင်ပါ။ သူ့ဘက်ကစလာမှသာ သူမ တုံ့ပြန်ရမည်ဖြစ်၏။

"ကျွန်မကတော့ သူ့ကို ဒီအချက်တွေကြောင့် လက်ခံဖို့ သဘောတူတာ မဟုတ်ဘူး"

"ဒါဆို ဘာအတွက်လဲ၊ ဩော် သတိရပြီ၊ ရှင်က ယောကျ်ားတစ်ယောက်ကို လက်ထပ်မယ်ဆိုရင် "အချစ်" ကြောင့်မှ လက်ခံမယ်ဆိုတာလား၊

အခု ဒေါက်တာမင်းရဲအိမ်ကို လက်ခံတာကော အချစ်ကြောင့်ပဲလား စော"

သူမ၏ လှပသောနှုတ်ခမ်းလေး ခပ်မဲ့မဲ့တွန့်ကာ ပြုံးသည်။

"အဲ့ဒီအချက်ဟာ သိပ်တော့မသေချာပေမယ့် သူဟာ ကျွန်မအတွက် လက်ခံနိုင်တဲ့ ယောကျ်ားတစ်ယောက်ပါ"

"ဒါထက် မင်းတို့နှစ်ယောက် လက်ထပ်ဖို့အကြောင်း သေချာဆွေးနွေးပြီးပြီလား၊

မင်းက သိပ်လှပေမယ့် ချစ်သူ ရည်းစားမရှိတာ တို့သိတယ်၊ ဒေါက်တာမင်းရဲအိမ်မှာရော ချစ်သူ ရည်းစား ရှိမနေဘူးလားဟင်"

"ဟင့်အင်း၊ အဲ့ဒီအကြောင်းတွေကို ကျွန်မနဲ့သူ တစ်ခါမှ မဆွေးနွေးရသေးဘူး၊





ဟုတ်တယ်နော်၊ သူလို ချောမောတဲ့ ယောကျ်ားတစ်ယောက်မှာ ချစ်သူ ရှိနေနိုင်တာပေါ့"

သူမ ပြောရင်း သူ၏ ချောမောခန့်ညားသော ရုပ်သွင်ပေါ်လာကာ သူ့ချစ်သူဆိုတာ ဘယ်လို မိန်းမမျိုးဖြစ်နိုင်မလဲဟု တွေးရင်း စိတ်ပူလာရသည်။

"သူက နိုင်ငံခြားမှာလဲ နေခဲ့တဲ့လူဆိုတော့ ဒါမျိုးတွေ မဆန်းဘူးနဲ့တူတယ်နော်၊ စော၊

ဒါပေမယ့် မင်းကို လက်ထပ်ဖို့ ရွေးချယ်တာဟာ သူ့မှာ တကယ်ချစ်ရမယ့်လူ မရှိလို့နေမှာပါ"

"သူ့အမေစကားကို မလွန်ဆန်နိုင်လို့ နေမှာပေါ့"

"ဩော် စောကလဲ သူဟာ ကလေးတစ်ယောက်မှ မဟုတ်ဘဲ၊ မင်းကို သဘောမကျဘဲနဲ့တော့ သူ့အမေ သဘောတူရုံနဲ့ သူ လက်ခံမှာမဟုတ်ဘူး"

လွင်လွင်၏ ထင်မြင်ချက်က သူမ၏စိတ်ကို အတော်အတန် ပေါ့ပါးစေသည်။

"ဘာပဲဖြစ်ဖြစ် ဒီနှစ်လအတွင်းမှာ သူ့အကြောင်းကို စုံစမ်းရမယ် လွင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါအမှန်ပေါ့၊ ဒါမှ မင်းတို့ အတူနေတဲ့အခါ တစ်ယောက်ကိုတစ်ယောက် ပိုနားလည်မှု ရှိမှာ"

သို့သော် တကယ်တမ်းမှာ သူမသည် အလုပ်များဖြင့် မအားလပ်အောင်ဖြစ်ကာ သူ့ထံသို့ မသွားချင်ပါ။ မေမေကတော့ ပြောပါသည်။

"မင်းရဲ့အိမ်လိုလူမျိုးကို ညည်းလက်လွှတ်လို့ မဖြစ်ဘူး၊ သူသာ ညည်းအပေါ် အတော်နားလည်မှုရှိမယ့် ယောကျ်ားတစ်ယောက်ပဲ"

ဒါတွေဟာမေမေ့ရှေ့မှာ သူ့ရဲ့အပေါ်ယံဟန်ဆောင်မှုကော မဖြစ်နိုင်ဘူးလားဟု သူမ မေးလိုက်ချင်ပါ၏။ သို့သော် မေမေနှင့် သူမ စကားအပြိုင် မပြောလို။

တစ်နေ့ မမျှော်လင့်ဘဲ သူမကုမ္ပဏီရှိရာ ရောက်လာ၏။ ထိုနေ့က သူမသည် အလုပ်များဖြင့် မအားလပ်အောင် ရှိနေချိန်။

"ဟင် ...ဒေါက်တာ"

သူ့ကို တွေ့လိုက်ရ၍ သူမ အတော်အံ့သြဝမ်းသာသွားရသည်။ သည်ရက်ပိုင်းများမှာ စိတ်ထဲက သူ့ကို သတိရပေမယ့် လူက သွားမတွေ့အားပါ။ သူ့ကို တစ်ခေါက်လောက် လာစေချင်နေချိန်မှာ ရောက်လာခြင်း မဟုတ်လား။





"ဒီဘက်ကို ဘီစွတ်စ်ခုနဲ့လာရင်း စောမင်းခင်ဆီ ဝင်ခဲ့တာ"

"အော်"

သူမစိတ်ထဲ မျက်ခနဲ ဖြစ်သွားသည်။ သူမကို မတွေ့ဘာကြောင့် လာတာပါဟုပြောလျှင် ဘယ်လောက်ကောင်းမလဲ။

ထိုစဉ် လွင်လွင် အခန်းထဲ ဝင်လာ၏။ ထို့ကြောင့် သူနှင့် မိတ်ဆက်ပေးလိုက်သည်။

"ဒေါက်တာ သူက ကျွန်မနဲ့ အခင်ဆုံးသူငယ်ချင်းလဲ ဖြစ်တယ်၊ လက်ထောက်မန်နေဂျာလဲဖြစ်တဲ့ လွင်လွင်ပါ"

"လွင်လွင် သူက ဒေါက်တာမင်းရဲ့အိမ်"

"တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ၊ ဒေါက်တာတို့အကြောင်းကို စောကတစ်ဆင့် သိရလို့ ဝမ်းသာပါတယ်"

"ကွန်ကရက်ကျူလိတ်ပါ ဒေါက်တာ"

"ကျွန်တော်ကလဲ မလွင်လွင်နဲ့ ခုလို မမျှော်လင့်ဘဲ သိရတာ ဝမ်းသာပါတယ်ဗျာ"

သူနှင့်လွင်လွင်တို့ လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"ဒေါက်တာ ခဏထိုင်ပါဦးနော်၊ ကျွန်မ အလုပ်လေး အတ်စသတ်ချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



သူမအပြောကို လွင်လွင်မကြိုက်နှစ်သက်ဟန်ဖြင့် ဝင်ပြေ
သည်။

"အို ...စောကလဲ၊ အဲ့ဒီအလုပ်တွေ ကိုယ်လုပ်ထားပါ့မေ
ဒေါက်တာနဲ့ လိုက်သွားပါကွယ်"

သူက လွင်လွင့်ကို တစ်ချက်ကျေးဇူးတင်စွာ ကြည့်
သူမ မငြင်းသာတော့ဘဲ

"ဒါဆို ကျေးဇူးပဲ လွင်လွင်၊ ကဲ ဒါဆို ကျွန်မတို့ သွာ
ဒေါက်တာ"

သူမ လက်ဆွဲအိတ်ကောင်ယူကာ သူနှင့်လိုက်ခဲ့သည
"ကျွန်တော့်မှာ ကားပါတယ် စော"
"ဟုတ်ကဲ့၊ ကျွန်မကား မယူခဲ့တော့ဘူး ဒေါက်တာ"
သူ ကျေနပ်စွာပြုံးလျက် သူမအတွက် ကားတံခ
ဖွင့်ပေးသည်။

"ဒါနဲ့ စော နေ့လယ်စာ မစားရသေးဘူး မဟုတ်လား"
"ဟုတ်ကဲ့၊ ခဏနေ ကျွန်မ စားမယ့်အချိန် ဒေါက်တ
ရောက်လာတာပဲ"

"ဒါဆို ကျွန်တော်တို့ တစ်နေရာရာမှာ နေ့လယ်စ
သွားစားရအောင်"





"ဒေါက်တာ့သဘောပါပဲ"

ထို့နောက် သူမတို့နှစ်ယောက်က အေးချမ်းတိတ်ဆိတ်သော စားသောက်ဆိုင်တစ်ခုသို့ ရောက်ခဲ့ကြသည်။

နေ့လယ်စာအတွက် ပူပူနွေးနွေး တရုတ်အစားအစာကိုပဲ မှာလိုက်ကြ၏။

သူမသည် အသားပျော့ပျော့ ထူအိအိဖြင့် ခပ်ပါးပါး အုပ်ထားသော နို့နှစ်ရောင် ဝမ်းဆက်ကို ဝတ်ထားကာ ဆံထုံးပုံ့ပုံ့မှာ နို့နှစ်ရောင် သစ်ခွတစ်ခက် ပန်ထားတာကြောင့် အလှပေါ် အယဉ်ဆင့်ကာ မြင်သူတိုင်း ငေးကြည့်ချင်စရာ။

လိုက်ဖက်လှသော သူမတို့စုံတွဲကို မြင်သူတိုင်းက အားကျ ချီးကျူးကြသည်။

"သိပ်ကို လိုက်ဖက်တဲ့ စုံတွဲပဲကွာ၊ နေနဲ့လ ရွှေနဲ့မြဆိုတာ ဒီလိုစုံတွဲမျိုး ခေါ်တာပေါ့"

"တကယ်ကို ကြည့်မဝချင်စရာ စုံတွဲပဲ"

ထိုစကားမျိုး ကြားရပေမယ့် ရင်ထဲ စိတ်ကျေနပ်မှုကိုယ်စီ ရှိသည့်တိုင် ဣန္ဒြေမပျက်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ကြိမ်မှာတော့ သူက သူမကို ဟင်းလျာများ ရွေးကောက်ထည့်ပေး၏။ သည်အပြုအမူအတွက် ကျေနပ်ကြည်နူးသွားရသည်။

"ကျွန်တော်လဲ စောဆီလာဖို့ စိတ်ကသတိရနေပေမယ့် လူက ဘယ်လိုမှ မအားလပ်တာနဲ့ မရောက်ဖြစ်ဘူး"

"အဟင်း ...ကျွန်မလဲ အတူတူပါပဲ ဒေါက်တာ ဒေါက်တာရောက်လာမှ တွေ့ဖြစ်တော့တယ်"

"ဒါနဲ့ စော အချိန်ရပါတယ် နော်"

"ဘာဖြစ်လို့လဲ ဒေါက်တာ"

"ဩော် ကျွန်တော်တို့ မတွေ့တာကြာလို့ အေးအေး ဆေးဆေး စောနဲ့ စကားပြောမလို့လားလို့ပါ"

"ရပါတယ် ဒေါက်တာ၊ စားပြီး ပြောကြတာပေါ့၊ ကျွန်မလဲ ဒေါက်တာနဲ့ ဆွေးနွေးချင်ပါတယ်"

သူမတို့နှစ်ယောက် တိတ်ဆိတ်စွာ စားသောက်ပြီးနောက် အချိုပွဲ ဆက်စားကြ၏။ သည်တော့မှ သူက သူမကိုကြည့်ကာ ...

"ဘာလိုလိုနဲ့ ကျွန်တော်တို့မင်္ဂလာပွဲလဲ အတော်နီးလာပြီ နော်၊ မေမေတို့တော့ မင်္ဂလာအတွက် အတော်ပြည့်စုံအောင် စီစဉ်နေတာပဲ"





"ဟုတ်တယ် မေမေကလဲ ဒီလိုပဲ၊ မင်္ဂလာပွဲအတွက် ...တော် စိတ်အားထက်သန်နေတယ်၊ အဟင်း ...ဟင်း"

"ကျွန်မတို့အဖြစ်က မေမေတို့စီစဉ်သမျှ နာခံရတဲ့ ...လေးတွေလိုပဲနော်"

"ဒါပေမယ့် ကျွန်တော်တို့ ကလေးတွေ မဟုတ်တော့ဘူး ...တာ မေမေတို့ နားလည်ပါတယ်၊

ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ကိုယ်တိုင် သဘောမ ...ရင် ဘာမှလုပ်လို့မရဘူး ဟုတ်လား"

"ဒါနဲ့ စောမှာ ချစ်သူတွေဘာတွေ ရှိခဲ့လား"

"အို ..."

ထိုအမေးကြောင့် သူမမျက်နှာလေး ရဲခနဲဖြစ်သွားကာ ...ခေါင်းခါယမ်းလိုက်၏။

"ဟင့်အင်း၊ ကျွန်မဘဝမှာ ဘယ်ယောကျ်ားကိုမှ စိတ်မဝင် ...စားခဲ့ဖူးဘူး၊ ဒါနဲ့ ဒေါက်တာမှာကော"

သူသည် တစ်ချက်ငြိမ်သွားလျက် သူမကို စူးစူးစိုက်စိုက် ...ကြည့်၏။ ထို့နောက် တည်ငြိမ်စွာပင် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ရိုးသားစွာပဲ ဝန်ခံပါရစေ၊ ကျွန်တော့်ဘဝ ချစ်သူလိုမဟုတ်ပေမယ့် တွဲခဲ့တဲ့မိန်းကလေးတွေ အများကြီးရှိ တယ်"

"ရှင် ..."

မိန်းကလေးပေါင်းများစွာနဲ့ တွဲခဲ့ပါသည်ဆိုသော သူ့ ဝမ်းနည်းစွာ ကြည့်မိ၏။

သူ့ဘဝမှာ မိန်းကလေးတွေ များစွာရှိခဲ့တယ်ဆိုပါလ ဒါဟာ ဘယ်လောက်များ ဝမ်းနည်းစရာကောင်းလဲ။

သူမမှာတော့ မည်သည့်ယောကျ်ားတစ်ယောက်မျှ မရှိ ပထမဆုံးတွေ့ခဲ့သော သူ့ကိုသာ ဘဝ၏ လက်တွဲဖော်အဖြ ရွေးချယ်ခဲ့တာပဲ။

"စောက သိပ်ဖြူစင်ခဲ့တယ်နော်၊ စောလို မိန်းကလေး လက်ထပ်ရမှာ ကျွန်တော် ကံကောင်းတာပဲ"

"စောကရော ကျွန်တော့်ကို လက်ထပ်မှာ ကံကောင် တယ်လို့ ထင်ရဲ့လား"

"ကျွန်မ အရင်က စိတ်ကူးခဲ့တာပေါ့လေ၊ ကျွန်မလက်ထ မယ့်ယောကျ်ားဟာ ကျွန်မလိုပဲ ဖြူစင်ရမယ်လို့"





"ဆောရီးပဲစော၊ ကျွန်တော်ဟာ စောထင်သလိုလူမျိုး တော့ ဒီကိစ္စကို ပြန်များပြုပြင်ချင်သလား"

ထိုအမေးကြောင့် သူ့ကို သူမ ဆတ်ခနဲကြည့်လိုက်သည်။ ၏ မျက်ဝန်းတွေမှာ သူမအပေါ် စွဲမက်မှုတွေ ရှိမနေပါလား။ နှမ်းရခက်အောင်ပင် သူ့မျက်ဝန်းတွေက တည်ငြိမ်နေသည်။ ကာသာ နောက်ဆုတ်ချင်လျှင် သူ့ဘက်မှ အချိန်မရွေး က်ဆုတ်ပေးမည့် သဘောလား၊ သူမ နှုတ်ခမ်းလေး မသိမသာ ကိုက်ရင်း ...

"ဆောရီးပဲ ဒေါက်တာ၊ ကျွန်မဟာ ဆုံးဖြတ်ထားတဲ့ တစ်ခုကို လွယ်လွယ်နဲ့ မပြင်တတ်ပါဘူး၊

တကယ်ဆို ဒါဟာ ဒေါက်တာ့အပြစ် မဟုတ်ပါဘူး၊ မ စိတ်ကူးလွန်သွားတာပါ၊ အရွယ်ရောက် အမျိုးသားအတော် များဟာ ဒီလိုကိစ္စမျိုးနဲ့ မကင်းတတ်ကြဘူး မဟုတ်လား"

"ကျွန်တော် ကတိပေးပါတယ် စော၊ စောနဲ့လက်ထပ် ရင် ဒီကိစ္စမျိုးတွေ အတတ်နိုင်ဆုံး ရှောင်ရှားပါမယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

"ကျေးဇူးစကားဆိုတဲ့ စကားဟာ ကျွန်တော်နဲ့ စောကြားမှာ လွန်းပါတယ်ဗျာ၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့နှစ်ယောက်က မကြာခင် လက်ထပ်ကြ
လှတွေပဲ။

စောအနေနဲ့ ကျွန်တော့်ကို 'ဒေါက်တာ' ဆိုတဲ့အခေါ်
ပြင်သင့်ပြီလို့ မထင်မိဘူးလားဟင်"

'သူဟာ သူမလက်ထပ်ရမယ့် ယောကျ်ားတစ်ယောက်
လားဟု အသိဝင်လာချိန်မှာ ပါးပြင် သွေးရောင်လွှမ်းလျ
ရှက်ပြုံးပြုံးမိ၏။

"ဒါဆို ဒေါက်တာကို ကျွန်မ ဘယ်လိုခေါ်ရမလဲ"

"သိပ်မခက်ပါဘူး စော၊ မောင်လို့"

"မောင်"

သူ့ကို မောင်ဟု ပထမဆုံးအကြိမ် ခေါ်မိချိန်မှာ 
အသည်းထဲ အေးခနဲ ဖြစ်သွားလျက် တစ်ကိုယ်လုံး ကြက်သီး
သွားသလို ခံစားရတာ ဘာကြောင့်ပါလိမ့်။

သူသည် ကျေနပ်သောအပြုံးဖြင့် သူမလက်တစ်ဖက်
တင်းတင်းဆုပ်ကိုင်လျက် ...

"ခုချိန်ကစပြီး မောင်နဲ့စောဟာ အရင်းနီးဆုံး လူ
ဖြစ်သွားပြီနော် တဲ့"

* * *





နှစ်ဖက်မိဘများ၏ ပြည့်စုံကြွယ်ဝမှုနှင့် သူမတို့နှစ်ယောက်
၏ ကြီးကျယ်မြင့်မားသော ဂုဏ်ရှိန်တို့ကြောင့် သူမတို့၏
ဂလာပွဲသည် အကြီးကျယ်ဆုံး အခမ်းနားဆုံး ဖြစ်ခဲ့ရသည်။

လက်မှတ်ထိုးသည့်နေ့၊ ထရိတ်ဒါးဟိုတယ်၏ အပေါ်ဆုံး
ထပ်မှာ မင်္ဂလာဆောင်သည့်နေ့နှင့် သူမတို့၏ ခြံကျယ်ကြီးထဲမှာ
ညာက်ညှေ့ခံပွဲ ကျင်းပချိန်များ အရင်းနီးဆုံး မိတ်ဆွေတို့ဖြင့်
ျော်ရွှင်စည်ကားစွာ ပြီးဆုံးခဲ့လေ၏။

"ဒေါ်စောမင်းခင်၊ ကျွန်တော်တို့ ဒေါက်တာကို ဟိုတယ်
ဆက်ခေါ်သွားမယ်နော်"

သူ၏ ရင်းနီးသော မိတ်ဆွေအပေါင်းအသင်းများက သူမကို
င်မင်စွာပြော၍ ခွင့်တောင်းလာသည်။ တစ်ကိုယ်လုံး စိန်တွေ
လျှပ်လျှပ်ဖြင့် လင်းလက်ချောမောနေသော သူမသည်



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင် အနောက်တိုင်းဝတ်စုံဖြင့် ချောမောခန့်ညားနေသော သူ့ကို ပြုံးကြည့် လျက် ...

"သူ့သဘောပါ" ဟု အဖြေကြောင့် မိတ်ဆွေအားလုံးက သူ့ကို ဝိုင်းကာ ...

"ဘယ်လိုလဲ ဒေါက်တာ၊ ဒေါ်စောမင်းခင်ကတော့ ခွင့်ပေး နေပြီ၊ ဒေါက်တာ ငြင်းဖို့ မကြံနဲ့ဗျ"

"ကိုယ့်လူတို့ကတော့ လုပ်ပြီဗျာ၊ ဒီမှာ ခင်ဗျားတို့ကို အဝ တိုက်ထားပြီပဲ၊ မဝသေးရင် ဒီမှာပဲ ထပ်သောက်ဗျာ"

"ဟိုး ...ဟိုး ကိုယ့်ဆရာ၊ မလိုချင်ဘူး၊ ကျွန်တော်တို့က သီးသန့်ဘတ်ချ်လာနိုက် အဖြစ်နဲ့ကို ဒေါက်တာ့ကိုလုပ်ခိုင်းတာ"

သူက သူမအနား လျှောက်လာကာ လှပသော သူမမျက်နှာ လေးကို တည့်တည့်ရှုးရှုးကြည့်လျက် တိုးတိတ်သောလေသံဖြင့်

"တကယ်ပဲ ကိုယ်လိုက်သွားရမလား စော"

"မောင့်ဆန္ဒအတိုင်းပဲလေ၊ စောက မောင့်ဆန္ဒကို မတားဖြ ချင်ဘူး"

"ကိုယ်ကလဲ စော ဆန္ဒအတိုင်းပဲ ဖြစ်ချင်တယ်၊ ဒီတော့ စော ပြောပါ"





သူမတို့နှစ်ယောက် မျက်ဝန်းချင်း မလွှဲတမ်း ဆုံမိကြ၏။ တစ်ဦး၏ မျက်ဝန်းထဲကို တစ်ဦးက အဖြေရှာနေဟန်။

ထိုစဉ် သူတို့နားသို့ မိတ်ဆွေများ ရောက်လာသည်။

"ဒေါက်တာနဲ့ ဒေါ်စောမင်းခင်ကတော့ တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြပါလားဗျ၊ ဟင် မောင့်ဆန္ဒ၊ စောဆန္ဒနဲ့ ကြားရတဲ့ကျွန်တော်တောင် အားကျလာပြီဗျာ၊

ဒီလောက်ချစ်တဲ့ စုံတွဲကို မခွဲရက်ဘူးဗျာ၊ ဟိုတယ်လိုက် ဆိုက်ရမယ်ဆိုတာ ကျွန်တော်တို့ နောက်တာပါ၊

ဒေါက်တာနဲ့ စောမင်းခင်တို့ရဲ့ ချည်ခံမှုက ပြည့်စုံပါတယ်"

သည်တော့မှ သူမတို့နှစ်ယောက်သား ပြုံးတူသက်ပြင်း ချကာ တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပြုံးမိလိုက်ကြ၏။ ဧည့်သည်များသားရင်မှာလည်း ကိုယ်စီ လှုပ်ရှားနေကြသည်။

မောင်နဲ့စောဟာ သိပ်ချစ်ကြတဲ့လူတွေတဲ့။ ဟင့်အင်း၊ သူမတို့နှစ်ယောက် လက်ထပ်ကြတာ မိဘတွေ သဘောတူခဲ့ ကြလို့ပါ။ တစ်ယောက်ကိုတစ်ယောက် ချစ်လားဟု တစ်ခါမှ မေးမြန်းကြပါ။

သူမတို့ မင်္ဂလာခန်းဝင်ချိန်မှာလည်း ရွှေကြိုးများသားကြ ပါဝါသည်။ သူကပြုံးလျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက်ပေးရမှာလဲ" ဟု မေးတော့ အားလုံး ခေါင်းခါကာ...

"ပိုက်ဆံမလိုချင်ဘူးဗျို့၊ ခေါက်တာက ခေါ်စောမင်းခင်ကို မင်္ဂလာဦး အနမ်းပေးပါ"

"အို ..."

သူမ၏ မျက်နှာလေး နီရဲသွားသလို သူကိုယ်တိုင်လည်း ငြင်းရခက်နေသည်။

"ကျွန်တော်တို့တောင်းဆိုတာ မလိုက်လျောရင် ရွှေကြိုး မဖြတ်ပေးဘူးနော်"

"ဟုတ်တယ်ဗျို့ ဟုတ်တယ်"

အကျပ်ကိုင်နေသူများကြောင့် နောက်ဆုံး သူက သူမကို ခွင့်တောင်းဟန်ဖြင့်ကြည့်၏။

"ဆောရီးနော် စော"

"အို ..."

သူက သူမကို လျှပ်တစ်ပြက် ပွေ့ဖက်ကာ ပါးပြင်နီ့နီ့ကို ရှိုက်နမ်းခိုက် လက်ခုပ်သံတွေ ဆူညံသွားလျက် ရွှေကြိုးလည်း ပြတ်သွားတော့၏။





သူက သူမကိုယ်လေးကို ဆတ်ခနဲ ပွေ့ချီကာ အခန်းထဲဝင် ်ချိန်မှာ နောက်မှတံခါးကို တစ်စုံတစ်ယောက်က ပိတ်ပေးသံ းရ၏။

သူက သူမကိုယ်လေးကို ခုတင်ပေါ်သို့ ညင်သာစွာချပေး ်သည်။ သူ့မျက်ဝန်းတွေကို မကြည့်ရဲအောင် ှင်ခုန်သံတွေ မြန်နေ၏။

"စော"

သူ့ခေါ်သံ တိုးတိုးညင်းညင်းပေမယ့် သူ့မနားထဲမှာတော့ ာမြကြီး တုန်ဟည်းသွားသလိုပါပဲ။

သူ့ကို အလန့်လန့်အဖျပ်ဖျပ်ဖြင့် မော့ကြည့်တော့ က်ပသောမျက်ဝန်းများကို တွေ့ရသည်။ ပြုံးနေသော နှုတ်ခမ်း ကြောင့် သူမ ပြန်ပြုံးမိမတတ်။

"သိလား စော၊ စော ဒီနေ့ သိပ်လှတာပဲ၊ မောင့်သူငယ်ချင်း ာ မောင့်ကို ကံကောင်းတယ်တဲ့"

"စော မိတ်ဆွေတွေကလဲ ဒီလိုပဲ ပြောကြပါတယ် င်"

"စောကရော တကယ်ပဲ အဲ့ဒီလိုထင်ရဲ့လားဟင်"

www.burmeseclassic.com



ညှို့ယူနေသော မျက်ဝန်းတွေကို သူမ မရှောင်ရှားနိုင်ပါ ထို့ကြောင့် ခေါင်းကို ဖြည်းလေးစွာညိတ်ပြရင်း

"မောင်ဟာ စောကို ကံကောင်းစေမယ့်သူလို့ ယုံကြည် တယ်"

"စော၊ စောရယ်"

သူမမျက်ဝန်းလေးတွေ မှေးမှိတ်သွားကာ နွေးထွေးသော ရင်ခွင်ထဲ အလိုအလျောက် ရောက်သွားရ၏။ ရင်ခုန်ကြည်နူးဖွယ် ကောင်းသော သည်အတွေ့အကြုံများဟာ သူမအတွက် ပထမဆုံး ဘဝမှာ ဘယ်တော့မှ မေ့နိုင်လိမ့်မည် မဟုတ်ပါ။

ဆန်းကြယ်သော၊ နူးညံ့နွေးထွေးသော၊ ယစ်မူးစွဲမက်ဖွယ် ကောင်းသော ကမ္ဘာသစ်ကြီးထဲမှာ သူမ အိပ်မက်တစ်ခု မက်နေ သလိုလို။ သေချာတာကတော့ သူမ၏ လှပသောအိပ်မက်သည် ချိုမြသောရနံ့တို့ဖြင့် သင်းပျံ့နေသည်သာ။

* * *





နေခြည်၏ နုထွေးသောအလင်းရောင်ခြည်သည် အခန်း သို့ ကျရောက်လာချိန်၌ သူမ၏ မျက်ဝန်းအစုံ ပွင့်ဟလာ၏။ ဘေးကြည့်လိုက်တော့ ဖြူစင်သောမွေ့ရာပေါ်မှာ နှစ်မြိုက်စွာ မောကျနေသော အရုပ်မြင့်မြင့် သန့်သန့်နှင့် ခန့်ညားချောမော သော မောင့်ကို တွေ့ရသည်။

သူမ အိပ်ရာမှ အသာထရင်း နဖူးပေါ်တွင် အနည်းငယ် ဝဲကျနေသောဆံပင်များခွေကျလျက် ကလေးငယ်တစ် ယောက်လို အိပ်ပျော်နေသော မောင့်ကို ကြည့်မိသည်။ မောင်သည် နေ့ သူမ၏ အိမ်ဦးသခင်တစ်ယောက် ဖြစ်နေပါရောလား။

မောင် ... မောင်၊ သူမဘဝကို ထူးခြားစွာ ပိုင်ဆိုင်ခဲ့သည့် ယောကျ်ားတစ်ယောက်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



မေမေတို့ သဘောတူစဉ်က မောင့်ကို မမြင်မတွေ့ရစဉ်
ထိ သူမ ငြင်းဆန်ခဲ့သော အဖြစ်ကိုတွေးလျက် တစ်ယောက်တ
ရှက်သလို ပြုံးမိ၏။

မောင့်ကိုတွေ့သည်နောက် သူမ ဘယ်လိုမှ မငြင်းပယ်
ခဲ့တာ မဟုတ်လား။

သူမ မောင် မနိုးစေရန် ခုတင်ပေါ်မှ အသာဆင်းမည်

"ဟိတ် ..."

"အမေ့ ..."

သူမကိုယ်လေး တစ်ပတ်လည်ကာ မောင့်ရင်ခွင်
ရောက်ရှိ သွားသည်။ မောင်က သူမကိုယ်လေးကို သိုင်းဖက်

"အစောကြီးရှိသေးတယ်၊ စောက ဘယ်သွားမလို့

"သြော် မောင်ကလဲ စော အလုပ်သွားရမယ်လေ"

"ဟင် ..."

မောင် မျက်နှာတစ်ချက်ပျက်လျက် သူမကို ခပ်
ကြည့်သည်။

"စောက အလုပ်သွားမယ် ဟုတ်လား"

သူမ ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်လေ မောင်၊ ဘာဖြစ်လို့လဲ"





"ဟာကွာ၊ မောင်က ဒီနေ့ပဲ စောနဲ့အတူ ဟန်းနီးမွန်းထွက်ဖို့ စီစဉ်ထားတာကွ"

"ဟင် မောင်က စောကိုလဲ ကြိုမပြောပါလား၊ ဟန်းနီးမွန်း ထွက်လို့တော့ မဖြစ်သေးဘူး မောင်၊ ဒီရက်ပိုင်းမှ ကုမ္ပဏီအတွက် နိုင်ငံခြားက အရေးကြီးတဲ့ဧည့်သည်တွေ လာမယ်၊ သူတို့နဲ့ အရောင်း အဝယ်စာချုပ်တွေ ချုပ်စရာရှိတယ် မောင်"

မောင်သည် သူမကို ဖက်ထားရာမှ ဖြေလွှတ်၏။

"ဒီအလုပ်တွေ မလွှင်နဲ့ လွှဲထားလိုက်ပါလား စော၊ မောင်တို့အတွက် မင်္ဂလာဦးရက်ဆိုတာ အစားပြန်ရတာမှ မဟုတ်ပဲ"

မောင့်တောင်းဆိုမှုကြောင့် သူမ သက်ပြင်းကြိတ်ချလိုက်၏။ မောင့်ရင့်ခွင်မှာ သူမ မေးတင်လိုက်ရင်း ...

"မဖြစ်လို့ပါ မောင်ရယ်၊ ဒီအလုပ်တွေက စောကိုယ်တိုင် လုပ်ရမှာမို့ပါ၊ ဟန်းနီးမွန်းဆိုတာ ဘယ်အချိန်ထွက်ထွက် ရတာပဲ မောင်ရယ်"

"မောင်တော့ စောကို နားမလည်ဘူး၊ လက်ထပ်ပြီး နောက်ရက်မှာ အလုပ်ဝင်တယ်လို့၊ တကယ်ဆို ဒီရှယ်တွေကို စော တန်ဖိုးထားသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် စိတ်ဆိုးလားဟင်၊ ဒါဆို စော တောင်းပန်ပါတယ်ကွယ်၊ တကယ်ဆို ဒီရက်တွေကို စော တန်ဖိုးထားတာပေါ့၊ ဒါပေမယ့် အလုပ်တွေက ဘယ်လိုမှ"

"တော်ပြီ စော၊ ကိုယ် နားလည်ပြီ၊ စော အလုပ်ကိုသာ စော သွားပါ၊ လက်ထပ်ဖို့ ခွင့်တင်ထားတဲ့ရက်တွေကို မောင်လဲ အလုပ်ပြန်ဝင်မယ်"

"မောင်၊ ဒါ စောကို စိတ်ဆိုးလို့ ပြောတာမဟုတ်ပါဘူးနော်"

သူ တစ်ချက်ပြုံးကာ ခေါင်းခါ၏။

"မောင်က စိတ်ဆိုးရအောင် ကလေးမှ မဟုတ်ဘဲ"

"အဟင်း ...တော်သေးတာပေါ့၊ မောင် အဲ့ဒီလို နားလည်မှုရှိလို့"

သူမက သူ့နဖူးကို တစ်ချက်နမ်းပြီး ရေချိုးခန်းဝင်ခဲ့သည်။ သူမစိတ်ထဲမှာ သည်နေ့ အလုပ်တွင် ညှိသည်တွေနှင့် တွေ့ဖို့ အစီအစဉ် လုပ်နေ၏။

သူမ အခန်းထဲပြန်ဝင်လာချိန်ထိ မောင် အိပ်ရာက မထသေး။ သူမ တစ်ချက်လှမ်းကြည့်ရင်း

"မောင် အိပ်ရာကထတော့လေ၊ မနက်စာ စားရအောင်"





သူက ဘာမှမပြောဘဲ အိပ်ရာမှ ထသွား၏။ သူမ အလှပြင်ကာ အဝတ်အစားလဲလိုက်သည်။

သူမ ပြင်ဆင်ပြီးချိန်မှာ သူ အခန်းထဲ ဝင်လာ၏။

"ဪ မောင့်အတွက်-အဝတ်အစား ထုတ်ပေးရဦးမယ်"

သူမ ပြောရင်း မောင့်ဗီရိုထဲမှ ဝတ်စုံတစ်စုံကို ထုတ်ပေးလိုက်၏။

"ရပါတယ် စော၊ ကိုယ့်ဘာသာ လုပ်ပါ့မယ်"

"အို ဘယ်ဟုတ်မလဲ မောင်ရဲ့၊ စော ဒီလောက်တော့ လုပ်ပေးနိုင်ပါတယ်"

"ဒါဆိုရင် ကျေးဇူးပဲ စော"

"မောင့်စကားက သူစိမ်းဆန်လိုက်တာ"

သူမ မကြိုက်သလိုပြောရင်း မောင့်မျက်နှာကို ကြည့်မိသည်။ မောင့်မျက်နှာ စောစောကထက် တည်တံ့နေ၏။

သူမ မောင့်အင်္ကျီကြယ်သီးများကို ကူတပ်ပေးရင်း ...

"နေ့လယ်စာကို မောင်နဲ့စော အတူစားရအောင် နော်"

"စော အချိန်ရပါ့မလား"

"ဒီလောက်တော့ အချိန်ရပါတယ် မောင်၊ မောင်လာခဲ့ပါ၊ စော စောင့်နေမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ"

ထို့နောက် နှစ်ယောက်သား အောက်ထပ်ဆင်းခဲ့ကြသည် အိမ်ဖော်များ ပြင်ဆင်ထားသော လက်ဖက်ရည်ပွဲက သူမတို့ အသင့်ကြိုနေသည်။

သူတို့နှစ်ယောက်၏ စားပွဲတွင် ဝင်ထိုင်သည်နှင့် ကောင်မ က လက်ဖက်ရည်ငှဲ့ပေး၏။ သူ လက်ဖက်ရည်ပန်းကန် အသာတွန်းဖယ်ရင်း ...

"ကိုယ် လက်ဖက်ရည် မသောက်အုံး စော"

"ဟင် ...ဒါဆို မောင် ဘာသောက်မှာလဲ"

"မနက်ဆို ပဲပြုတ်နဲ့ကြော်ထားတဲ့ ထမင်းကြော် ကော်ဖီ သောက်တယ်"

"အို ...ဟုတ်လား၊ ဒါကို စော မေးဖို့ မေ့သွားတ ဒွေးဒွေး မောင်ပြောတာ မှတ်ထားနော် နောက်နေ့တွေ ဒီအတို လုပ်ပေး၊ ကြားလား"

"ဟုတ်ကဲ့ မမလေး"

အိမ်ဖော်ကောင်မလေးက တရိုတသေ ခေါင်းညိတ် သူ စိတ်ပျက်စွာ သက်ပြင်းချသည်။



"မောင်ရေ၊ ဒီနေ့တော့ အချိန်မရတော့ဘူး မဟုတ်လား၊ ဒီတော့ ရှိတာတွေနဲ့ပဲ"

"ရပါတယ် စော၊ မောင် အပြင်ထွက်စားပါ့မယ်၊ ကဲ မောင် သွားမယ်"

မောင် နေရာမှ ထတာကြောင့် သူမလည်း ထလိုက်ရ၏။

"မောင် နေ့ခင်း စောဆီ လာမယ်မဟုတ်လား"

"အင်း၊ လာမယ်လေ"

"ဒါဆို စော စောင့်နေမယ်နော်"

သူ ခေါင်းညိတ်ကာ ကားဖြင့်ထွက်ခဲ့၏။ စောကို သူ လိုက်ပို့စရာမလို၊ သူမအတွက် ဒရိုင်ဘာက အသင့်ရောက်နေပြီ မဟုတ်လား။

သူတို့၏ မင်္ဂလာဦးနံနက်ခင်းသည် စိုပြည်ခြင်း ကင်းမဲ့ နေလေသည်။

"ဒါ ဘာကြောင့်လဲ"

* * *

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆို မင်းမှားတာပေါ့ စောရယ်၊ ဒီအချိန်မှာ အလုပ် ကိစ္စကို ခဏဘေးဖယ်ထားပြီး ဒေါက်တာပြောသလို ဟန်းနီးမွန်း ထွက်ရမှာကွ"

လွင်လွင်က သူမကို အပြစ်တင်တာကြောင့် ဟန်းနီးမွန်း ထွက်ဖို့ ငြင်းခဲ့တာ မှားသွားပြီလားဟု စဉ်းစားမိရ၏။

"ကျွန်မလဲ ထွက်ချင်တာပေါ့ လွင်လွင်၊ ဒါပေမယ့် ဒီနေ့လာမယ့် ဧည့်သည်တွေက ကျွန်မတို့ကုမ္ပဏီအတွက် အရမ်း အရေးကြီးတယ် မဟုတ်လား၊

ဟန်းနီးမွန်းဆိုတာ ဘယ်အချိန်ထွက်ထွက် ရတာပဲလေ"

လွင်လွင်က ခေါင်းခါယမ်း၏။

"စော…စော၊ မင်းအယူအစတွေ မှားနေပြီ၊ တို့သာ ခင်းနေရာမှာဆို ဘယ်လောက် အလုပ်အရေးကြီးကြီး ဟန်းနီးမွန်း





ထွက်ပစ်လိုက်မှာပဲ၊ ဒီအခွင့်အရေးဟာ နောက်တစ်ကြိမ် မရနိုင် တော့ဘူးလေ"

"အိုကွာ၊ မောင်က ကျွန်မအပေါ် နားလည်မှုရှိပါတယ်၊ ကဲ ဒီနေ့ ဧည့်သည်တွေကို လေယာဉ်ကွင်းသွားကြိုဖို့နဲ့ ကျွေးမွေး ဧည့်ခံဖို့ အစီအစဉ် ဘယ်လိုလဲ လွင်"

"အားလုံး အသင့်ပဲ၊ သူတို့ တည်းခိုဖို့ပါ အခန်းငှားထား ပြီးပြီ"

"အဟင်း…မင်း သိပ်တော်တာပဲ လွင်၊ ကဲ ဒါဆို လေယာဉ်ကွင်းသွားစို့"

ဧည့်သည်တွေ ကြိုရန်အတွက် သူမနှင့်လွင်လွင် လေယာဉ် ကွင်း ထွက်ခဲ့၏။ ထိုစဉ် ဒေါက်တာမင်းရဲ့အိမ်မှာလည်း…

"ဟာ…ဟိတ်ကောင်၊ မနေ့ကမှ မင်္ဂလာဆောင်ပြီးတဲ့ လူက ဘယ့်နှယ် ဒီရောက်လာရတာလဲ"

သူငယ်ချင်းဖြစ်သူ ဒေါက်တာက သူ့ကိုတွေ့တော့ အံ့ဩ တာ မေးသည်။ သူ မချိပြုံးလိုက်ရင်း…

"မင်းမြင်တဲ့အတိုင်းပဲ ဘဆွေ၊ အခု အလုပ်ဝင်လာတာ"

"ဟော့…ဘယ့်နှယ့် ဒီအချိန် ပျားရည်ဆမ်းထွက်ရမှာ မင်းမိန်းမရော"



www.burmeseclassic.com

www.burmeseclassic.com



"သူလဲ အလုပ်သွားတယ်လေ"

"ဟာ ...မင်းတို့ကလဲ အဆန်းပါလား၊ ဒီလောက်ချမ်းသာနေကြတဲ့ဟာ၊ ဘယ်နှယ့် အလုပ်လောကြီးနေရတာလဲ၊ မဟုတ်သေးပါဘူးကွာ"

"မဟုတ်လဲ မတတ်နိုင်ဘူး ဘဆွေ၊ ဓာက ဟန်းနီးမွန်းထွက်ဖို့ အချိန်မရဘူးတဲ့ကွ၊ နောက်မှ ထွက်ရအောင်တဲ့၊ ဘာပြောရမှာလဲ"

တစ်မနက်လုံး စိတ်ထဲ မကျေမနပ်သမျှ သူ ရင်ဖွင့်မိ၏။

"ဒါ မင်းညံ့တာပေါ့ မင်းရဲ၊ တကယ်ဆို ဟန်းနီးမွန်းထွက်ချင်လာအောင် မင်း သူ့ကို ဆွဲဆောင်ရမှာ"

"ဒီလိုဆွဲဆောင်မှ ဟန်းနီးမွန်းထွက်ရမယ်ဆိုရင် ငါ ဘယ်တော့မှ မထွက်ဘူး ဘဆွေ၊ တကယ်ဆို ငါမပြောဘဲ သူသိရမှာ၊ ခုတော့ မင်္ဂလာဦးရက်မှာတောင် အလုပ် အရေးကြီးနေတဲ့ မိန်းမကို ငါ ဘာမှမပြောချင်ဘူး"

"အင်း၊ မင်းအဖြစ်ကလဲ တစ်မျိုးပဲကွာ၊ ဒေါ်ဓာမင်းခင်ကလဲ လိုပါတယ်၊

တကယ်ဆို ဒီရက်တွေဟာ မင်းတို့အတွက် တန်ဖိုးရှိတဲ့ အချိန်တွေ၊ ဘာနဲ့မှ အစားထိုးမရတဲ့ နေရက်တွေပဲ"





"မင်း သိသလိုမျိုး ဓာသာသိရင် ဘယ်လောက်ကောင်းမလဲ၊ သူဟာ ထက်မြက်တဲ့မိန်းမတစ်ဦးမှန်း သိပေမယ့် ခုလောက်ထိ အလုပ်ကို ကြိုးစားလွန်းမှန်း မသိဘူး"

တကယ်ပဲ သူမကို လက်ထပ်ရချိန်၌ ကံကောင်းသည်ဟု ဆခဲ့သောသူ့အတွက် ခုချိန်မှာတော့ အတော်လေး စိတ်ပျက်စ ဖြစ်နေ၏။

သူလို ယောကျ်ားတစ်ယောက်ကိုတောင် ဓာဟာ ဂရုမစိုက်လား။

တခြားမိန်းကလေးတွေဆို သူ နည်းနည်း အရေးပေးတာနှင့် ရအောင် ကပ်လွန်းလို့။ ဟင်း ဓာကျတော့လည်း ...

သူ ဆက်မတွေးတော့ပါ။

နေ့လယ် ထမင်းစားချိန်ရောက်တော့ သူမထံ သူထွက်လာခဲ့ည်။ သူမကို အသင့်တွေ့ရ၏။

"မောင်လာတာ အတော်ပဲ၊ အခုပဲ ဧည့်သည်တွေကို ယ်စာ ဓာ လိုက်ကျွေးမလို့၊ လာ မောင်နဲ့အတူသွားစို့"

နှစ်ယောက်တည်း သီးသန့်စားရမည်ဟု ထင်ထားသော ယ်စာက ခုတော့ သူမဧည့်သည် နိုင်ငံခြားမိတ်ဆွေများဖြင့် ည်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ချည်သည်တွေနှင့် မိတ်ဆက်ပေး၏။ ဝတ္ထုရေး အရ မိတ်ဆက်ပေးတာကို ပြုံးပြနှုတ်ဆက်ရသည့်တိုင် မင်္ဂလာ ဦးရက်မှာ ဇနီးမောင်နှံနှစ်ယောက် အတူထမင်းလက်ဆုံ မစား တာကို မကျေနပ်နိုင်ပါ။

သည်လိုမှန်းသိ သူမဆီ ထမင်းလာမစားပါ။ ထမင်း ခပ်နည်းနည်းစားသော သူ့ကိုလည်း သူမက ဂရုပြုမိဟန်မတူ ချည်သည်တွေကို ချည့်ခံနေရတာနှင့် အချိန်ကုန်နေ၏။

ထမင်းစားပြီးတော့ သူမက သူ့ကို မေးသည်။

"မောင် စောတို့ကုမ္ပဏီ လိုက်ခဲ့ဦးမယ် မဟုတ်လား ဟင်"

"မလိုက်တော့ဘူး စော၊ ကိုယ့်မှာ အလုပ်တွေရှိသေးတယ်"

"ဒါဆို ညနေကျမှပဲ ပြန်ဆုံမယ်နော် မောင်"

သူ့ကို မိတ်ဆွေတစ်ယောက်လို နှုတ်ဆက်ကာ ထွက် သွားသော သူမကျောပြင်ကိုကြည့်ကာ သက်ပြင်းကြိတ်ရှိုက် လိုက်၏။

စော ... စော ... စော မင်းဟာ မောင်နဲ့မနေ့ကမှ လက်ထပ် ထားတဲ့ မိန်းမတစ်ယောက်ဆိုတာ သိပါလေစကွယ်။



ညနေ သူ အိမ်ပြန်ရောက်ချိန်ထိ သူမ ပြန်မရောက်သေးပါ။ ကို ဖုန်းဆက်မည်ကြံပြီးမှ ထိုစိတ်ကူး ပယ်ဖျက်ကာ ကို စောင့်နေလိုက်၏။

တကယ်ဆို သူလိုချင်တာက သည်လို အိမ်ထောင်ရေး တ်။ အပြင်မှ မောမောနှင့်ပြန်လာသော ခင်ပွန်းကို အိမ်မှ လုပ်သူက အမောပြေဖျော် ဆီးကြိုရမည်သာ။

ဘာကြောင့်များ စောဟာ သည်လိုမိန်းမမျိုး မဖြစ်ရတာလဲ။ ခြောက်နာရီနီးပါးမှ သူမ ရောက်လာ၏။

"ဟင် ... မောင် ပြန်ရောက်နေပြီ"

သူ့ကိုတွေ့တော့ အပြုံးလေးတစ်ချက်ပွင့်လျက် သူမ ၏။ သူသည် မျက်နှာကို အတတ်နိုင်ဆုံး မတင်းမာမိအောင် လျက် ...

"စော ပြန်လာတာ နောက်ကျလှချည်လား"

"ဟုတ်တယ် မောင်ရေ၊ ချည်သည်တွေကို လိုက်ပို့နေရ နဲ့"

သြော် သူမယောကျ်ား သူဟာ သူမရဲ့ ချည်သည်တွေ တ်တောင် အရေးမပါပါလား။

www.burmeseclassic.com

www.burmeseclassic.com



"သိလား မောင်၊ ဒီနေ့ ညည်သည်တွေနဲ့တွေ့ရတာ သိပ်အဆင်ပြေတာမဲ၊ စာချုပ်တွေနဲ့ အကုန်ချုပ်ဖြစ်တယ်၊ တခြား ကုမ္ပဏီတွေက ဒီစာချုပ်အတွက် လိုချင်နေချိန်မှာ စော ရလိုက်တာ"

"အဟင်း ...ဟင်း"

မှန်တင်ခုံရှေ့ထိုင်ကာ ဆံထုံးလှလှလေးကို တစ်ခုချင်းဖြုတ်ရင်း လှပစွာရယ်နေသော ဇနီးဖြစ်သူကို စိတ်ပျက်စွာကြည့်မိ၏။

သူ့ကို တစ်ချက် "ထမင်းမစားရသေးဘူးလား" ဟု မမေး။ ဒါလား သူ လက်ထပ်လိုက်တဲ့ မိန်းမ။

"ဒါနဲ့ မောင် ထမင်းစားပြီးပြီလား"

"ဘယ်စားရသေးမလဲ၊ စောကို စောင့်နေတာ"

"အို ...ဟုတ်လား၊ စားနှင့်ရောပေါ့မောင်ရယ်၊ စောကို စောင့်နေရတာနဲ့ မောင် ဆာနေရောပေါ့၊

ခဏ ...ခဏနော် မောင်၊ စော ရေချိုးလိုက်မယ် တစ်နေ့လုံး ပင်ပန်းထားတော့ ငြီးငွေ့နေလို့ပါ"

သူမ ပြောပြောဆိုဆို အဝတ်အစားလဲကာ ရေချိုးခန်းထဲ ဝင်သွား၏။ သူ အိပ်ရာထက် နဖူးပေါ် လက်တင်ကာ သက်ပြင်းကိုသာ အကြိမ်ကြိမ် ချနေမိ၏။





ခဏကြာတော့ သူမ အခန်းထဲဝင်ရောက်လာကာ မှန်တင်ခုံ ရှေ့ထိုင်သည်။ ဖြူဖွေးသော အသားအရေမှာ ပုလဲရောင် ရေစက် လေးများက ဟီးလေးခိုတွဲလျက် ...

"မောင် ဆာနေပြီလားဟင်"

မှန်ထဲမှတစ်ဆင့် သူ့ကိုလှမ်းကြည့်ကာ မေးသည်။

နပျိုလန်းဆန်သော သူမမျက်နှာလေးကြောင့် တင်းကျပ်နေ သော သူမမျက်နှာလေးကြောင့် တင်းကျပ်နေသောစိတ်တွေ လျော့သွားလျက် ...

"ရပါတယ်" ဟု ပြောလိုက်ရ၏။ သူမ တစ်ချက်ပြုံးသွား လျက် သနပ်ခါးပါးပါးလူးကာ ဂါဝန်လက်ပြတ် အရှည်လေးကို ဝတ်လိုက်၏။

အင်း သည်လိုကျတော့လည်း သူမဟာ ဆယ်ကျော်သက် အရွယ် မိန်းကလေးတစ်ယောက်လို နုပျိုလှပနေတာပါလား။

ကုမ္ပဏီပိုင်ရှင် ဒေါ်စောမင်းခင်ဆိုသော ဂုဏ်ပုဒ်နှင့်အညီ ရင့်ရော်အကျိုးလက်ရှည်၊ ဆံထုံးလှလှထုံးထားသော ဂုဏ်သရေရှိ မိန်းမတစ်ယောက်၏ ဟန်ပန်နှင့်လည်း သူမက ကျက်သရေရှိစွာ လှပတင့်တယ်နေတာပါပဲ။

"မောင် ဘာကြည့်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပြုံးလျက် မေး၏။

"ဩော် ဆံထုံးလှလှထုံးပြီး အင်္ကျီရင်စေ့လက်ရှည် ဝတ်တတ်တဲ့ စောကို ဒီလို ကလေးဆန်ဆန် ဂါဝန်ရှည်ရှည်မျိုးနဲ့ တွေ့ရမယ် မထင်ဘူးလေ"

"ဘာလဲဟင်၊ ဒီလိုဝတ်တာ မောင် မကြိုက်ဘူးလား"

"အဟွန်း ...ကြိုက်ပါတယ်ဗျာ၊ မောင့်မိန်းမက ပုံစံနှစ်မျိုးနဲ့ ဆိုတော့ မောင်ကလဲ အသွင်နှစ်မျိုးနဲ့ ချစ်ရတာပေါ့"

သူပြောရင်း ခုတင်ပေါ်မှ ဆင်းလျက် သူမထံ လျှောက်သွားကာ လည်တိုင်ကျော့ကျော့လေးကို အသာငုံ့နမ်းလိုက်သည်။ သူမထံမှ လတ်ဆတ်မွှေးပျံ့သော ရနံ့က သူ့စိတ်ကို လန်းဆန်းသွားစေသည်။

"မောင် ခုနက စောကို ချစ်တယ်လို့ ပြောလိုက်တာလား"

"အင်းလေ၊ ဘာဖြစ်လို့လဲ"

သူ့မျက်ခုံးနှစ်ဖက် ပင့်ကာမေးရင်း သူမ၏ မျက်နှာလှလှလေးများကို ငုံ့နမ်းလိုက်သည်။

"နေပါဦး မောင်၊ ဒါဆို မောင် စောကို လက်ထပ်တာ ချစ်လို့လား"





"အဟွန်း ...ဟွန်း ...စောရယ် လက်ထပ်ပြီးတဲ့ ယောက်ျားတိုင်း ကိုယ့်မိန်းမကိုယ် ချစ်ကြတာ ဘာဆန်းလဲ၊ ကဲ လာ ထမင်း သွားစားစို့"

သူမ၏ သေးကျဉ်သော ခါးလေးကိုဖက်ကာ သူတို့နှစ်ယောက် အောက်ထပ်ဆင်းခဲ့ကြသည်။ သူမစိတ်ထဲမှာတော့ မောင့်ထံမှ ရရှိလိုက်သော အဖြေအတွက် တစ်စုံတစ်ရာကို ဘဝင်မကျသလိုလိုပါပဲ ။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဆေးစာအုပ် ထုထုကြီးကိုဖတ်နေရာမှ သူ၏ မျက်တောင်များ တဖြည်းဖြည်း မှေးစင်းလာသည်။ သူမကိုကြည့်လိုက်တော့ စားပွဲတွင် စာရင်းဇယားစာအုပ်များဖြင့် အလုပ်ရှုပ်နေဆဲ...

သူ နေရာမှထကာ စာအုပ်ကိုပိတ်လိုက်ရင်း...

"စော အိပ်ကြအောင်ကွာ"

သူမက သူ့ကိုလှည့်မကြည့်ဘဲ...

"မောင် အိပ်နှင့်လေ၊ စော ဒီမှာ အလုပ်လေးတွေ မပြတ်သေးလို့"

နာရီကြည့်လိုက်တော့ ည ဆယ်နာရီရှိပြီ။ ဒါတော့ စော လွန်ပြီဟု သူ ထင်၏။ တစ်နေ့လုံး အလုပ်၊ တစ်ညလုံး အလုပ်နှင့် သူ့အတွက်အချိန် သူမမှာ မရှိ။

သူ...သူမထံလျှောက်သွားကာ စာအုပ်ကို ဆတ်ခနဲ ဆွဲယူ၍ စားပွဲပေါ် ပစ်တင်လိုက်သည်။





"ဟင် မောင် ဘာလုပ်တာလဲ"

သူမ မော့်ကြည့်ပြီးမေး၏။

သူ ခပ်မဲ့မဲ့ပြုံးရင်း...

"ဒါ အလုပ်ချိန်မဟုတ်ဘူး စော၊ တစ်နေ့လုံး အလုပ်လုပ်နေတာ စော မပင်ပန်းသေးဘူးလား၊ အနားယူဖို့ကောင်းပြီ"

"ကျွတ်...မောင်ကလဲကွာ၊ ဒီစာရင်းတွေ ဒီနေ့ အပြီးကြည့်ရမှာမို့ပါ၊ မနက်ဖြန် စာရင်းအားလုံး ပိတ်မယ်လေ"

သူမကို အလျှော့ပေး၍ မရတော့ဘူးဆိုတာ သူ သိလိုက်၏။

"မလိုချင်ဘူး စော၊ မင်းမှာ အလုပ် အလုပ်နဲ့ ကိုယ့်ကိုမှ သတိရသေးရဲ့လား၊ တကယ်ဆို မောင်နဲ့စောတို့အတွက် ဒီအချိန်ဟာ ကြားလေသွေးရင် ဆေးရမှာကို ကြောက်တဲ့အချိန်မျိုး ဖြစ်ရမှာ"

"မောင်က စိတ်ကူးယဉ်ဆန်လွန်းတဲ့ စကားတွေ ပြောနေပြန်ပြီကွာ၊ စောတို့က စိတ်ကူးယဉ်ရမယ့်အရွယ်တွေ မှဟုတ်ဘူးလေ"

ကြည့်စမ်း သူမကို အစက သည်လောက် အေးစက်တဲ့ နှလုံးသားပိုင်ရှင်မှန်း မသိခဲ့။ သူမဟာ သာမန်မိန်းမသားတစ်ယောက်နှင့် မတူဘဲ ကျောက်ရုပ်တစ်ရုပ်နှင့် တူနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ စိတ်ကူးယဥ်တာ မဟုတ်ဘူး စော၊ လက်ထပ် ပြီးတဲ့ ယောကျ်ားတိုင်းရဲ့ ဆန္ဒပဲ ကဲ"

"အို...ဘာလုပ်တာလဲ"

သူမကို ဆတ်ခနဲ ပွေ့ချီလိုက်၏။ သူ တစ်ချက်ပြုံးကာ...

"စော အနားယူချိန် ရောက်ပြီလေ"

"အို...စော မအိပ်ချင်သေးပါဘူးဆို"

"ဒါပေမယ့် မောင်က အိပ်ချင်ပြီ စော"

"အို..."

မှောင်မိုက်သွားသော အခန်းလေးထဲမှာ သူမအသံလေး တိတ်ဆိတ်သွားသည်။ ညမွှေးပန်းရနံ့က သူတို့အခန်းထဲသို့ သင်းပျံ့စွာ ဝင်ရောက်လာလျက်...

တောက်ခနဲ မီးဖွင့်သံနှင့်အတူ သူမ စုတင်ပေါ်မှ ဆင်းခဲ့၏။ သူ့ကိုကြည့်လိုက်တော့ နှစ်ခြိုက်စွာ အိပ်ပျော်နေပြီ။ သူ့ရင်ခွင်မှာ နွေးထွေးစွာ ရှိနေသည့်တိုင် အလုပ်တွေ မပြီးပြတ်သေးတာမို့ သူမ အိပ်မပျော်ခဲ့။

သူ အိပ်ပျော်သွားအောင် စောင့်ပြီးမှ သူမ အိပ်ရာမှ ခိုးထလာခဲ့ခြင်း ဖြစ်၏။ ထို့နောက် ညက မပြီးပြတ်သေးသော အလုပ်များကို စားပွဲမှာထိုင်ကာ ဆက်လုပ်နေလိုက်သည်။





သူမစိတ်က သည်လိုပါပဲ။ အလုပ်နှင့်ပတ်သက်လျှင် အမြဲ လုံ့လဝီရိယရှိကာ တက်ကြွနေတတ်သည်။ လက်ထပ်ပြီး ခါစ မောင်နှင့်ချစ်ခင်စွာ နေချင်ပေမယ့် အလုပ်တွေကြောင့် အနေဝေးသလို ဖြစ်ရပါ၏။ ဒါကို မောင် နားလည်ဖို့ အမြဲ ကြိုးစားရသည်။

အိပ်ရာမှ တစ်ရေးနိုးလာသော မင်းရဲအိမ်မှာ ဘေးကို စမ်းလိုက်ရာ စောကိုမတွေ့ရသည့်အတွက် မျက်လုံးများ ဖျတ်ခနဲ ပွင့်သွားရ၏။

"စော...ဟင်"

သူ နှတ်မှခေါ်ရင်းကြည့်လိုက်တော့ သူမက စားပွဲမှာ တကုပ်ကုပ်ဖြင့် အလုပ်ရှုပ်နေတာ တွေ့ရတာကြောင့် သူ မျက်မှောင် တွန့်ခနဲ ဖြစ်သွားသည်။ ကြည့်စမ်း ဘယ်အချိန်က အိပ်ရာထပြီး သည်အလုပ်တွေ လုပ်နေတာပါလိမ့်။

"စော"

"ဟင်...မောင် တစ်ရေးနိုးလာတာလား"

သူ ခေါင်းညိတ်ပြရင်း သူမကို နောက်မှ သိုင်းဖက်လိုက်၏။

"စောကို မတွေ့ရလို့ မောင် စိတ်ပူသွားတာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"မြော် မောင်ရယ်၊ စော အလုပ်တွေ လက်စမပြတ်သေး
တာနဲ့"

"စောက မောင့်ကို စောရဲ့အလုပ်တွေလောက် ဂရုမစိုက်
ဘူးနော်"

"အို...မောင်ကလဲ မဟုတ်တာ"

မောင့်အပြောကြောင့် သူမ စိတ်မကောင်းဖြစ်လျက် မော
ရင်ခွင်မှာ ခိုဝင်လိုက်၏။

"မောင်က စောခင်ပွန်းပါကွယ်၊ မောင့်ကို ဂရုမစိုက်
နေပါ့မလား၊ ဒါပေမယ့် စောက အလုပ်နဲ့ပတ်သက်ရင် ဝီရိ
ထားတတ်လို့ပါ မောင်၊ အဲ့ဒီလိုထင်တာ စော စိတ်မကောင်းပါ
ကွယ်"

မောင်က သူမကျောပြင်ကို ပွတ်သပ်လျက် ဆံနွယ်ရှည်
ကို ရှိုက်နမ်းလိုက်၏။

"ခုရော စော အလုပ်တွေ ပြီးပြီလားဟင်"

"အင်း ခုလေးတင် ပြီးတယ်၊ မောင် စောကြော
အိပ်ရေးပျက်သွားရင် ဆောရီးနော်"

မောင့်ခါးကိုဖက်လျက် သူမတို့ ခုတင်ဆီ လျှောက်လာ
မောင်က သူမကို ငုံ့ကြည့်ကာ...





"ဒါဆို စော အလျော်ပြန်ပေးပေါ့"

"ဟင်...ဘယ်လိုပေးရမလဲ"

"မောင့်ကို ချော့သိပ်လေ"

"အို..."

ခဏနေတော့ မောင် နှစ်မြိုက်စွာ အိပ်ပျော်သွားသည်။
ည်လိုတော့လည်း သူမရင်ခွင်မှာ မောင်ဟာ ကလေးတစ်
ယောက်လိုပါပဲလား။

မောင် မောင့်ကို စော ဂရုစိုက်ကြင်နာပါတယ်ကွယ်။
ါကြောင့်သာ မောင့်ကို စောက လက်ထပ်ခဲ့တယ်ဆိုတာ
တစ်နေ့ မောင် သိမှာပါ။

* * *



www.burmeseclassic.com

www.burmeseclassic.com



နားလည်မှုဆိုသော စကားသည် မင်းရဲအိမ်အတွင်း
အတော် လက်ခံယူရသည့် အဆင့်ဖြစ်၍မှာ၏။ သူတို့၏
အိမ်ထောင်ရေးကို သာယာစိုပြည်လိမ့်မည်ဟု ထင်သမျှ လက်တွေ့
မှာ လွဲနေရပြီ။

စောသည် သူနှင့်လက်ထပ်ပြီးနောက်ပိုင်းမှာလည်း အိမ်ရှင်
တစ်ယောက်၏ အသွင်မရှိဘဲ နဂိုအတိုင်း အလုပ်ခွင်မှာသာ
အချိန်ကုန်နေ၏။

သူ့အတွက် အချိန်ဆိုတာ သီးသန့်မရှိ။

ကြာတော့ သူကိုယ်တိုင်လည်း ဆေးရုံမှ တာဝန်များ
သူမ၏ လစ်လျူရှုမှုကို ကျော်ခိုင်းလိုက်သည်။ အလုပ်ကိုယ်စီ
သူတို့နှစ်ယောက်မှာ မျက်နှာချင်းဆိုင်တွေ့ဆုံဖို့ နည်းလာရ





အိပ်ချိန်များမှာတောင် ညဘက် သူ့ဂျူတီကျလျှင် စောမင်း
င် တစ်ယောက်တည်း ဖြစ်နေတတ်ပြီ။ ထိုအဖြစ်ကို အစက
ာရယ် မဟုတ် သတိမထားခဲ့ပေမယ့် တဖြည်းဖြည်း အထီးကျန်
ခြောက်သွေ့ သောညတွေ များလာတော့ သူမ သတိပြုမိလာ၏။

အရင်က နွေးထွေးသော မောင့်ရင်ခွင်ကို အမှတ်မဲ့နေ
သည်။ အခုတော့ သူမတစ်ယောက်တည်း ခုတင်ပေါ်မှာ
လူးလူး တလိမ့်လိမ့်ဖြင့် မောင့်ကို အပြင်းအထန် သတိရ
တတ်ပြီ။

မောင့်ရဲ့ရင်ခွင်ကို သူမ မက်မောတမ်းတနေတတ်ပြီ။
ကြောင့် မောင် နိုက်ဂျူတီရှိသော တစ်နေ့မှာ သူမ ခံစားချက်ကို
ပြမိ၏။

“သိလား မောင်၊ မောင် နိုက်ဂျူတီရှိတဲ့နေ့တွေဆို
ဖြင့် သိပ်အထီးကျန်တာပဲကွယ်၊ အိပ်လို့လဲ မပျော်ဘူး၊
င့်ကို အရမ်းသတိရတာပဲ”

မောင်က သူမကို တင်းတင်းဖက်ကာ နှစ်သိမ့်သည်။

“မောင့်မှာလဲ တာဝန်နဲ့မို့ စောကို ခွဲရတာပါ၊ မောင့်
ဂျူတီကျတဲ့အချိန်တွေမှာ စော အလုပ်ပိုလုပ်ဖြစ်တာပေါ့”

“ဟင် ...မောင်က စောကို အရွဲ့တိုက်နေတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ…မဟုတ်တာ၊ စောကို မောင် ဘာကိစ္စ အရွဲ့တိုက်ရ
မှာလဲ"

"မောင် ရှိနေရင် စောအတွက် အနှောင့်အယှက်တောင်
ဖြစ်တတ်သေးတယ် မဟုတ်လား"

"ဟင့်အင်း၊ ခုဆို အလုပ်တွေကို အိမ်အထိ သယ်မလာတာ
စော ကြာပြီ၊

အဲ့ဒါ ဘာကြောင့်လဲ သိလား၊ မောင် မကြိုက်မှန်း
သိလို့လေ"

"စောရယ်"

မောင်က ခပ်ညည်းညည်းဖြင့် သူမမျက်နှာလေးအ
ရှိုက်နမ်း၏။ သူမ သူ့အတွက် စဉ်းစားလာသည့်အချိန်မှ
သူကိုယ်တိုင် တာဝန်တွေဖြင့် မအားလပ်။

"အဲ့ဒါ မောင့်ကို ပြောမလို့၊ ဒီရက်ပိုင်း မောင် နိုက်ဂျူတီ
တဲ့ရက်တွေ သိပ်များတာပဲကွာ၊

အဲ့ဒါ မောင် တခြားလူတွေနဲ့ တာဝန်လဲကြည့်ပါလား

"အဟွန်း …စောကို မန်နေဂျင်းဒါရိုက်တာကြီးဆို
မောင်က အထင်ကြီးနေတာ၊ ခုတော့ စောက ကလေးလို ပြ
နေတာပါလားဗျ၊ တာဝန်ကို ဘယ်လိုပြောင်းလွှဲယူမလဲ စော



မောင်က ကလေးကျနေတာပဲဟု တစ်ခါက စောပြောခဲ့ဖူး
သော စကားမျိုး မောင် ပြန်ပြန်နေတာပါလား။ သူမ နှုတ်ခမ်း
သေမသာ စုလိုက်ရင်း…

"ဒါဆို စော တစ်ယောက်တည်း အထီးကျန်ခြောက်သွေ့တဲ့
ညတွေကို ဘယ်လို ဖြတ်သန်းရမလဲ"

မောင်က သူမဆံပင်တွေကို ဆွဲဖွကာ ပြုံးသည်။

"ဒါဆို မောင် အကြံပေးရင် စော လက်ခံမှာလား"

"ဘာလဲ ပြောလေ"

သူမက တောက်ပသောမျက်လုံးလေးများဖြင့် သူ့ကို
တ်ဝင်စားစွာ ကြည့်သည်။

သူ သူမနားတိုးတိုးကပ်ကာ ပြောလိုက်၏။ သူမ မျက်နှာ
နဲ့ ဖြစ်သွားလျက်…

"ဟင် …မောင်ကလဲ"

"ဟုတ်တယ်လေ စော၊ အဖော်ရအောင် သားလေးတစ်
ယောက်လောက် ယူလိုက်ရင် ဘယ်လောက်အဆင်ပြေမလဲ၊
လဲ စောက သဘောမတူဘူးလား"

"လောလောဆယ်တော့ ယူလို့မဖြစ်သေးပါဘူး မောင်ရယ်၊
မှာ အလုပ်တွေနဲ့ မအားဘဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြောင့် သူ သက်ပြင်းကျိတ်ချလျက် သူမကို တင်းကျပ်စွာ ပွေ့ဖက်ထားသော လက်များသည် လျော့ရဲသွား၏။

"အေးလေ၊ မောင်က စော အဖော်ရအောင် ပြောတာပါ၊ စော မယူချင်သေးဘူးဆိုရင်လဲ စော သဘောပေါ့"

သူက မျက်နှာကြက်ဖြူဖြူကိုကြည့်၍ ပြောလိုက်၏။ သူမက သူ့ရင်ခွင်တွင် မျက်နှာအပ်လိုက်ရင်း ...

"နောက်တော့ စော ယူမှာပါ မောင်၊ စောလဲ မိသားစုဘဝလေးကို မက်မောပါတယ်"

သူ ဘာမှမပြောဘဲ သူမကို တင်းတင်းဖက်တွယ်ကာ မျက်ဝန်းတွေ မှေးမှိတ်ထားလိုက်၏။

သူ့အနေဖြင့်ပြောရလျှင် သူမနှင့် မိသားစုဘဝလေးကို တည်ဆောက်ချင်သည်။ သူနှင့် သူမကြား အေးစက်နေတာတွေကို သားသမီးဟူသော သံယောဇဉ်ဖြင့် နွေးထွေးချင်မိ၏။

"ဒါနဲ့ မောင့်ကို ပြောရဦးမယ်၊ စောတို့လဲ လက်ထပ်ပြီးကတည်းက နှစ်ယောက်အတူ အေးအေးဆေးဆေးကို မနေရဘူး အဲ့ဒါ အရင်တစ်ခါ မောင်ပြောသလို စောတို့ ဟန်းနီးမွန်း ထွက်ရအောင်လေ"



မှေးမှိတ်ထားသော သူ့မျက်ဝန်းတွေကို လိုက်ရှိုက်နမ်းရင်း သူမ ပြောလိုက်၏။

သူက သူမကို တည်ငြိမ်အေးစက်သော မျက်လုံးလေးတွေဖြင့် ကြည့်လာသည်။

"မောင် မအားဘူး စော"

"ဟင် ...မောင်ကလဲ၊ စောတောင်မှ အလုပ်တွေ လွှင်လွှင်နဲ့ လွှဲထားခဲ့မှာကို"

"စော အလုပ်က ပုဂ္ဂလိက အလုပ်လေ၊ ဘယ်သူနဲ့လွှဲလွှဲ ရတယ်၊ မောင့်က အစိုးရဝန်ထမ်း၊ သူများကို လွှဲပေးလို့ ရတာ မဟုတ်ဘူး"

"ခွင့်တင်လိုက်ပေါ့ မောင်ရဲ့"

မောင်က သူမ၏ နှာတံချွန်ချွန်လေးကို အသာဆွဲဖျစ်ညှစ်၍ ပြုံးသည်။

"မောင်တို့လက်ထပ်တုန်းက ဟန်းနီးမွန်းထွက်ဖို့ပါ မောင် ခွင့်ယူခဲ့တာပဲ၊ နောက်တစ်ကြိမ် မကြာသေးဘဲ ခွင့်ထပ်ယူဖို့ ဘယ်ကောင်းမလဲ စောရဲ့၊ ဝန်ထမ်းတစ်ယောက်အတွက် လုပ်သက် ခွင့်တစ်လပဲရတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမရင်ထဲ နောင်တရသွား၏။ မောင်ပြောတုန်းက ဟန်းနီးမွန်းထွက်လိုက်ရရင် ကောင်းသားနော်”

သူမ တစ်ဖက်လှည့်လျှက် စိတ်မကောင်းစွာ တွေးမိ၏။ မောင်က သူမကိုယ်လေးကို လှည့်ယူကာ …

“ဘာလဲ၊ ဒါ စိတ်ကောက်သွားတာလား”

“မဟုတ်ပါဘူး မောင်၊ စော စိတ်မကောင်း ဖြစ်ဟာပါ စော အချိန်ရတဲ့အချိန်မှာ မောင်က မအားမလပ် ဖြစ်နေတာကို”

“တာဝန်ဆိုတော့ ဒီလိုပေါ့ စောရယ်၊ ပြီးတော့ ဒီအချိန်ဟာ မောင်တို့ ဟန်းနီးမွန်းထွက်ရမယ့်အချိန် မဟုတ်တော့ဘူး လက်ထပ်ပြီးတာ ဘယ်လောက်ကြာပြီလဲ”

“ဘာလဲ မောင်က စောကို ကလဲ့စားချေနေတာလား”

သူမ မျက်စောင်းထိုးပြောတော့ မောင် အံ့သြဟန်ပြုသည်။

“ဟောဗျာ …ဒီအတွေး ဘယ်ကဝင်လာရတာတုန်း၊ တကယ်ကို ကိုက်ဆိုင်တဲ့အခြေအနေမှန်ကို မောင် ပြောပြတာပါ”

“တော်ပြီ မောင်၊ စော နောက်ထပ် ဘာပြောပြော မော လက်ခံမှာ မဟုတ်ဘူးဆိုတာ စော နားလည်ပြီ၊ ဖယ် စော အိပ်တော့မယ်”





ကိုယ့်အလှည့်တုန်းကတော့ သူ ဘယ်လို ခံစားရမလဲဟု စာနာမတွေးခဲ့သော သူမမှာ သူမအလှည့်မှာတော့ ဝမ်းနည်းထိခိုက်ကာ စိတ်ဆိုးချင်သလို ဖြစ်ရ၏။

တစ်ဖက်စောင်းအိပ်ဖို့ပြင်နေသော သူမကို မောင်က မလွှတ်ဘဲ တင်းဖက်ကာ …

“မောင်မရှိတဲ့ ညတွေကို စော တစ်ယောက်တည်း အထီးကျန်တယ်ဆို၊ ဘာလဲ အခု စောက မောင့်ကို အလို မရှိဘူးလား၊

အေးဗျာ၊ ဒါဆို မောင်မရှိတဲ့ ညတွေမှာ စော မောင့်ကို မတမ်းတနဲ့”

“မောင် မောင်ရယ်”

သူမ ဟန်မဆောင်နိုင်တော့ဘဲ မောင့်ကို ဖက်ကာ တစ်ချက်ရှိုက်လိုက်မိ၏။

“ဟင် …ဘာလို့ ငိုနေတာလဲ စော”

“မောင် စောကို သိပ်အနိုင်ယူတာပဲ၊ မောင့်ကို စော စုန်းတယ် သိလား”

မျက်ရည်စများဖြင့် ရန်တောင်နေသော သူမကိုကြည့်ရင်း မောင် တဖြည်းဖြည်း ပြုံးလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"အရှုးမလေး"

သူမဆံပင်တွေကို ဆွဲဖွလျက် မောင်ရယ်ရင်း သူ ကိုယ်လေးအား သိမ်းကြုံးဖက်ကာ မျက်နှာအနှံ့ တစ်ရှိုက်မက် နမ်းလိုက်ပါတော့သည်။

ထိုအခါ ငိုနေသော မျက်ဝန်းတွေ ပြုံးလာလျက် မောင့်ကို တုံ့ပြန်နမ်းရင်း ...

"ဒီလိုညမျိုးတွေ ကျွန်မအတွက် အမြဲလိုအပ်နေပါတယ် မောင်ရယ်" ဟု တိတ်တိတ်ညည်းဆိုမိတော့၏။

* * *





သူမ မောင်နှင့်ဝေးကွာနေသော အနေအထားကို နိုးစပ်ရန် ကြိုးစား၏။

"မောင် နေ့လယ်စာ အိမ်ပြန်စားမှာလားဟင်"

မနက်ခင်း ဆေးရုံသွားဖို့ပြင်နေသော မောင့်ကို သူမ းလိုက်သည်။ မောင်က မျက်ခုံးတစ်ဖက်ပင့်လျက် ...

"ဘာဖြစ်လို့လဲ စော"

"သြော် ဒီနေ့ မောင်ကြိုက်တဲ့ ဟင်း ချက်ထားတယ်လေ၊ ာလဲ အိမ်ပြန်စားမှာမို့ မေးတာ၊ စောတို့ နေ့လယ်စာကို တူလက်ဆုံမစားဖြစ်တာ ကြာပြီမဟုတ်လား"

မောင့်ပခုံးပေါ် မေးတင်လျက် မောင့်ကို နောက်မှ ိုင်းဖက်ကာ သူမအပြောကြောင့် မောင်က ကိုယ်တစ်ပတ်လှည့် ျက် ထူးဆန်းဟန်ဖြင့် သူမကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"စော ဒီနေ့ ဘာစိတ်ကူးပေါက်တာလဲ၊ အရင်က စောရော မောင်ရော အလုပ်ကိုယ်စီမို့ မနက်စာကြုံရာစားကြတာ မဟုတ်လား"

သူမပြုံး၍ ခေါင်းညိတ်ကာ မောင့်ကို ကားနားအထိ လိုက်ပို့၏။ မောင်ထွက်ခါနီး သူမကို လက်ပြနှုတ်ဆက်တာမို့ သူမ ပြန်လက်ပြလိုက်သည်။

မောင့်ကားလေးထွက်သွားတော့မှ သူမ ကုမ္ပဏီသွားဖို့ ပြင်၏။ သည်နေ့ သူမစိတ်တွေ ပျော်နေသည်။ မောင်နဲ့ သည်လိုအခြေအနေ ပြေလည်တဲ့ရက်တွေ အမြဲတမ်းဆိုရင် ဘယ်လောက်ကောင်းမလဲနော်။

"အမယ် ဒီနေ့ မင်းမျက်နှာ တယ်လန်းနေပါလား စော"

ကုမ္ပဏီရောက်တော့ လွင်လွင်က သူမကို အကဲခတ်လျက် ပြော၏။ သူမ တစ်ချက်ပြုံးလိုက်ရင်း ...

"အရင်ရက်တွေက ကျွန်မမျက်နှာ ဘာဖြစ်နေလို့လဲ"

"သြော် အရင်ဆို မင်းမျက်နှာက တည်တည်နဲ့ အလုပ်တွေပဲ စိတ်ရောက်နေတာ မဟုတ်လား"





"အဟင်း ...လွင်ပြောတာ ဟုတ်တယ်၊ ကျွန်မ အလုပ်တွေ မပြတ်သေးလို့ မောင်နဲ့ ထမင်းလက်ဆုံစားဖို့ အချိန်မရခဲ့တာ ကြာပြီ၊ ဒါကြောင့် ဒီနေ့တော့ မောင်နဲ့အတူ အိမ်ပြန်ပြီး ထမင်းလက်ဆုံ စားမလို့"

"ကောင်းပါတယ် စောရယ်၊ တကယ်ဆို ဒီလိုဖြစ်သင့်တာ ကြာပြီ၊ ဒေါက်တာလိုလူမျိုးမို့ မင်း ဒီလိုအချိန်ပြည့် အလုပ်လုပ်နေတဲ့လူမျိုးကို ဘာမှမပြောတာ၊

လင်ရယ် မယားရယ် ဖြစ်လာမှတော့ ဘယ်ယောကျ်ားမဆို ကိုယ့်မိန်းမ အပြုအစု အယုအယ ခံချင်တာပဲ၊ ဒေါက်တာလဲ ယောကျ်ားထဲက ယောကျ်ားတစ်ယောက်မို့ အဲဒီလို ဆန္ဒမျိုးရှိမှာပဲ"

လွင်လွင်ပြောမှ သူမ၏ချို့ယွင်းချက်ကို သတိထားမိလျက် မောင့်အပေါ် တာဝန်တချို့ လစ်လျူရှုမိခဲ့ပါလားဟု စဉ်းစားမိရ၏။

"ဟုတ်တယ် လွင်လွင်၊ ဒါကြောင့် ကျွန်မ ဒီနေ့ အဲဒီလို ပြောတော့ မောင်က အံ့သြနေတာ၊

နောက်တော့ မောင့်မျက်နှာ ပျော်သွားပုံပဲ၊ သူ စောစောပြန် လာမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကံဆိုးစွာပင် ထိုနေ့မှ အရေးကြီးဧည့်သည်များ ကုမ္ပဏီ ရောက်လာတာမို့ ဟိုတယ်မှာ ထမင်းသွားကျွေးဖို့ ဖြစ်လာ၏။ ထို့ကြောင့် မောင့်ထံ ဖုန်းဆက်လိုက်သည်။

"မောင်လားဟင်"

"ဟုတ်တယ် စော၊ ဘာလဲ နေ့လယ်စာစားဖို့ အချိန်ရောက်ပြီ ပြောမလို့လား၊ မောင် ခုပဲပြန်လာခဲ့မယ်"

မောင့်အသံက ဖုန်းထဲမှာ သွက်မြူးနေ၏။ သူမမှာ မောင့်ကို ဘယ်လိုတောင်းပန်ရမှန်းမသိဘဲ စဉ်းစားရခက်သွားကာ သက်ပြင်း တစ်ချက်ကို ကြိတ်မှိတ်ရှိုက်လိုက်ရင်း ...

"မောင် ဟိုလေ"

"ဘာလဲစော ဘာဖြစ်လို့လဲ"

"မောင့်ကို တောင်းပန်စရာရှိလို့၊ စော နေ့လယ်စာစားဖို့ အိမ်မပြန်ဖြစ်တော့ဘူး မောင်၊ အရေးကြီးတဲ့ ဧည့်သည်တွေရောက်လာလို့ ဟိုတယ်တစ်ခုမှာ နေ့လယ်စာလိုက်ကျွေးရမယ်၊ အဲ့ဒါ"

"တော်ပြီစော၊ မောင် နားလည်ပြီ၊ ကဲ ဒါပဲ မဟုတ်လား"

"မောင်၊ မောင်"

သို့သော် မောင်က ဖုန်းချသွားပြီမို့ သူမ သက်ပြင်းတစ်ချက်ကိုသာချရင်း ခေါင်းကို အသာခါယမ်းမိ၏။





သေချာတယ် မောင်တော့ သူ့ကို စိတ်ဆိုးသွားပြီဆိုတာ။ မတတ်နိုင်ဘူးလေ၊ ညနေကျမှ မောင့်ကို ပြန်ချော့ရမည်။ နောက်မှာတော့ သူမ စောစောအိမ်ပြန်လာခဲ့၏။ မောင်က ရောက်မလာသေး။

သူမ ရေချိုး အလှပြင်ကာ မောင်ကြိုက်တတ်သော ဟင်းများ နှင့် ထမင်းပွဲကို ပြင်ထားစေပြီး အသင့်စောင့်နေလိုက်၏။

သို့သော် မောင်က မိုးချုပ်သည်အထိ ပေါ်မလာ။ သူမ မောင့်အတွက် စိတ်ပူလာသည်။ ဆေးရုံကို ဖုန်းဆက်ကြည့်တော့ ညီး မောင် ပြန်သွားပြီတဲ့။

မောင်တစ်ယောက် ဘယ်သွားနေတာလဲ။ ထိုစဉ်မှာပင် မောင် ပြန်လာတာကြောင့် သူမ ဝမ်းသာသွားရ၏။

"မောင် ပြန်တာ နောက်ကျလိုက်တာကွယ်၊ စောဖြင့် မောင့်အတွက် စိတ်ပူနေတာ"

မောင့်ထံမှ အိတ်ကိုလှမ်းယူရင်း သူမ ပြောပေမယ့် မောင့် မျက်နှာက ခပ်တည်တည်။ သူမကို အိတ်မပေးဘဲ အပေါ်ထပ် တက်သွား၏။

သူမ မောင့်နောက်မှ လိုက်သွားရင်း

"မောင့်ကို စော ထမင်းစားဖို့ စောင့်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



မောင်က ဆတ်ခနဲ သူမကို လှည့်ကြည့်သည်။ မောင့်မျက်ဝန်းတွေက အနည်းငယ် ရီဝေနေ၏။

"ဘာကိစ္စ စောင့်နေတာလဲ စော၊ ဒါ ထမင်းစားချိန်မှ မဟုတ်ဘဲ၊ မောင် ထမင်းစားလာခဲ့ပြီ"

"ဟင် ..."

သူမမှာ ဆာလောင်နေလျက် မောင်နှင့် အတူစားမည်ဟု စိတ်ကူးထားသမျှ ခုတော့ မျှော်လင့်ချက်တွေ ပျက်စီးကုန်တာမို့ သူမ ဝမ်းနည်းသွားရ၏။

မောင်က သူမကို မကြည့်ဘဲ ရေချိုးခန်းထဲ ဝင်သွားသည်။ သူမသာ နေရာမှာရပ်လျက် ဘာလုပ်ရမှန်း မသိဖြစ်နေ၏။

ရေချိုးပြီး ပြန်ထွက်လာသော မောင်က သူမကို မျက်မှောင်တွန့်တွန့်ကြည့်ကာ ...

"ဘာလုပ်နေတာလဲ စော၊ ထမင်းမစားရသေးဘူးဆိုရင် သွားစားလေ"

"စောက ထမင်းစားဖို့ မောင့်ကိုစောင့်နေခဲ့တာပါ"

"ဒါဆို သောရီး စော၊ မောင်ရှ စော စောင့်နေတာ မသိဘူးလေ"





မောင်က ညဝတ်အင်္ကျီကို မှန်ထဲကြည့်ဝတ်ရင်း ဘာမှဖြစ်သလို ပြောပေမယ့် စောမှာတော့ စောင့်ခဲ့ရသော အချိန်တွေအတွက် နှမြောနေမိ၏။

မှန်ထဲမှတစ်ဆင့် ချောမောသော မောင့်မျက်နှာကို သူမ ငေးကြည့်ရင်း ...

"မောင် ဒီလောက်ထိ နောက်ကျနေတာ ဘယ်ကိုသွားနေလို့ ထဲဟင်၊ တကယ်ဆို စောကို ဖုန်းတစ်ချက်လောက် ဆက်ပြောဖို့ ကောင်းပါတယ်"

မောင်က သူမကို လှည့်ကြည့်လာသည်။

"စောက မောင် ဘယ်သွားတယ်၊ ဘာလုပ်တယ်ဆိုရတာကို စိတ်ဝင်စားလို့လား"

"ဘယ်လို မေးလိုက်တာလဲ မောင်၊ စောဟာ မောင့်ဇနီးပါ မောင်၊ မောင့်ကို စောထက် ဘယ်သူ ပိုစိတ်ဝင်စားမှာလဲ"

"ဩော်"

မောင့်အပြုံးက မခိုးမခန့်မို့ သူမ အတော်လေး အံ့ရခက်သွား၏။

"စောက မောင့်ကို စိတ်ဝင်စားတယ်ဆိုလို့ ကျေးဇူးတင်[illegible]တယ်ကွာ၊ ဒါပေမယ့် စောမှာ မောင်နဲ့အတူ နေ့လယ်[illegible]စားလောက်အောင် အချိန်ပိုမရှိဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် မောင့်ကို စောင် တောင်းပန်ပါတယ်"

"ရပါတယ် စော၊ မောင်က စောအပေါ် နားလည်မှုရှိတဲ့ လူတစ်ယောက်ပါ၊ တောင်းပန်စရာ မလိုပါဘူး။

ဒီလိုပဲ စောလဲ မောင့်အပေါ် နားလည်မှုရှိမယ်လို့ ယုံကြည်ပါတယ်၊

မောင် ဒီနေ့နောက်ကျတာ ဆေးခန်းအတွက် ပြင်ဆင် နေလို့ပါ"

"ဟင် ...ဆေးခန်း ဟုတ်လား"

"ဟုတ်တယ် စော၊ မောင် တတ်ထားတဲ့ပညာနဲ့ ဆင်းရဲသား ရပ်ကွက်တစ်ခုမှာ အခမဲ့ ဆေးခန်းဖွင့်ဖို့ စီစဉ်ထား တာ ကြာပြီ၊ ခုတော့ အားလုံး အဆင်သင့်ဖြစ်တာမို့ မနက်ဖြန် ကစပြီး ဆေးခန်းထိုင်မယ်၊ အဲဒီအတွက် မောင် အိမ်ပြန်ချိန် နောက်ကျမယ် စော"

"ဟင် ..."

နဂိုကမှ အလုပ်ကိုယ်စီဖြင့် တွေ့ဆုံခွင့်နည်းသော သူတို့နှစ် ယောက်အတွက် ခုလို မောင် ဆေးခန်းထားတော့ ပိုဝေးကွာစေဖို့ ဖြစ်နေပြီ။ သို့သော် မောင်၏အလုပ်ကို သူမ မတားသာ။

* * *





မင်းရဲအိမ်၏ "စေတနာ" ဆေးကုခန်းသည် ဆင်းရဲသား ရပ်ကွက်လေးမှာ ထင်ရှားလှ၏။ မင်းရဲအိမ်ကို ကူညီနေသူက နှစ်မလေး မေ ဖြစ်သည်။ မေသည် ဒေါက်တာမင်းရဲအိမ်ကို လေးစားသူဖြစ်၏။ လူနာတွေအပေါ်ထားသော မင်းရဲအိမ်၏ စေတနာကို မေ ကြည်ညို သည်။ ထို့ကြောင့် မင်းရဲအိမ်အတွက် မေ အစစအရာရာ ကူညီ၏။

"ဒေါက်တာလဲ တစ်နေ့တစ်နေ့ ဆေးရုံနဲ့ဆေးခန်းကြားမှာ သည်နေတာပဲနော်၊ ဒေါက်တာ သိပ်ပင်ပန်းမှာပဲ"

မေ၏ ကရုဏာစကားကြောင့် သူ ပြုံးမိသည်။ မေသည် အသား ညိုစိမ့်စိမ့်ဖြင့်ဝင်းကာ သွယ်သွယ်မြင့်မြင့်လေး ဖြစ်၏။ မျက်နှာလေးမှာ အစဉ်ပြုံးနေကာ မြင်ရသူတိုင်းအတွက် စိတ်ချမ်း မြေ့စရာ။



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော့်အတွက်တော့ ကိုယ်ဝါသနာပါတဲ့ အလုပ် ပင်ပန်းတယ်လို့ မထင်မိပါဘူး ဆရာမ၊ တကယ်ဆို ဆရာဝ ကျွန်တော့်လို ပင်ပန်းတာပဲ မဟုတ်လား”

“အို ...မေ ပင်ပန်းတယ်ဆိုတာ ဆရာ့ကို မမီသေး ဘူးရှင်၊ ဒေါက်တာ့လို စေတနာနဲ့လူမျိုးကတော့ ရှားပါတယ် အမှန်ဆို တခြားဆရာဝန်တွေသာ ဒေါက်တာ့နေရာမှာဆို မြို့ထဲမှာ အထူးကုဆေးခန်း ဖွင့်နေကြတာမဟုတ်လား၊ ဒေါက်တာသာ မေတို့ရဲ့ ဆင်းရဲသားရပ်ကွက်လေး စေတနာနဲ့ အခမဲ့ဖွင့်ပေးနေတာကို အားလုံး၏ ချီးကျူးနေကြတ

“ငွေဆိုတာ မလိုချင်တဲ့လူရယ်လို့ မရှိဘူး ဆရာမရဲ့ ဒါပေမယ့် စေတနာက ပိုတန်ဖိုးကြီးပါတယ်၊ လောက ငွေနောက် လိုက်ရင်း အချိန်ကုန်သွားတဲ့လူတွေ မနည်းဘူးလေ အဟွန်း...အဲ့ဒီထဲမှာ ကျွန်တော့်မိန်းမလဲ ပါတယ် ကျွန်တော်တော့ လူလောကကို အကျိုးရှိရှိနဲ့ ကုန်ဆုံးချင်တယ် အဲ့ဒီစိတ်ကူးနဲ့ ဒီဆေးခန်းကို ဖွင့်တာပါ”

သူ့အပြောကြောင့် မေသည် သူ့ကို ကြည်ညိုလေးစားမိ ပိုသွားရပါ၏။ သူ၏ စေတနာနှင့် မေ၏ ဖြူစင်စွာ ကူညီလုပ် မှုတို့ကြောင့် သူတို့၏ စေတနာဆေးကုခန်းမှာ နေ့ထွေးမှုများ





လူနာတွေအတွက် အားကိုးရာ ဖြစ်နေတော့သည်။

မင်းရဲအိမ်က ဆင်းရဲသောလူနာများနှင့် အသက်ကြီးသော အဘိုးအို အဘွားအိုများကို လိုအပ်လျှင် ကူညီထောက်ပံ့လိုက်တာ မျိုးလည်း ရှိတာမို့ သူ၏ မွန်မြတ်သော စေတနာအတွက် အံ့ဩဝမ်းသာကြလေသည်။

“သာဓု ...သာဓု ...သာဓုပါကွယ်၊ ဆရာလေးနဲ့ ဆရာမ လေးတို့ဟာ အဘတို့အတွက် နတ်ကောင်းနတ်မြတ်များက ပေးလိုက်တဲ့ လက်ဆောင်တစ်ခုပါပဲ၊ ဆရာလေးနဲ့ ဆရာမလေးတို့ စေတနာအတွက် အဘတို့ နေ့စဉ် မေတ္တာပို့သနေပါတယ်ကွယ်”

ပိုက်ဆံမရပေမယ့် ထိုသို့ စကားတစ်ခွန်းကပင် သူတို့ အတွက် ပီတိအားဆေးတစ်ခု ဖြစ်နေ၏။

“ဒေါက်တာ သိပ်ပင်ပန်းသွားလားဟင်၊ ဒီမှာ ကော်ဖီပူပူ လေး၊ ဓာတ်ဘူးနဲ့ မေ ဖျော်ယူလာတာ၊ အမောပြေ သောက်လိုက် ပါဦးနော်”

ကော်ဖီခွက်ကို လက်ကလေးနှစ်ဖက်ဖြင့် ရိုကျိုးစွာ ကမ်းပေး လာသော မေကို သူ တစ်ချက်ကြည့်မိ၏။ မျက်ဝန်းထဲမှာ မေ့နေရာတွင် စော၏ပုံကို အစားထိုးမြင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဟင်း စောဟာ ချမ်းသာပြည့်စုံနေလျက်နဲ့ ငွေနောက်
သာ ကောက်ကောက်ပါအောင်လိုက်ကာ သူ့ကို အိမ်ရှင်
တစ်ယောက်၏ ဝတ္တရားမျိုး ကျေပွန်မှု မရှိခဲ့။

မေ့နေရာမှာ စောသာဆို ဘယ်လောက် ကောင်းမလဲ
အို ဒါတွေဟာ ဘယ်တော့မှ ဖြစ်လာနိုင်မှာ မဟုတ်ပါဘူး။

သူ ခေါင်းတစ်ချက် မသိမသာ ခါယမ်းလိုက်သည်
ထို့နောက် မေ့လက်ထဲမှာ ကော်ဖီခွက်ကို လှမ်းယူကာ ...

"ကျေးဇူးတင်ပါတယ် ဆရာမ"

"အို ... မဟုတ်တာ၊ ဆရာ့ကိုသာ မေက ကျေးဇူးတင်
မှာပါ၊ ခုဆို ဒေါက်တာရဲ့စေတနာကြောင့် မေတို့ရပ်ကွက်လေး
ကျန်းမာရေး နဲ့ပတ်သက်ပြီး သိပ်ကိုကောင်းမွန်နေပါပြီ"

"အဟွန်း ... ဟွန်း၊ မေရဲ့ အဲ့ဒီစကားလေးတစ်ခွန်းနဲ့တ
ကျွန်တော် ပင်ပန်းသမျှ အမောပြေပါတယ်ဗျာ"

သူ၏စိတ်ထဲမှ တကယ်ပဲ စောရဲ့ လစ်လျူရှုမှုများ
သည်ဆေးခန်းလေးမှာ အချိန်ပြည့် နေပေးခြင်းဖြင့် ပီတိကုသို
ရသလို အားလုံးကိုလည်း မေ့ထားနိုင်တာ မေ မသိပါ။

သူ၏ အိမ်ပြန်ရောက်ချိန်သည် အမြဲတမ်း ည ကိုးနာရီထ
မနည်း။ ဆေးခန်းပိတ်ပြီးနောက် မေကို အိမ်အထိ လိုက်ပို့ပြီး
ပြန်ခြင်းဖြစ်သည်။





မေကတော့ သူ့ကို အားနာကာ ...

"မေ့ကို အိမ်ပြန်မပို့ပေးနဲ့ ဒေါက်တာရယ်၊ မေ့ကို ပြန်ပို့
ရတာနဲ့ ဒေါက်တာ အိမ်ပြန်ချိန် နောက်ကျနေမှာ၊ ဒါ မေတို့
ရပ်ကွက်ပဲ၊ မေ ပြန်ရဲပါတယ်"

"ဘယ်ဟုတ်မလဲ ဆရာမရယ်၊ ကျွန်တော့်ဆေးခန်းကို
ဆရာမက စေတနာနဲ့ လာကူနေသူပါ၊ ဒီတော့ ဆရာမကို
ကျွန်တော် ဂရုစိုက်သင့်ပါတယ်၊

မိန်းကလေးတစ်ယောက်တည်း ညဘက် အိမ်ပြန်ရတာ
မသင့်တော်ပါဘူးဗျာ"

သည်တော့မှ မေ လက်ခံကာ သူ လိုက်ပို့တာကို
ခြင်းပေ။

သူ ပြန်ရောက်ချိန်တွင် စောက အလုပ်များဖြင့် ရှိနေတတ်
သလို တစ်ခါတစ်ရံ ဗွီဒီယိုထိုင်ကြည့်ကာ စောင့်နေတတ်သည်။

"မောင့်ကို စောင့်နေတာလား စော၊ စောလဲ တစ်နေကုန်
အလုပ်မှာ ပင်ပန်းခဲ့တာပဲ၊ မောင့်ကို အပင်ပန်းခံပြီး စော
စောင့်မနေပါနဲ့၊ အိပ်နှင့်ပါ"

"စောလဲ မအိပ်ချင်သေးလို့ပါ မောင်၊ ဒါနဲ့ မောင့်ဆေးခန်း
ပိတ်ချိန်က နောက်ကျတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် စော၊ မောင့်ဆေးခန်းက ဆင်းရဲသားရပ်ကွက်မှာ ဖွင့်ထားတာဆိုတော့ သူတို့မှာ အလုပ်ကပြန်လာမှ မောင့်ဆေးခန်း လာနိုင်ကြတယ်လေ၊ ဒီတော့ သူတို့အတွက် အချိန်ပေးရတာပေါ့"

သူမကတော့ မောင်၏ အပြုအမူတွေကို နားမလည်ပါ။ မောင်လို နိုင်ငံခြားပြန် ဆရာဝန်တစ်ယောက်က ဘာကြောင့် ဆင်းရဲသားရပ်ကွက်မှာ ဆေးခန်းဖွင့်ရသနည်း။

"အဲ့ဒီကိစ္စ စော ပြောမလို့ မောင်၊ မောင် ဆေးခန်းဖွင့်တယ်ဆိုလို့ မြို့ထဲမှာမှတ်နေတာ၊ ခုတော့ မောင်က ဘယ်လိုစိတ်ကူးနဲ့ အဲ့ဒီ ဆင်းရဲသားရပ်ကွက်မှာ သွားဖွင့်ရတာလဲ"

"မြို့ထဲမှာ ဘာလုပ်ရမှာလဲ စော၊ မောင့်ထက် တော်တဲ့ ထက်မြက်တဲ့ ဆရာဝန်တွေ အများကြီးပဲ၊ မောင် တစ်ယောက် မဖွင့်လို့ အဲ့ဒီကလူနာတွေ ဘာမှ မဖြစ်သွားဘူး၊ အခု မောင်ဖွင့်တဲ့ နေရာလေးမှာ ဆေးခန်းကောင်းကောင်း လိုအပ်နေတယ် စော၊ သူတို့မှာ မြို့ထဲကလူတွေလို အထူးကုတစ်ယောက်ကို ပြဖို့မပြောနဲ့ အနားတောင် ကပ်ရဲတာမဟုတ်ဘူး၊ သာမန်ဆရာဝန်တစ်ယောက် ဆီတောင် မနည်းရက်မှန်အောင် ပြနေရတာ"





"ဘာပဲဖြစ်ဖြစ် မောင့်ဂုဏ်ပုဒ်နဲ့ဆိုတော့ အဲ့ဒီနေရာက ကိုက်ညီဘူးပေါ့၊ စောမိတ်ဆွေတွေက မောင့်ဖွင့်တဲ့ဆေးခန်းနေရာကိုမေးရင် စောဖြင့် ဘယ်လိုပြောရမှန်း မသိဘူး"

မျက်နှာလေးပျက်လျက် မကြိုက်နှစ်သက်သလို ပြောနေသော သူမကိုကြည့်ကာ ခေါင်းတစ်ချက် ခါယမ်းမိ၏။

"သူတို့မေးလို့ စော မဖြေတတ်ရင်လဲ မပြောနဲ့ပေါ့ကွာ၊ နေပါဦး သူတို့က မောင့်ဆေးခန်းကို ဘာကြောင့် မေးတာလဲ"

"ဩော် သူတို့က စော မိတ်ဆွေတွေဆိုတော့ မောင့်ဆေးခန်း လာပြချင်လို့ပေါ့ရှင်"

"အဟွန်း ...စောရယ်၊ စောရဲ့မိတ်ဆွေ အသိုင်းအဝိုင်းက မောင့်ကို ယုံကြည်လို့ မောင့်ဆေးခန်း လာချင်တာ မဟုတ်ပါဘူး၊ စောကို မျက်နှာလုပ်ချင်လို့ ဖြစ်ပါလိမ့်မယ်၊

သူတို့ တကယ်ယုံကြည်တာ မောင့်ထက်တော်တဲ့ အထူးကု ဆရာဝန်ကြီးတွေကိုပါ"

မောင် ဆေးခန်းဖွင့်တယ်ဆိုပေမယ့် ဘယ်လိုနေရာမှန်း သူ မသိခဲ့ပါ။ ကိုယ့်အလုပ်ကိစ္စများဖြင့် မအားမလပ်တာက တစ်ကြောင်း၊ မောင့်အလုပ်ကိစ္စကို စိတ်မဝင်စားတာမို့ လိုက် မကြည့်ဖြစ်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ပြောမှ မောင်၏ ဆေးခန်းဟာ သူမ ထင်သလို နေရာမျိုးတွင် မဟုတ်တာ သိရ၏။ သူမ မိတ်ဆွေတွေက ...

"ဒေါ်စောမင်းခင် အမျိုးသား ဆေးခန်းဖွင့်ထားတယ်ဆိုတာ ဟာ ဘယ်နေရာလဲ" ဟု မေးတတ်ကြရာ သူမ ဘာဖြေရမှန်းမသိ ဖြစ်ခဲ့တာ အကြိမ်ပေါင်း မနည်းတော့။ မောင့်ခံယူချက်တစ်မျိုး ဖြစ်နေတာကို သူမ အံ့သြမိ၏။

"နေပါဦး မောင်၊ အဲ့ဒီ ဆေးခန်းထိုင်တာ တစ်နေ့တစ်နေ့ ဘယ်လောက်ရလို့လဲ"

"ပိုက်ဆံလား၊ အဟွန်း ...ပိုက်ဆံဆိုရှင်တော့ တစ်နေ့ တစ်နေ့ မောင် ကုန်ကျတဲ့ ဆေးစားရိတ်နဲ့ သုံးပုံတစ်ပုံရတဲ့ နေ့တွေဆို ကံကောင်း၊ အများအားဖြင့် မောင်ပဲ အိတ်စိုက်ရ တာလေ၊ သူတို့မှာ တန်ဖိုးကြီးတဲ့ဆေးတွေ ဝယ်စားဖို့နေနေ သာသာ စားဖို့တောင် ထမင်းနပ်မှန် အောင် မနည်းလုပ်နေရတာ"

"ဟင် ...မောင့်ဟာက ဘာတစ်ခုမှ အမြတ်မရှိပါလား"

သူမ၏ အံ့သြစွာ အပြောကြောင့် မောင် ပြုံးလျက် ပခုံးတစ်ချက် တွန့်သည်။

"မောင် ဆေးခန်းဖွင့်တာ အမြတ်ရဖို့မှ မဟုတ်ဘဲ မောင့် ဆေးခန်းနာမည်ကိုယ်က 'စေတနာ' တဲ့"





"အို ...စောတော့ မောင့်ကို ဘယ်လိုမှ နားမလည်တော့ဘူး၊ ဘယ်သူမဆို အလုပ်လုပ်တာ အမြတ်ရဖို့ပဲ၊ ခုတော့ ကိုယ်က တောင် အိတ်စိုက်ပေးရတယ်ဆိုတော့ ဘာအကျိုးရှိလို့လဲ"

စီးပွားရေးလုပ်ငန်းရှင်တစ်ဦးပီသစွာ အကျိုးအမြတ်တွက် နေသော သူမကြောင့် စိတ်ပျက်မိရ၏။

"စော မှားနေပြီ၊ မောင် ဆေးခန်းဖွင့်ကယ်ဆိုတာ လူတွေကို ကိုယ်တတ်ထားတဲ့ ပညာနဲ့ အကျိုးပြုချင်လို့၊

ဆေးခန်းဖွင့်တာဟာ လူနာတွေကို အပ်နဲ့ထောက်ပြီး ဓားပြတိုက်ဖို့ မဟုတ်ဘူး စော"

"ဒါပေမယ့် ဒီအချိန် လူတိုင်း စီးပွားရေးလုပ်နေကြတာ မောင်၊ မိုးရွာတုန်း ရေခံထားရမယ် မဟုတ်လား"

"အဟွန်း ...မောင် ဘာစီးပွားရေး လုပ်စရာလိုလဲ စော၊ မောင့်မိန်းမတစ်ယောက်လုံး စီးပွားရေးလုပ်နေတာပဲ၊

ဒါပေမယ့် စိတ်ချပါ စော၊ မောင် ကုန်ကျတဲ့ ဆေးဖိုးတွေကို စောအိတ်ထဲက မစိုက်ရပါဘူး၊ မောင့်အမွေအနှစ်တွေထဲက သုံးတာပါ"

"စော ပြောတာ ဒီလို သဘောမျိုးမဟုတ်ပါဘူး မောင်၊ စောကို မောင် နားလည်မှုလွဲနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွာ၊ ဒီအကြောင်းတွေ ဆက်မပြောတော့နဲ့နော်၊ ညဥ့်နက်ပြီ အိပ်စို့ဟုတ်လား"

သူမ ပန်းလေးကိုဖက်ကာ ခုတင်ဆီ လျှောက်ခဲ့သည်။ အသွင်မတူသော အိမ်ထောင်ရေးပေမယ့် ဇနီးမောင်နှံဖြစ်နေကြပြီမို့ အချစ်ကိုတော့ ပစ်ပယ်၍ မရပါ။ အခန်းထဲမှာ တိတ်ဆိတ်နေပေမယ့် သူတို့နှစ်ဦးရဲ့အတွေးများကတော့ တစ်နေရာစီ ဖြန့်ကြက်နေမှာ သေချာသည်။

* * *





"ဒေါက်တာ"

"သြော် ဆရာမပါလား"

နေ့ခင်းဘက် ဂျူတီနားချိန် ထမင်းစားဖို့ ပြင်နေသော သူ့ထံသို့ စတီးလေးဆင့်ချိုင့်လေးဆွဲလျက် မေ ရောက်လာသည်။

"ဒေါက်တာ ထမင်းထွက်စားမလို့လား"

"ဟုတ်တယ် ဆရာမ၊ ဘာဖြစ်လို့လဲ"

"သြော် ဟို"

မေက မျက်လွှာအသာချလျက် တိုးတိုးပြော၏။

"ဒီလိုပါ ဒေါက်တာ၊ ဒေါက်တာ နေ့ခင်းဘက်တောင် ထမင်းထွက်စားတာကို မေ သတိပြုနေမိတာ ကြာပါပြီ၊ အဲ့ဒါ နေ့တိုင်း ဆိုင်ဟင်း ဟိုတယ်ဟင်းတွေချည်းပဲ ဒေါက်တာစားနေရတာ ငြီးငွေ့မယ်ထင်ပြီး မေ ဒေါက်တာ့အတွက် ထမင်းချိုင့် ယူလာတာပါ"

www.burmeseclassic.com

www.burmeseclassic.com



နေ့ခင်းဘက်ဆို စောကလည်း အိမ်ပြန်မစားဘဲ ညည့်သည်တွေနှင့် ကြုံရာစားတတ်တာမို့ အိမ်ပြန်လည်း တစ်ယောက်တည်းလို ဖြစ်နေသည့်အတွက် သူ ထမင်းကို ကြုံရာစားခြင်းပါ။ ဒါကို မေ သတိပြုမိသွားပုံရ၏။'

"ဒုက္ခရှာလို့ ဆရာမရယ်၊ ကျွန်တော်က ကျင့်သားရနေပါပြီ၊ အိမ်ရှိပေမယ့် ဆိုင်ထမင်းဟင်းနဲ့ပဲ နှစ်ပါးသွားနေရတဲ့အဖြစ်ကိုလေ"

သူပြောရင်း ခပ်မဲ့မဲ့ပြုံးလိုက်၏။ အိမ်ထောင်သည်ယောက်ဖ တစ်ယောက်အနေဖြင့် သူ့ဘဝမှာ သာယာမှု ဘယ်လိုရှိမလဲ။

"စပ်စုတာမဟုတ်ဘူးနော် ဒေါက်တာ၊ ဒေါက်တာ့ဇနီးက ဒေါက်တာ့အတွက် ထမင်းချိုင့် မထည့်ပေးလိုက်ဘူးလား"

"ကိုယ်ယူမယ်ဆိုရင်တော့ အိမ်ဖော်တွေကို သူ စီစဉ် ခိုင်းမှာပါ၊ သူ့လက်ရာတော့ တစ်ခုမှာ ပါဝင်မှာမဟုတ်ဘူးလေ"

"ဒေါက်တာ့ဇနီးက အလုပ်တွေ သိပ်များတဲ့လူလို့ မေ သိထားပါတယ်၊ စီးပွားရေးဘက် လုပ်နေရတော့ ဒေါက်တာ့ အတွက် အချိန်မပေးနိုင်တာ ဖြစ်ပါလိမ့်မယ်၊

ဘာပဲဖြစ်ဖြစ် ကိုယ်နဲ့တန်းတူ အိမ်ထောင်တစ်ခုမှာ စီးပွား ရှာနိုင်တဲ့ မိန်းမကိုရတာ ဒေါက်တာ ကံကောင်းပါတယ်"





"မေ အထင်မှားနေပြီ၊ ကျွန်တော်လိုချင်တဲ့ အိမ်ထောင် ရေးက စီးပွားရှာဖက်ကို မဟုတ်ဘူး၊ အိမ်ထောင်ရှင်မ အစစ်ကို လိုချင်တာ၊ ဒါပေမယ့် ရယ်စရာကောင်းတာက ကျွန်တော့်အတွက် လွဲချော်တဲ့ အိမ်ထောင်ရေးကို ပိုင်ဆိုင်လိုက်တာလေ"

"ကဲပါလေ ဆရာမပါ ကျွန်တော်နဲ့ရောပြီး စိတ်ညစ်သွားပါ့ မယ်၊ အပင်ပန်းခံပြီး သယ်လာတဲ့ထမင်းချိုင့်ကို ကျွန်တော် စားပါ့မယ်"

သည်တော့မှ မေ မျက်နှာလေးဝင်းလက်ကာ သူ့အတွက် ထမင်းပွဲပြင်ပေးသည်။ မေ၏ လက်ရာဟင်းများက စားချင်စဖွယ်။ ကြက်သားဟင်းလေးချက်၊ ငါးဖယ်ကြော်သုတ်၊ ဆလပ်ရွက်ကို ပုစွန်ခြောက်မှုန့်နှင့်သုတ်ကာ ပါလချောင်ကြော်တို့ဖြင့် သူ့ကို ခံတွင်းမြိန်စေ၏။

"မေရော တစ်ခါတည်းစားလေ"

"စားပါ ဆရာ၊ မေ ပြီးတော့မှ သူငယ်ချင်းတွေနဲ့ စားလိုက်ပါ့မယ်"

"မဟုတ်တာဗျာ၊ ဒီထမင်းဟင်းတွေ ကျွန်တော်တစ် ယောက်တည်း မကုန်ပါဘူး၊ ပြီးတော့ နေ့ခင်းဘက် ထမင်းစား



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ အမြဲတမ်းလို တစ်ယောက်တည်းဖြစ်နေတဲ့ ကျွန်တော့် အတွက် အဖော်လိုပါတယ်"

သူ့အပြောကြောင့် မေ ဂိတ်မကောင်းဖြစ်လျက် ထမင်း အတူစားဖို့ လက်ခံလိုက်၏။

"ကျွန်မချက်လာတဲ့ ဟင်းတွေက ဒေါက်တာ စားနေရ ဟိုတယ်က ဟင်းတွေလို ကောင်းချင်မှ ကောင်းမှာပါ၊ ဒါပေမဲ့ ကျွန်မ အတတ်နိုင်ဆုံး ဒေါက်တာ့အတွက် ..."

"ဆက်မပြောပါနဲ့ဗျာ၊ ဆရာမစေတနာကို ကျွန်တော် လေးစားပါတယ်၊ အမှန်ပြောရရင် အဲ့ဒီလို အပြင်ဟင်းတွေ ကျွန်တော်ငြီးငွေ့နေတာ ကြာပါပြီ၊ ခုလို ဆရာမလက်ရာ စားရတာ ကျွန်တော့်အတွက် နတ်သုဒ္ဓါလိုပါပဲ"

တကယ်ပဲ သူ အားပါးတရ စားတာကြောင့် မေ ကျေနပ်သွားရ၏။ မေက သူ့ထဲ ဟင်းဦးချတော့ သူ့ရင် လှုပ်ခနဲဖြစ်လျက် မေ့ကို ကြည့်မိသည်။ မေ၏ မျက်နှာလေး ကြည်စင်ရီးသားနေ၏။

ကြည့်စမ်း စေတနာ့အတူ ထမင်းစားတိုင်း ဦးချလေ့မရှိသော ဓော၏ အပြုအမူနှင့် ဘယ်လောက်ကွာခြားလဲနော်။ ဓောနှင့်





ထမင်းစားလျှင် သူကသာ စားပန်းကန်ထဲ ဟင်းအမြဲ ထည့်ပေး တတ်တာပါ။

"ဒါတွေအားလုံး ဆရာမ ချက်တာလား"

ဟင်းတွေကိုကြည့်ကာ သူမေးလိုက်၏။ မေက ခပ်သွက်သွက် လေး ခေါင်းညိတ်ရင်း ...

"ဘာဖြစ်လို့လဲ ဆရာ၊ မေ့လက်ရာ မကောင်းလို့လား"

"ဟာ ... မဟုတ်ပါဘူး၊ လက်ရာတွေ သိပ်ကောင်းလွန်းလို့ မေးမိတာပါ၊ ကျွန်တော့ဇနီး ဓောဆို ဘာဟင်းမှ မချက်တတ်ပါဘူး လေ၊ သူကိုယ်တိုင်လဲ အိမ်ဖော်တွေချက်ပေးသမျှ စားနေတာပဲ၊

ပြီးတော့ သူနဲ့ကျွန်တော်က အကြိုက်ချင်း မတူဘူး၊ သူက ပေါ့ရွှတ်ရွှတ်နဲ့ ဗိုက်ဆုံဆုံအစားတွေကို မက်သလောက် ကျွန်တော်ကတော့ မြန်မာပီပီ မြန်မာထမင်းဟင်း လေးလေး နက်နက်ကိုပဲ ကြိုက်တာ၊

အိမ်ဖော်တွေက သူ့အကြိုက်ချက်ရတာဆိုတော့ မြန်မာ ဟင်းချက်လဲ ပေါ့ရွှတ်ရွှတ်နဲ့ ကျွန်တော် ဘယ်လိုမှ စားမဝင်တာ သူ မသိဘူး"

မထင်မှတ်ဘဲ မေ့ကို သူ ရင်ဖွင့်ဖြစ်သွား၏။ မေမှာ ဒေါက်တာ့လို လေးစားစရာ ယောက်ျားတစ်ယောက် အိမ်ထောင်

www.burmeseclassic.com

www.burmeseclassic.com



ရေး အဆင်မပြေတာကိုသိရတော့ ကြိတ်ကာ စိတ်မကော
ဖြစ်ရ၏။ တကယ်ဆို ဒေါက်တာလို စိတ်သဘောထားပြည့်
ယောကျ်ားဟာ အိမ်ထောင်ရေးမှာ ပျော်ရွှင်ဖို့ ကောင်းရမှာ

"ကျွန်တော့်အကြောင်းတွေ ကြားရတော့ မေ စိတ်မကော
ဖြစ်သွားပြီလား"

"ရပါတယ် ဒေါက်တာ၊ ကျွန်မ ဒေါက်တာကို နားလည်
တယ်"

"ကျေးဇူးပဲ ဆရာမရယ်"

သူက လှိုက်လှဲစွာ ပြောမိခြင်းပါ။ စောဟာ သူ့အ
မေလို နားလည်မှုရှိရင် ဘယ်လောက်များ ကောင်းလိုက်မလဲ

ခုတော့ ဟင်း ...၊ သူ သက်ပြင်းတစ်ချက်ကိုကြိတ်
ရှိုက်လိုက်သည်။

* * *





"မင်းနဲ့ ဒေါက်တာတို့ရဲ့ အိမ်ထောင်ရေးကို အားလုံးက
က်ဖက်တဲ့ ဇနီးမောင်နှံအဖြစ် ပျော်ရွှင်သာယာလိမ့်မယ်လို့
င်ခဲ့တာ၊ ခုတော့ မင်းတို့ဟာက အပေါ်ယံကြည့်ရင် ဟုတ်မလို
့ အတွင်းရေးက အေးစက်နေတာမျိုးပါလား စော"

သူမမှာ ရင်ဖွင့်စရာဆို၍ လွင်လွင်တစ်ယောက်သာရှိတာ
မောင်နှင့် အကြောင်းကို ဖွင့်ပြောမိ၏။ သူမ သက်ပြင်းချက်
က်ရင်း ...

"ကျွန်မဘက်ကတော့ ဘာပြဿနာမှ မရှိပါဘူး လွင်လွင်၊
င့်ဘက်ကတော့"

"ဘာလဲဟင်၊ ဒေါက်တာက စောကို ပြဿနာရှာလို့လား"

"ဒီလိုမျိုးလဲ မဟုတ်ပါဘူး လွင်၊ မောင့်ကြည့်ရတာ
န်မ အပေါ် အမှန်တကယ် နားလည်မှုရှိရဲ့လား မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်း ကျွန်မအပေါ် အေးစက်လာသလိုပဲ"

"အမှန်ပြောရရင် ဒါ မင်းလိုအပ်တာပဲ ဓာ၊ မင်းဘက်က အလုပ်တွေနဲ့ ဒေါက်တာ့ကို ဂရုမစိုက်သလို ဖြစ်မိတဲ့အချိန်မှာ ဒေါက်တာ ဘယ်လိုခံစားရမယ်ဆိုတာ ထည့်တွက်သင့်တယ်"

"ခုလဲ ကျွန်မ ခံစားနေရတာပါပဲ လွင်ရယ်၊ ကျွန်မဘက်က မောင့်ကို အတတ်နိုင်ဆုံး အချိန်ပေးဖို့ ကြိုးစားပြန်တော့ မောင်က နေ့ဂျူတီ၊ ညဂျူတီတွေနဲ့ နောက် ဆေးခန်းဆက်ထိုင်ရ ကျွန်မတို့ လင်မယား တစ်နေ့တစ်နေ့ မျက်နှာချင်းဆုံဖို့တောင် ခက်လာပြီ"

"ဒါနဲ့ ဒေါက်တာရဲ့ဆေးခန်းကို မင်း ရောက်ဖူးသလား ဓာ"

"ဟင့်အင်း၊ ကျွန်မလဲ အလုပ်တွေများနေတာနဲ့ သူကလဲ မခေါ်တာနဲ့"

"ကျွတ်…မင်း အဲဒါတွေ ခက်တာပဲ၊ ဒေါက်တာက မခေါ်လဲ သူရဲ့ဇနီးအဖြစ် စိတ်ဝင်စားစွာ မင်း လိုက်ကြည့်ရမှာ ဓာ"

"အဲဒီကိစ္စကို မောင်နဲ့ကျွန်မ စကားများပြီးပြီ၊ စဉ်းစားကြည့် ပါဦး လွင်ရယ်၊ မောင်လို နိုင်ငံခြားပြန် ဆရာဝန်တစ်ယောက်က





ဆေးခန်းသွားဖွင့်တဲ့နေရာဟာ ဘယ်သူမှမသွားတဲ့ ဆင်းရဲသား ပ်ကွက်တစ်ခုမှာတဲ့လေ၊

ကျွန်မ အဲ့ဒီကို ဘယ်လိုမျက်နှာနဲ့ လိုက်ကြည့်ရမှာလဲ"

သူမ စိတ်ပျက်စွာပြောရင်း မောင်ဟာ နားလည်ရခက်တဲ့ အဖြစ် စိတ်ထဲ မတင်မကျ ဖြစ်နေမိသည်။ သူမ ဖြစ်စေ င်တာက မောင့်ကို မြို့ထဲမှာ ခန့်ညားသားနားသော ဆေးခန်း း်ဖွင့်ကာ သူမတို့ အသိုင်းအဝိုင်းမှ မိတ်ဆွေများနှင့် တစ်နေ့ စ်နေ့ သိန်းချီရသော အနေအထားကိုပါ။

"အေးကွာ၊ အဲ့ဒါတစ်ခုတော့ တို့လဲ ဒေါက်တာ့ကို ည့် တယ်၊ ဒေါက်တာ ဘယ်လို စိတ်ကူးနဲ့ ဒီအကြံဉာဏ်ရတယ် သိဘူး၊ မင်း ဒေါက်တာ့ကို နားချပြီးပြီလား"

"နားချတဲ့အနေအထားတော့ မဟုတ်ပါဘူး၊ ဆွေးနွေးတဲ့ သဘောမျိုးပါ၊ မောင်က သူ့ခံယူချက်နဲ့သူဆိုတော့ ကျွန်မ ာ်ရခက်တာပေါ့"

"ဘာပဲဖြစ်ဖြစ် ဒေါက်တာကို အေးအေးဆေးဆေး နားချ ပေါ့၊ မင်းက ဇနီးတစ်ယောက်ပဲ၊ ပြီးတော့ မင်းတို့အိမ်ထောင် ုံးမှ ကလေးယူလိုက်ရင် ကောင်းမယ်ထင်တယ်၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာ့ဆန္ဒလဲ ပြည့်ဝပြီး မင်းအလိုကို ဖြည့်ဆည်းလာနိုင်တယ်"

သူမအတွက် ကလေးယူဖို့ဆိုတာ အတော် စဉ်းစားရ၏။ သူမ စဉ်းစားထားတာက လက်ထပ်ပြီး နှစ်နှစ်လောက်ကြာပြီးမှ သူမ လုပ်ငန်းတွေလည်း စိတ်ချရှာဖြစ်နေချိန်မှာ ယူချင်သည်။

မှန်တာပြောရလျှင် သည်အချိန်ပိုင်းတွေဟာ ကုမ္ပဏီ တစ်ခုလုံး အခြေခိုင်မာအောင်မြင်ဖို့ သူမ အရမ်းကြိုးစားနေချိန် ဖြစ်သည်။

သူမအနေဖြင့် ကိုယ်လုပ်သော လုပ်ငန်းတစ်ခုကို အောင်မြင်ဖို့သာ ရည်ရွယ်၏။ သူမဘဝမှာ အရှုံးကို မလိုလား။

"ကလေးယူဖို့ကတော့ မဖြစ်နိုင်ပါဘူး လွင်ရယ်၊ ကလေး တစ်ယောက်ကိစ္စဆိုတာ နည်းတာမဟုတ်ဘူး ပြီးတော့ သည် အချိန်မှာ သူရော ကိုယ်ရော မအားတာ၊ ကလေးရလာရင် ဘယ်လို အချိန်ပေးမလဲ၊

ပြီးတော့ ကျွန်မတို့လက်ထပ်တာ တစ်နှစ်မပြည့်သေး ပါဘူး၊ ကျွန်မအနေနဲ့ လွတ်လွတ်လပ်လပ် နေချင်သေးတယ်"

"အဲဒါကို ဒေါက်တာ့ကို ပြောပြလား"





"ဟင့်အင်း၊ အလုပ်တွေများနေလို့ နောက်မှယူမယ်လို့ ပြောတာကလွဲရင် ခုနစကား မပါဘူး လွင်လွင်"

"တကယ်ဆို မင်းရင်ထဲက ဆန္ဒအားလုံးကို ဒေါက်တာ သိအောင် ဖွင့်ပြောသင့်တယ်၊

ခုဆို ထမင်းစားချိန်မှာ ဒေါက်တာ မင်းဆီမလာရင် မင်းက ဒေါက်တာဆီလိုက်သွားပြီး လင်မယား ဆွေးနွေးမှုရအောင် ကြိုးစားသင့်တယ်"

"ဟုတ်တယ်နော် လွင်လွင်၊ မောင် ဟိုတစ်ခါကိစ္စ တုန်းက ကျွန်မနဲ့အတူ ထမင်းစားခေါ်လို့ မရတာ၊ ဒီတော့ ကျွန်မပဲ မောင့်ဆီ လိုက်သွားမယ်၊ အို ကြာပါတယ်ကွာ၊ ခုပဲ မောင့်ဆီသွားပြီး နေ့လယ်စာ အတူစားကြမယ်"

"ဒါ အကောင်းဆုံးပေါ့ စော"

သူမ ချက်ချင်းပင် မောင့်ဆေးရုံသို့ ထွက်ခဲ့၏။ အမှန်ဆို မောင်၏ ဆေးရုံသို့ သူမ တစ်ခါမှ မလိုက်ဖူးပါ။ သို့သော် အေးစက်သလိုဖြစ်နေသော အိမ်ထောင်ရေးအတွက် ခုလိုလုပ်မှ နွေးထွေးလာနိုင်မှာမို့ သူမစိတ်ထဲ ပျော်သလို ဖြစ်လာသည်။

မောင်ကတော့ သူမလိုက်လာတာကို အံ့ဩမှာပဲ။ မောင့် စိတ်ထဲမှာ သူမကို ဂရုမစိုက်ဘူး ထင်နေတာတွေအားလုံး ပျောက်ကွယ်သွားဖို့ ဖန်တီးရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရောက်တော့ မောင့်ကိုမေးလိုက်၏။

"ဒေါက်တာမင်းရဲအိမ်လား၊ ဒေါက်တာ ခုလေးတင်ပဲ နေ့လယ်စာစားဖို့ ထွက်သွားပြီ ခင်ဗျ"

"ဟင် ..."

ကပ်၍လွဲချော်သွားသောအဖြစ်ကြောင့် သူမ အံလေး မသိ မသာကြိတ်မိ၏။ ထကယ်ဆို သူမ ညံ့တာပါပဲ။

မောင်နှင့်အတူ နေ့လယ်စာစားမည့်အကြောင်း မောင့်ကို ကြိုဖုန်းဆက်လျှင် ဘယ်လိုလွဲတော့မလဲ။

"သူ ဘယ်ကိုသွားစားတယ်ဆိုတာ သိပါသလားရှင်"

"ဒါတော့ မပြောတတ်ဘူး ခင်ဗျ၊ နေ့တိုင်း သူသွားစားနေကျနေရာတွေက အမျိုးမျိုးဆိုတော့"

"ဩော် ဟုတ်ကဲ့၊ ဒါနဲ့ သူ တစ်ယောက်တည်း သွားတာလား"

ဘယ်လိုစိတ်နဲ့မှမဟုတ်ဘဲ အမှတ်တမဲ့ မေးလိုက်ခြင်းပါ။

"မဟုတ်ဘူး ခင်ဗျ၊ ဒီနေ့တော့ အဖော်တစ်ယောက်နဲ့ သွားတယ်၊ အရင်ကတော့ တစ်ယောက်တည်းပါပဲ"

"ဩော် ဒါနဲ့သူ့အဖော်က"

"ဒီဆေးရုံကပါပဲ"





"ဟုတ်ကဲ့ ကျေးဇူးပါပဲရှင်၊ ကျွန်မ သွားလိုက်ပါဦးမယ်"

ထိုလူကို နှုတ်ဆက်ပြီး သူမ ပြန်ခဲ့သည်။ စိတ်က အလာ ...ကလို မကြည်လင်တော့။ မောင်နှင့်အတူ နေ့လယ်စာ ...ကြံရတဲ့ရက်တွေ ဘယ်လောက်ကြာပြီလဲ။

ဟင် ဒါနဲ့ မောင်က အဖော်တစ်ယောက်နဲ့ ထမင်းသွားစား ...တဲ့။ နေပါဦး၊ အဲ့ဒီအဖော်ဟာ ယောက်ျားလား၊ မိန်းမလားဆို ...သူမ မမေးခဲ့ရ။ လွှင်လွှင်သာသိလျှင် သူမကို ကောင်းကောင်း ...တ်တင်မှာ သေချာသည်။

ထိုစဉ် တစ်ခုသော စားသောက်ဆိုင်မှာတော့ ...

"စားနော် မေ၊ မေ ဘာကြိုက်မှန်းသိလို့ ဟင်းတွေစုံအောင် ...ိုက်တာ"

စားပွဲနှင့်အပြည့် လတ်ဆတ်ကောင်းမွန်သော ဟင်းများကို ...ကြည့်ကာ မေ သက်ပြင်းလေးကြိတ်ချ၏။

"ဒေါက်တာရယ်၊ မေတို့နှစ်ယောက်တည်းနဲ့ ဒီဟင်းတွေ ...ယ်လိုကုန်မလဲ၊ အစကတည်းက ဒေါက်တာ့ကို ပြောသားပဲ၊ ...တွက် အထူးတလည် ဘာမှ မမှာပါနဲ့လို့၊ မေ့ ...ဟင်းနဲ့ စားတတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါက ကျွန်တော့်စေတနာပါ မေ၊ မေကချည်း နေတိုင်း ကျွန်တော့်အတွက် ထမင်းချိုင့်ထည့်လာခဲ့တာ ကြာပြီလေ၊

ကျွန်တော့်ဘက်က တစ်ခါတလေ ဒီလိုတုံ့ပြန်မှုမျိုးမှ မရှိရင် မေ့ကို ကျွန်တော် ဘယ်လိုမျက်နှာချင်းဆိုင်မလဲ"

"မေ ဒေါက်တာ့ကိုကျွေးတာ ဘာမျှော်လင့်ချက်မှ မဟုတ်ပါဘူး"

"ဒါတွေ ကျွန်တော် နားလည်ပါတယ်၊ အခုလဲ မေ မလိုက် ချင်ဘူးဆိုတာ ကျွန်တော်သိတာပဲ၊ ဒါပေမယ့် ကျွန်တော့်ကို အားနာလို့ မေ လိုက်လာတဲ့အတွက် ကျေးဇူးတင်ပါတယ်"

သူပြောရင်း မေ့ပန်းကန်ထဲသို့ ကောင်းနိုးရာရာ ဟင်းတွေ ရွေးထည့်ပေးမိ၏။

"အို ...ဒေါက်တာလဲ စားလေ"

မေက အားနာကာ သူ့ပန်းကန်ထဲသို့ ဟင်းများကို ပြန်ထည့်ပေးနေ၏။

"စားပါမေ၊ ကျွန်တော်က ရပါတယ်၊ အမှန်ပြောရရင် မေဟာ ကျွန်တော့်ကို နားလည်မှုအပြည့်ရှိလို့ ကျွန်တော် ဝမ်းသာနေတာပါ၊





ကျွန်တော့်ခိုင်းရဲ့ လစ်လျူရှုမှုတွေကို မေက ဖြည့်ဆည်းပေး ဂရုစိုက်ပေးသလို ဖြစ်နေတယ်"

"အို ...ဒေါက်တာ့ဇနီးကို မေ တစ်ခါမှ မမြင်ဖူးပေမယ့် ဒေါက်တာ့လို လေးစားကြည်ညိုစရာကောင်းတဲ့ ... ယောက်ကို ဘာကြောင့် ဂရုမစိုက်လဲဆိုတာ ... နားမလည်ဘူး"

မေ့အပြောကြောင့် သူ မရိုသလိုပြုံးမိ၏။ ... နေလယ်စာကို ... ယ် ဟုတ်လား"

"ဒါက ဘာဆန်းလဲ မေ၊ တန်ဖိုးထားပုံခြင်း ... င်း ဆိုဟာတွင် သူ တန်ဖိုးအထားဆုံးက သူ့အလုပ်တွေပဲ"

"ဒေါက်တာတို့ ဒီလောက် ချမ်းသာနေလျက်နဲ့

"အဟွန်း ...ချမ်းသာတဲ့လူတွေဟာ ငွေကို ပိုမက်တယ်ဆို တာ မေ မယုံဘူးလား၊ သူတို့စိတ်ထဲမှာ ငွေတို့ ဂုဏ်ပကာသနတို့ပဲ ရှိတယ်၊

အဲဒါတွေဟာ သူတို့ဘဝအတွက် အရေးကြီးဆုံး အရာ တွေပဲ"

သူ၏ စိတ်နာသလိုအပြောကြောင့် မေ ဘာပြောရမည်မှန်း မသိ။ သည်လောက်ချမ်းသာနေတဲ့ လူတွေရဲ့ အိမ်ထောင်ရေး

www.burmeseclassic.com



မသာယာတာ ဘာကြောင့်လဲဟို့ မေ ခပ်ရေးရေးတော့ သ
ပေါက်လာသလိုပါပဲ။

"ကဲပါလေ၊ ကျွန်တော့်ရဲ့ကြောင်းတွေမကြားရရင်
အတွက် စိတ်မချမ်းသာစရာ ဖြစ်မှာမဟုတ်ပါဘူး၊ ဒီ
ထမင်းကိုသာ စိတ်ချမ်းချမ်းသာသာထားပြီး စားပါဗျာ"

"ဘာပဲဖြစ်ဖြစ် ဒေါက်တာ စိတ်ညစ်စရာရှိရင်
မျှဝေခံစားပါ၊ မေ ဒေါက်တာ့ကို အပြည့်ဝဆုံး နားလည်
ပေးပါမယ်ရှင်"

ထိုစကားကြောင့် သူ့ရင်သည် ကြည်နူးချမ်းမြေ့သွား

"ကျေးဇူးပဲမေ" ဟု လိုက်လှဲစွာ ပြောမိတော့၏။

* * *





"ဘာပြောတယ် စော၊ ဒေါက်တာက နေ့လယ်စာကို အဖော်တစ်ယောက်နဲ့အတူ အပြင်သွားစားတယ် ဟုတ်လား"

လွှင်လွှင့်အမေးကို သူမ ခေါင်းညိတ်ပြရင်း ဆိုဖာတွင် ပင်ပန်းနွမ်းနယ်သလို ဝင်ထိုင်လိုက်၏။

"ဒေါက်တာရဲ့အဖော်ဆိုတာ ဘယ်သူလဲစော"

"ဟင့်အင်း မသိဘူး၊ သူ့ဆေးရုံကပဲတဲ့"

"ဟင် ... စောရယ်၊ ရှင်ဟာ စီးပွားရေးလုပ်ငန်းတွေမှာ ကျွမ်းကျင်ထက်မြက်သလောက် လူမှုရေးမှာ တော်တော် ညံ့ပါလား၊ ဒေါက်တာ့ရဲ့ အဖော်က မိန်းမလား၊ ယောက်ျားလား ဆိုတာတောင် ရှင် မမေးခဲ့ဘူးလား"

"အဲ့ဒီကိစ္စကို မေးဖို့ မေးသွားတယ်၊ မောင့်ကိုမတွေ့ရတော့ လူကို မောသွားတာပဲ လွှင်လွှင်"



www.burmeseclassic.com

www.burmeseclassic.com



"စော ... စော၊ မင်းဟာ အပေါ်ယံကြည့်ရင် ဒေါက်တာ့ကို မချစ်သလိုလိုနဲ့ တကယ်တမ်းမှာ မင်း ဒေါက်တာ့ကို သိပ်ချစ် လား၊ ဒါနဲ့များ မင်းရဲ့အချစ်ကို ဒေါက်တာမြင်အောင် ဘာကြော မပြရတာလဲ"

လွင်လွင်က သူမစိတ်ကို ထွင်းဖောက်မြင်ကာ ဝေဖန်သ ငြိမ်သက်စွာ တွေးနေမိ၏။ မောင့်ကို သူမ ချစ်ပါသည် ချစ်၍သာ လက်ထပ်ခဲ့တာပါ။ ဒါပေမယ့် သူမ မောင့် ချစ်ကြောင်း ဘယ်လိုပြောရမလဲ။

တကယ်ဆို သူမတို့လက်ထပ်ခဲ့တာ နှစ်ဖက်မိဘ သဘောတူလို့။ တစ်ယောက်ကိုတစ်ယောက် ချစ်လားဟု တစ်ခ မမေးခဲ့။

လက်ထပ်ပြီး သည်လောက်ကြာတဲ့အထိ မောင့်ဘက် ချစ်တယ်ဆိုသောစကားကို မကြားရ။ သည်တော့ သူမက မောင့်ကို ချစ်ပါတယ်လို့ ဘယ်လိုပြောရမလဲ။ သူမက မိန်းမသာ မဟုတ်လား။

"ကျွန်မနဲ့သူ လက်ထပ်ခဲ့တာ မိဘတွေ သဘောတူလို့ဆို မယ့် ကျွန်မ သူ့ကို လက်ထပ်ခဲ့တာ အချစ်ကြောင့်ပဲ"





"ဟုတ်ပြီလေ၊ အဲ့ဒီစကား ဒေါက်တာ့ကို မင်းပြောခဲ့သလား စော"

သူမ ခေါင်းခါယမ်းလိုက်ရင်း ...

"ကျွန်မ ဘယ်လိုပြောရမှာလဲ လွင်လွင်၊ ကျွန်မ မိန်းမသား ..."

"အင်း တကယ်ချစ်တဲ့ လူတွေမှာ ယောကျ်ားမိန်းမ ခွဲခြား နေစရာ မလိုပါဘူးကွာ၊ ချစ်တဲ့သူက စပြောရမှာပဲ၊ ဒါပေမယ့် မင်းနဲ့ ဒေါက်တာဟာ တစ်ယောက်ကိုတစ်ယောက် မာနခံနေတယ်"

"ဟုတ်တယ် လွင်လွင်၊ တခြားနေရာမှာ မာနမရှိနဲ့ဦး၊ အချစ်နဲ့ပတ်သက်ရင်တော့ ကျွန်မမှာ မာနရှိတယ်၊ သူ့ဘက်က ချစ်တယ်လို့ မပြောမချင်း ကျွန်မက သူ့ကို ချစ်တယ်လို့ ဘယ်တော့မှ မပြောဘူး၊ ဒါ ကျွန်မ ကတိပဲ"

သူမ၏ တည်ကြည်ပြတ်သားသော အပြောကြောင့် လွင်လွင် သက်ပြင်းချရုံကလွဲလို့ ဘာမှ မတတ်နိုင်။ လွင်လွင် ကတော့ သူတို့ အိမ်ထောင်ရေးကို အဆင်ပြေလိုစွာဖြင့် ဆုတောင်းပေး ခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ ဒါ မင်းရဲ့ကိုယ်ရေးကိုယ်တာပါ၊
ဒါပေမယ့် ဒေါက်တာ့ရဲ့ ခြေလှမ်းကိုတော့ မင်း သိသင့်တ

"သူ့ရဲ့ခြေလှမ်း ဟုတ်လား၊ မောင်က ဘာတွေလုပ်
လဲ၊ မောင့်ကို ကျွန်မ ယုံတယ်"

"ဩော် ခက်ပါလား စာရယ်၊ ဒေါက် သိက္ခာကို
စော်ကားနေတာ မဟုတ်ပါဘူး၊ ဒါပေမယ့် အခု ဒေါက်တာနဲ့
သွားတဲ့အဖော်ဟာ မိန်းမဖြစ်နေရင် မင်း ဘယ်လိုလုပ်မလဲ"

"ဒါကတော့"

သူမ တစ်ချက်စဉ်းစားပြီးမှ ခေါင်းခါယမ်းသည်။

"မောင်က လူကြီးလူကောင်းတစ်ယောက်ပဲ၊ မော
မိတ်ဆွေဆိုတာ ရှိမှာပဲ လွင်လွင်၊ အဲ့ဒီမိတ်ဆွေဆိုတဲ့
မိန်းမတွေလဲ ပါဝင်နိုင်တာပဲ"

"ကျွန်မလဲ လုပ်ငန်းနဲ့ပတ်သက်ပြီး အမျိုးသား
ဆက်ဆံနေတာပဲ မဟုတ်လား"

"ဒါပေမယ့် မိန်းမစိတ်နဲ့ ယောကျ်ားစိတ်က မတူဘူး
ပြောရရင် မင်းတို့ရဲ့အိမ်ထောင်ရေးက အေးစက်နေတာ၊ တ
လို့များ ဒေါက်တာ့ကို နွေးထွေးမှုပေးမယ့် မိန်းမနဲ့များ
[illegible]င်"





"ဟင် ..."

ထိုအချက်ကို သူမ တစ်ခါမျှ မစဉ်းစားဖူးခဲ့။ မောင့်ကို သူမ ယုံကြည်ခဲ့သည်။ ပြီးတော့ သူမကိုယ်သူမ ယုံကြည်၏။ မောင်ဟာ သူမလို မိန်းမမျိုးကို သစ္စာဖောက်ပြီး တခြားမိန်းမနဲ့ မဖောက်ပြန် နိုင်ပါ။ အကြောင်းကတော့ သူမသည် အစစအရာရာ ပြည့်စုံကာ မြင်သူတကာ ငေးလောက်အောင် လှပချောမောသူ မဟုတ်လား။

ထို့ကြောင့် အသာပြုံးလိုက်ရင်း ...

"စိတ်ချပါ လွင်လွင်၊ မောင်ဟာ ဒီလောကမိုက်မဲမှာ မဟုတ်ပါဘူး၊ ကျွန်မဟာ မောင့်အတွက် အကောင်းဆုံး ဇနီး ဖြစ်မှာပါ"

သူမ၏ ယုံကြည်လွန်းမှုကို လွင်လွင် အားမရဖြစ်သွားသည်။ လွင်လွင်သာ သူမနေရာမှာဆို ဒေါက်တာမင်းရဲအိမ်လို ချောမောခန့်ညားတဲ့ ယောကျ်ားကို ဘယ်တော့မှာ စိတ်ချလက်ချ လွှတ်ထားလိမ့်မည်မဟုတ်။ အကြောင်းကတော့ ဒေါက်တာ မင်းရဲအိမ်လို ယောကျ်ားမျိုးကို မိန်းကလေးတိုင်း သဘောကျ နိုင်သည်လေ။



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ၊ မင်းရဲ့ယုံကြည်မှုအတွက် မင်း စိတ်အေးချမ်းပါစေလို့ တို့ ဆုတောင်းပါတယ်"

"အမှာင်း ...လွှင်လွှင် ဆုတောင်းပြည့်မှာပါ၊ ကျွန်မခုပဲ မောင့်ဆီ ညနေစာ အတူစားဖို့ ဖုန်းဆက်လိုက်မယ်"

သူမ ပြောရင်း မောင့်ထံ ဖုန်းဆက်လိုက်၏။ အခန့်သင့်ပင် မောင်နှင့်တွေ့တာကြောင့် သူမမျက်နှာ ပြုံးသွားသည်။

"မောင်လား"

"ဟုတ်ပါတယ် စော၊ စော ခုနက ဆေးရုံကို လာသွားသေးတယ်ဆို"

"ဟုတ်တယ် မောင်၊ မောင်နဲ့အတူ နေ့လယ်စာစားရအောင် စော လာခဲ့တာ၊ စောရောက်တော့ မောင် မရှိတော့ဘူးလေ၊ မောင် သွားစားတယ်ဆိုလို့ စော ပြန်ခဲ့ရတယ်"

"ဆောရီးပဲ စော၊ စောသာ ကြိုဖုန်းဆက်ထားရင် မောင် စောင့်နေမိမှာပါ"

မောင်၏ ထိုအပြောကြောင့် စော ကျေနပ်သွားသည်။ စောကို ပစ်ပယ်မထားပါဘူးနော်။

"ရပါတယ် မောင်၊ စောမှ ကြိုဖုန်းမဆက်မိဘဲ"

"ဒါဆို အခု စော ဖုန်းဆက်တာက"





"အဟင်း ...မောင် ဆေးရုံက ဂျူတီပြီးရင် အိမ်ပြန်ခဲ့နော်၊ စောလဲ ဒီနေ့ အိမ်ကို အစောပြန်မယ်၊ ညနေစာကို စောတို့ အတူစားရအောင်လေ"

မောင့်ဘက်မှ ငြိမ်သက်သွားတာကြောင့် စော၏ လှပသော မျက်နှာလေး မသိမသာ တွန့်သွားသည်။ မောင် ဘာဖြစ်သွားတာလဲ။

"မောင်"

"ဩော် စော၊ ဆောရီးပဲ စောရယ်၊ မောင် ညနေစာ ပြန်စားနိုင်မှာ မဟုတ်ဘူး၊ ဆေးခန်းကို တန်းသွားရမှာမို့ပါ၊ ဟိုမှာ မောင့်လူနာတွေက စောင့်နေတယ်လေ"

"ဟင် ..."

မောင်၏ ငြင်းပယ်ခံလိုက်ရတာကြောင့် သူမ ဝမ်းနည်းသွားသည်။ တကယ်ဆို မောင် ငြင်းဖို့မကောင်းပါဘူး။ သူမဟာ မောင့်လူနာတွေလောက်မှ အရေးပေးခြင်း မခံရပါလား။

"ဒီမှာမောင်၊ စောတို့ ညနေစာကို အတူလက်ဆုံ မစားဖြစ်တာ ကြာပြီနော်၊ တကယ်ဆို စောရဲ့တောင်းဆိုချက်ကို မောင် လက်ခံသင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း၊ ဒါ စော စိတ်ကောက်တာလား၊ စော ဒီလို ကလေးဆန်တာ မောင် တစ်ခါမှ မတွေ့ဖူးပါဘူး၊ စောလဲ လုပ်ငန်းလုပ်နေတဲ့ အမျိုးသမီးတစ်ယောက်ပါကွာ၊ လုပ်ငန်း အကြောင်း နားလည်မှာပါ၊ စိတ်မကောင်းစမ်းပါနဲ့ ကလေးရယ်၊ ကဲ ဒါပဲ မဟုတ်လား ဘိုင့်"

မောင့်ဘက်မှ ဖုန်းချသွားပေမယ့် သူမမှာ ဖုန်းကိုင်လျက် ငိုင်နေမိသည်။

"ဘာတဲ့လဲ စော"

လွှင်လွှင့်အမေးကို သူမ မျက်နှာပျက်လျက် ဖြေ၏။

"သူ့ ဆေးခန်းဆက်သွားရမှာမို့ ညနေစာ ပြန်မစားနိုင်ဘူးတဲ့"

"နေပါဦး၊ အရင်ကရော ဒေါက်တာက သူ့ရဲ့ညနေစာကို ဘယ်မှာစားလဲ"

"သူ ဆေးခန်းထိုင်တဲ့အချိန်ကစပြီး အပြင်မှာ စားတယ်"

"ဟင် ...ဒါဆို မင်းတို့ဟာက ငင်ရယ် မယားရယ်လို့ တစ်နေ့ကိုတစ်ကြိမ်တောင် မျက်နှာချင်းဆိုင် ထမင်းအတူ မစားဖြစ်ဘူးပေါ့"





လွှင်လွှင်၏ အံ့ဩသလို အမေးကို သူမ ခပ်လေးလေး ခေါင်းညိတ်ပြလိုက်သည်။

"ဒါတော့ မဟုတ်သေးဘူး ထင်တယ်၊ အေးလေ မင်းတို့ လင်မယားကိစ္စ ကိုယ့်ဘာသာဆွေးနွေးကြပေါ့၊ တို့က အပြင် လူတစ်ယောက်အနေနဲ့ ဝင်မပါချင်ဘူး"

သူမ အံလေးတစ်ချက်ကြိတ်လိုက်၏။

"ကျွန်မ ဒီနေ့ပဲ သူ့ဆေးခန်းကို လိုက်သွားမယ် လွှင်လွှင်"

"စိတ်အေးအေးတော့ထားနော် စော၊ စောတို့ဟာ သံသရေရှိ လူကြီးလူကောင်းတွေဆိုတာ မမေ့နဲ့"

"စိတ်ချပါ လွှင်လွှင်၊ ကဲ ကျွန်မပြန်မယ်"

သူမ အိမ်ပြန်လာပြီးနောက် လန်းဆန်းသွားအောင် ရေချိုးသည့်တိုင် စိတ်ထဲမှာ မအေးမြနိုင်။ ထို့နောက် မိတ်ကပ်ပါးပါး နှင့် ပုစွန်ဆီရောင် လက်ပြတ်ဝမ်းဆက်ဖြင့် ဆံပင်များကို ဖြီးလျက် မောင့်ထံ ထွက်ခဲ့သည်။

မောင်ဟာ သူမလို သိပ်လှတဲ့မိန်းမကို ဂရုမစိုက်နိုင်အောင် ဘာတွေက ဆွဲဆောင်ထားလဲ။ ဒါကို သူမ သိချင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမ တစ်ခါမျှမရောက်ဖူးသော အစွန်အဖျား ရပ်ကွက်လေး၏ လမ်းထိပ်တစ်နေရာတွင် မောင်၏ စေတနာဆေးခန်းကို တွေ့လိုက်ရသည်။

ဆေးခန်းသည် အတော်ကျယ်ပြန့်ကာ ဆေးခန်းထဲမှာ လူနာတွေ ပြည့်နေ၏။

သို့သော် အားလုံးသောလူနာတွေသည် သူမ တွေ့မြင်ဖူးသလို ရှေ့ငွေစိန်အပြည့်ဖြင့် လူနာကို လူနာမှန်းမသိအောင် ဖြစ်နေသူတွေ မဟုတ်။

ဟောင်းနွမ်းသော အဝတ်အစားများဖြင့် အိုမင်းရင့်ရော်နေသည့် လူတွေ။ သူမ နာခေါင်းလေး မသိမသာ ရှုံ့လိုက်ရင်းသည်လို လူနာတွေနှင့် မောင် ဘယ်လိုဆက်ဆံနေသလဲဟု တွေးမရ။

* * *





ဆေးခန်းရှေ့သို့ အနက်ရောင်မှန်ကားတစ်စီး ထိုးဆိုက်လာပြီး ကားပေါ်မှ ဖြူဖွေးဝင်းဝါ ချောမောလှပသော အမျိုးသမီးတစ်ဦး ဆင်းလာတာကို ဆေးခန်းထဲမှ လူတွေအားလုံးတွေ့ရ၏။

လူနာတစ်ယောက်ပြီးတိုင်း ရှေ့သို့ထွက်ကာ နောက်ထပ်လူနာတစ်ယောက်ခေါ်ဖို့လာသော မေလည်း သူမကို တွေ့သွားသည်။

သူမက မည်သူ့ကိုမှ ဂရုမစိုက်ဘဲ ဒေါက်တာရှိရာဆေးခန်းထဲသို့ တန်းမတ်စွာ ဝင်မည်အပြု မေက ကမန်းကတန်းဖြင့် ...

"မမ ခဏနေပါဦး"

မေ၏ တားဆီးမှုကြောင့် သူမက ဆတ်ခနဲ မျက်မှောင်ကြုတ်ကာ ဘာလဲဟုသော သဘောဖြင့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟို မမက ဘယ်သူနဲ့ တွေ့ချင်တာလဲဟင်၊ လူနာဆိုရင် မမအလှည့်ကျ စောင့်ရပါမယ်"

နာ့စ်ဝတ်စုံဖြင့် မေကို သူမ ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

..အင်း ရုပ်လေးကတော့ သနားကမားပဲ။ နေပါဦး မောင်က သည်ဆေးခန်းမှာ နာ့စ်နဲ့နှစ်ယောက်တည်းလား။ သူမတွေးရင်

"မင်းက ဘယ်သူလဲ"

"ကျွန်မ ဒီဆေးခန်းရဲ့ နာ့စ်ပါ"

"မင်းတို့ဒေါက်တာကော"

"အထဲမှာပါ"

"ကောင်းပြီ၊ ဒါဆို ကိုယ်သွားတွေ့မယ်"

"ဟို မမ"

"ဘာလဲ၊ မင်းကတို့ကို တားချင်လို့လား၊ နေဝါဦး ဒေါက်တာ မင်းရဲ့အိမ်မှာ စောမင်းခင်ဆိုတဲ့ ဇနီးတစ်ယောက် ရှိတယ်ဆိုတာ မင်းသိရဲ့လား"

"ရှင်"

သူမကို တစ်ခါမှ မမြင်ဖူးသော မေ အံ့ဩနေစဉ် မင်းရဲ့အိမ် အခန်းထဲမှ ထွက်လာသည်။





"ဘာဖြစ်နေကြတာလဲ"

"ဩော် စောပါလား"

မမျှော်လင့်ဘဲ သူမကို တွေ့လိုက်ရ၍ သူ အနည်းငယ် အံ့ဩ သွားသည်။ သူ့ ဆေးခန်းနှင့်ပတ်သက်ကာ တစ်ခါမှ စိတ်ဝင်တစား မရှိခဲ့သော သူမ အခု သည်ကိုဘာလာလုပ်တာ ပါလိမ့်။

"ဘာဖြစ်ရမှာလဲ မောင်၊ မောင့်နာ့စ်က စောကို ဘယ်သူမှတ် နေလဲမသိဘူး၊ အထဲဝင်ခွင့် မပြုဘူးလေ"

"မဟုတ်ဘူး ဒေါက်တာ၊ မေက ဟို…"

"ရတယ် မေ၊ ကျွန်တော် နားလည်တယ်၊ စော မေက စောကို မသိလို့ တားမိတာပါ၊ ပြီးတော့ လူနာဆိုရင်လဲ ကျော်မဝင်ရအောင် စည်းကမ်းအရ ပြောတာပါ"

"ကဲ အခု စောလာတဲ့ကိစ္စက"

တစ်ယောက်က (မေ)၊ တစ်ယောက်က ဒေါက်တာနှင့် ဘယ်တုန်းကတည်းက ရင်းနှီးကျွမ်းဝင်နေမှန်း မသိသော သူတို့ နှစ်ယောက်ကို ကြည့်လိုက်သော စောမျက်နှာ ပျက်ယွင်း မသိသော တင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြောင့် လူနာတွေရှိနေတာတောင် သတိမထားနိုင်တော့ဘဲ ...

"ဘာလဲ မောင်၊ စောက မောင့်ဓနီးပါ၊ မောင့်ဆေးခန်းကို စောက ကိစ္စရှိမှ လာရမှာလား"

"မဟုတ်ပါဘူး စော၊ မောင်မ စော မလိုက်စေ ထိုက်လာလို့ မေးတာပါ"

"အဟင်း ...လိုက်ရမှာပေါ့မောင်၊ ကိုယ့်မိန်းမနဲ့ ညနေစ အတူလက်ဆုံမစားနိုင်လောက်အောင် မောင့်ဆေးခန်းက ဘာတွေ ဆွဲငင်အား ကောင်းနေလဲလို့ စော လာကြည့်တာလေ"

သူမ၏ အနှောင့်အသွား မလွတ်စကားကြောင့် မင်းရဲအိမ်မှာ မေ့ကို အားနာသွားရသည်။ မေကိုယ်တိုင်လည်း မျက်နှာပျက်သွားလျက် ထိုနေရာမှ ထွက်ခဲ့၏။

သူ မျက်နှာပျက်ပျက်ဖြင့်

"စော စကားပြောရင် ကြည့်ပြောကွာ၊ မောင့်ဆေးခန်းက စောအတွက် စိတ်ဝင်စားစရာကောင်းမှာ မဟုတ်ပါဘူး၊ စော ကိစ္စ မရှိရင်လဲ အေးအေးထိုင်စောင့်လေ၊ မောင် လူနာတွေ ကုန်အောင် ကြည့်လိုက်ဦးမယ်"





"မစောင့်နိုင်ဘူး မောင်၊ ဒီလိုနေရာမျိုး စော တစ်ခါမှ လာဖူးတာမဟုတ်ဘူး၊ ခုတောင် မနည်းလာရတယ်၊ မောင် စောနဲ့ ပြန်လိုက်ခဲ့ပါ၊ အိမ်မှာ ထမင်းပွဲ အသင့်ပြင်ထားတယ်"

သူမ၏ ဖွတ်တရွတ်စကားကြောင့် သူ သက်ပြင်းချ ခေါင်းခါယမ်းလိုက်သည်။

"စော ကလေးမဆန်ချင်စမ်းပါနဲ့ကွာ၊ စောဟာ ဝုဏ်သရေရှိ အမျိုးသမီးတစ်ဦးဆိုတာ သတိရပါဦး၊ မောင် တာဝန်မပြီးဘဲ စောနဲ့ ဘယ်လိုပြန်လိုက်ရမလဲ"

"ဪ မောင်က စောထက် ဒီလူတွေက အရေးကြီးတယ်ပေါ့၊ ဟုတ်လား"

လွှင်လွှင် သတိပေးလိုက်သည့်တိုင် သူမ မနည်းထိန်းချုပ်ထားရာမှ ပေါက်ကွဲချင်လာ၏။

ထိုစဉ် မေ ထွက်လာကာ ...

"ဒေါက်တာ လိုက်သွားလိုက်ပါ၊ ဒီလူနာလောက်တော့ မေ ကြည့်ထားလိုက်ပါ့မယ်၊ မမက ဒေါက်တာ့ကို တကူးတက လာခေါ်ရတာပဲ"

စောက မေ့ကို စူးစူးစိုက်စိုက် ကြည့်နေ၏။ ရှေ့ဆက်ပြောလျှင် အကျိုးမထူးတာမို့ မင်းရဲအိမ် ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ မောင် ပြန်လိုက်ခဲ့မယ် စော၊ ဒါပေမယ့် ခဏတော့စောင့်၊ မောင် ကျန်တဲ့လူနာတွေအတွက် ဘာဆေးတွေ ပေးရမယ်ဆိုတာ မှာခဲ့ဦးမယ်၊ လာ မေ"

သူမရှေ့မှာပဲ မေ့ကို အခန်းထဲခေါ်သွားသော မောင့်ကို ကြည့်လျက် စော အံလေးတင်းတင်းကြိတ်မိရ၏။ ကြည့်စဉ် စော ခေါ်တုန်းက တစ်ခွန်းနဲ့မလိုက်တဲ့ မောင်က ဟို ဘာမဟုတ်တဲ့ နာ့စ်မ ဝင်ပြောလိုက်တာနဲ့ ချက်ချင်း ခေါင်းညိတ်ပြီးသား ဖြစ်သွားတာ၊ ဘယ်လောက် ခံရခက်စရာကောင်းလဲ နော်။

ခဏနေတော့ မောင် ပြန်ထွက်လာ၏။ မောင့်မျက်နှာက တည်နေသည်။ သူမက ကားကို ကိုယ်တိုင်မောင်းလာတာမို့ မောင်နှင့် ရှေ့တစ်စီး နောက်တစ်စီး ဖြစ်နေ၏။

အိမ်ရောက်တာနှင့် စော၏ ဒေါသတို့ ပေါက်ကွဲလေပြီ။

"ဒါက ဘယ်အချိုးချိုးတာလဲ မောင်"

အိမ်ထဲရောက်မဆိုက် အိတ်ကို စားပွဲပေါ်ပစ်တင်လျက် သူ့ကို ရန်လိုစွာ မေးလာသော စောကို နားမလည်သော မျက်ဝန်းဖြင့် ကြည့်မိသည်။

"စော ဘာကိုဆိုလိုတာလဲ"





"ဟင်း ...မသိချင်ယောင် ဆောင်မနေပါနဲ့ မောင်၊ စော ခေါ်တုန်းက တစ်ခွန်းနဲ့မလိုက်တဲ့မောင်က ဟို နာ့စ်မ ဝင်ပြော လိုက်တာနဲ့ ချက်ချင်း ခေါင်းညိတ်ပြီး ဖြစ်သွားတာလေ"

"အဲ့ဒါ ဘာဖြစ်လဲ စော၊ မေက စောဆန္ဒပြည့်အောင် ဝင်ပြောပေးတာပဲ၊ သူ တာဝန်ခံပြီး လူနာတွေကြည့်ပေးမယ်ဆိုလို့ စောနောက် မောင် ပြန်လိုက်ခဲ့တာ မဟုတ်လား"

"နေပါဦး၊ သူက မောင့်ကိုဝင်ပြီး 'အမိန့်ပေးရအောင် ဘာလဲ သူပြောမှ စောကို မောင်က ဂရုစိုက်မှာတဲ့လား ဟင်၊ ပြောစမ်းပါ မောင်"

တစ်ယောက်တည်း ဒေါသထွက်နေသော သူမကိုကြည့်ပြီး မင်းရဲအိမ် စိတ်ပျက်သွားသည်။

စောကို သည်လောက် အမြင်ကျဉ်းလိမ့်မယ်လို့ သူ မထင်ခဲ့။ ခုတော့ သူ့အထင်နှင့် တခြားစီပါလား။

"စောအမြင်တွေ မှားနေပြီ၊ မေက မောင့်ကို အမိန့်ပေးတာ မဟုတ်ဘူး၊ ပြဿနာဖြစ်တော့မယ့် အခြေအနေကို ဝင်ထိန်းပေး တာ၊ ကူညီတာ၊ စောဟာ မောင့်ဇနီးဆိုရင် မောင့်အလုပ်ကို စော နားလည်ပေးရမယ်၊ စောအလုပ်ကို မောင် အမြဲတမ်း နားလည်ပေးခဲ့တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



အရင်က သူမ လုပ်ငန်းကိစ္စမှန်သမျှကို တစ်ခါမျှ ဝင်ပြော စွက်ဖက်ခြင်း မရှိခဲ့သော မောင့်အပြုအမူများကို မြင်ယောင်ကာ သူမ ခပ်မှုံမှုံပြုံး၏။

"ဟုတ်တယ်၊ အဲဒီတုန်းကတော့ မောင့်ကို စော အပေါ် နားလည်မှုရှိတဲ့ ယောကျ်ားတစ်ယောက်လို့ ထင်ခဲ့တယ်၊ ခုတော့ ဒီအထင်တွေဟာ စောအတွက် မှားနေပါလား ဟင်၊ မောင် အဲဒီလို စောအပေါ် ဂရုမစိုက်ခဲ့တာတွေဟာ စောကို မောင် တမင်လစ်လျူရှုခဲ့တာ မဟုတ်လားဟင်"

သူမ၏ စွပ်စွဲချက်များကြောင့် သူ၏ ရင့်ထဲစိမ်းမှောင်သော မျက်လုံးများ ဆတ်ခနဲတွန့်သွားလျက် ...

"စော မင်းဟာ မောင့်စေတနာတွေကို စော်ကားလိုက်ပါ လားဟင်"

"ဘာစေတနာလဲ၊ ဘာစေတနာလဲဟင်၊ ကိုယ့်မိန်းမတစ် ယောက်လုံး လုပ်ငန်းကြီးတစ်ခုလုံး ဦးစီးနေတာကို တစ်ချက် လေး ဂရုစိုက်ပေးဖော်မရတာ စေတနာတဲ့လား"

"တော် ...တော်တော့ စော၊ တကယ်ဆို မင်းကို အဲဒီလုပ်ငန်း တွေလုပ်တာ မောင် သဘောကျခဲ့တာ မဟုတ်ဘူး ဒါပေမယ့် မင်း စိတ်ချမ်းသာပါစေဆိုပြီး မောင် ဘာမှ





မပြောတာ၊ ပြောစမ်းပါဦး၊ အဲဒီအလုပ်တွေကြောင့် စော မောင့်ကို ထမင်းစားဖို့တောင် အချိန် ပေးနိုင်ရဲ့လား၊ မောင့်အပေါ် ဝတ္တရားတွေ ကျေခဲ့ရဲ့လားဆိုတာ"

မောင်၏ တစ်ပြန်စွပ်စွဲချက်ကြောင့် စော ငြိမ်သက်သွား လျက် မောင့်ကို ခပ်စူးစူး ကြည့်မိသည်။

ကြည့်စမ်း မောင့်ရင်ထဲမှာ သူမအပေါ် မကျေမနပ်ချက် တွေ ဘယ်တုန်းကတည်းက ရှိနေတာပါလိမ့်။

မောင် သူမအပေါ် နားလည်မှုရှိတယ်လို့ ထင်ခဲ့တာတွေဟာ မှားနေပါလား။

"မောင် အဲဒီအတွက် စောကို မကျေမနပ်ဖြစ်နေခဲ့တာလား ဟင်"

သူ ဘာမှမပြောဘဲ သူမကို ကျောခိုင်းလျက် ပြတင်းပေါက် တွင် ရပ်နေမိ၏။ သူမက သူ့အနားလျှောက်လာကာ ...

"ပြောပါဦး မောင်၊ စောမေးတာကို ပြောပါဦး"

သူ ဖြန်းခနဲ ကျောခိုင်းနေရာမှ လှည့်လျက် သူမကို အင်းကျပ်စွာ ဖက်လိုက်၏။ ထို့နောက် သူမ ကုပ်သားဖွေးဖွေး လေးကို နှုတ်ခမ်းဖြင့် အသာဖိကပ်ရှိုက်နမ်းလိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ စော၊ မောင်တို့ ဒီအကြောင်းတွေ မပြောနဲ့တော့ ဘာပဲဖြစ်ဖြစ် မောင်နဲ့စောတို့ဟာ တစ်ယောက်ကိုတစ်ယောက် နားလည်မှုနဲ့ ရပ်တည်နေကြတယ်ဆိုတာ မမေ့နဲ့၊ ကဲ လာ မောင်တို့ ထမင်းစားရအောင်"

သူပြောရင်း သူမ၏ ခါးကျဉ်းကျဉ်းလေးကိုဖက်ကာ ထမင်း စားခန်းထဲ ဝင်ခဲ့သည်။ ထို့နောက် သူမ ပန်းကန်ထဲသို့ ဟင်းများ ဂရုတစိုက် ထည့်ပေးလိုက်သည်။ သည်တော့လည်း သူမ၏ စောစောက တင်းမာနေသောစိတ်တွေ ပြေပျောက်သွားလျက် မောင့်ကို မြတ်နိုးစွာ ကြည့်မိသည်။

မောင်က ပြုံးပြတော့ သူမ နှစ်နှစ်ခြိုက်ခြိုက် ပြန်လည်ပြုံးပြလိုက်မိ၏။ ထိုနေ့ည ထမင်းစားပွဲလေးကတော့ သူမအတွက် မမေ့နိုင်စရာပါ။

* * *





သည်နောက် သူတို့နှစ်ယောက် ပြန်လည်ပြေလည်ကာ တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်ဖြစ်လာသည်။ နေ့လယ်စာ ထမင်းစားချိန်ကို နှစ်ယောက်အတူ လက်ဆုံစားဖို့ အချိန်သိ တတ်ကြသလို ညနေကျပြန်တော့လည်း သူ့ကို စောင့်ကာ အတူထမင်းစားတတ်၏။

သူမ စောင့်နေမှန်းသိ၍ မောင်ကလည်း ခါတိုင်းနှင့်မတူ ဆေးခန်းက စောစောပြန်လာတတ်သည်။

မောင်ပြန်လာတိုင်း သူမက အပြုံးလေးနှင့် ဆီးကြိုကာ

"သိလား မောင်၊ ဒီနေ့ မောင့်အကြိုက်ဟင်းတွေ စီစဉ်ထားတယ်"

မောင့်ဆေးအိတ်ကို ကူဆွဲလျက် လှပစွာ ကြိုနေသော ချစ်နှီးကြောင့် အမောပြေရတာက မင်းရဲ့အိမ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



“မောင့်အကြိုက်တွေချည်းပဲ နေ့တိုင်း မချက်ပါနဲ့ကွာ၊ စော အကြိုက်လဲ စီစဉ်နိုင်းပါ”

“သြော် မောင်ရယ်၊ စောအကြိုက်ဆိုတာ မောင်ကြိုက်တာ မှန်သမျှ ကြိုက်တာပါပဲ”

ခပ်ချွဲချွဲလေးပြောနေသော သူမကို သူ တင်းတင်းလေး ဖက်ကာ မျက်နှာအနှံ့ ရှိုက်နမ်းမိ၏။

“စောက ဘာကြောင့် မောင်ကြိုက်တာမှန်သမျှ ကြိုက်ရ တာလဲ”

“အဟင်း၊ မောင်က စောရဲ့ အိမ်ဦးနတ်လေ၊ ပြီးတော့ တကယ်ပဲ မောင်နဲ့စောက အကြိုက်ချင်း တူလို့ပါ”

“ဟုတ်လို့လားကွ”

သူမ မျက်နှာလေးကို စိုက်ကြည့်လျက် သူ ပြုံး၍မေးတော့ သူမ ဆတ်ခနဲ ခေါင်းညိတ်သည်။

“တကယ်ပေါ့ မောင်ရဲ့၊ ဘာလဲ မောင်က မယုံဘူးလား”

“ဟင့်အင်း၊ သိပ်မယုံချင်ဘူး”

“ဘာဖြစ်လို့လဲ”

သူ့လည်တိုင်ကို လက်ကလေးနှစ်ဖက်ဖြင့် တွယ်ဖက်လျက် လုပသောမျက်ဝန်းလေးများဖြင့် သူမ မေးတော့ သူ ပြုံးသည်။





“မောင့်ဆန္ဒမှ စော မလိုက်လျောတာ”

“ဟာင်...ဘာကိုလဲ”

“မောင့်အတွက် သားလေးတစ်ယောက် မွေးပေးပါဆို တာလေ”

“အို...မောင်ကလဲ”

သူမ၏ ဖြူနုသောမျက်နှာလေး နီရဲကာ မောင့်ရင်ခွင်တွင် မျက်နှာအပ်မိသည်။

“ဟုတ်တယ်မဟုတ်လား စော၊ ဒီနေရာမှာ မောင်နဲ့စော အကြိုက်ချင်းမတူတာ”

ရှည်လျားပျော့ပျောင်းသော သူမ၏ ဆံပင်များကို ဆွဲဖွလျက် သူပြုံး၍ပြောတော့ သူမ ခေါင်းလေး ညင်သာစွာ ခါယမ်းသည်။

“မောင် မသိဘူးလားဟင်”

မောင့်မျက်နှာ အသာမော့ကြည့်လျက် သူမအပြောကြောင့် မောင် မျက်ခုံး မသိမသာ တွန့်သွားသည်။

“ဘာကိုလဲ စော၊ မောင်က ဘာသိရမှာလဲ”

သူမက ရှက်သလို တစ်ချက်ပြုံးရင်း

www.burmeseclassic.com

www.burmeseclassic.com



"အဟင်း…စောက မောင့်ရင်ခွင်မှာ လွတ်လွတ်လပ်လပ် အိပ်ချင်ပါသေးတယ်ကွယ်၊ စောကို နောက်တစ်နှစ်လောက် မောင့် ရင်ခွင်ထဲ အိပ်ခွင့်ပေးဦးနော်"

"စော စောရယ်"

သူမအပြောကြောင့် သူ ဘာမှမငြင်းတော့ဘဲ သူမကိုယ်လေးကိုသာ မြတ်နိုးစွာ တွယ်ဖက်မိ၏။

"စောတို့မှာ ကလေးရလာရင် မောင့်ရင်ခွင်ထဲ စော ဘယ်လိုမှ လွတ်လွတ်လပ်လပ် အိပ်ရတော့မှာ မဟုတ်လို့ပါ မောင်ရယ်"

သည်အပြောလေး တစ်ခုနဲ့တင် သူ၏ဆန္ဒကို မျိုသိပ်လိုက်ရ ပါသည်။ အရင်က အလုပ်တွေကို အိမ်သို့ သယ်လာတတ်သော စောက ခုတော့ အလုပ်တွေကို ကုမ္ပဏီမှာပဲ ထားခဲ့ကာ သူ့နားမှာ အမြဲရှိနေတတ်ပြီ။

တစ်ခါတစ်ရံ သူ ဆေးစာအုပ်များဖတ်၍ ညည့်နက်တတ်လျှင်ပင် စောက တဝါးဝါးဖြင့်သမ်းပြကာ …

"မောင် အိပ်ကြစို့ကွာ"

"ဒီမှာ စာအုပ်က ဖတ်လို့မပြီးသေးဘူး စောရဲ့"





"ဟင့်အင်းကွာ၊ ဒီစာအုပ်ကြီးထားလိုက်ပါ၊ မောင် ချော့သိပ်မှ အိပ်မယ့်ကလေးလေးရှိနေတာ မောင် မသိဘူးလား"

ထိုသို့ သူမအပြောကြောင့် သူ လက်လျှော့ရသည့်အကြိမ်ပေါင်း မနည်းတော့။ တကယ်ပဲ သူမက သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ မကြာခင်ဘဲ အိပ်ပျော်သွားတတ်၏။

"စောက အလုပ်မှာ တစ်နေကုန် ပင်ပန်းရတာ မောင်ရဲ့၊ ဒါပေမယ့် မောင့်ရင်ခွင်ထဲမှာ အပန်းဖြေရရင် စောရဲ့အမောတွေ အားလုံး ပြေပျောက်သွားရော"

"မိချွဲလေး"

သူမ၏ မေးစေ့ချွန်ချွန်လေးကို လက်ညှိုးလက်မဖြင့် ဖိညှစ်ကာ သူ အသည်းယားစွာပြုံးလျက် စိုက်ကြည့်မိ၏။ တစ်ခါတစ်ရံ စော၏ မျက်ဝန်းတွေက အရာရာကို တတ်သိနားလည်သော မိန်းမတစ်ယောက်၏ မျက်ဝန်းမျိုး ဖြစ်နေတတ်သည်။

သူက အဲ့ဒါမျိုး မကြိုက်။ သူနှင့်တွေ့လျှင် စောသည် ပကတိ ရိုးသားဖြူစင်ကာ ဘာမှမသိနားမလည်သော၊ အတွေ့အကြုံဟူသမျှကို အမြဲတမ်း အံသြဆန်းသစ်နေသော၊ နူးညံ့သော မျက်ဝန်းများကို ပိုင်ဆိုင်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်နဲ့တွေ့ရင် စောရဲ့မျက်ဝန်းတွေက ထက်မြက်နားလည်မှုတွေကို ပျောက်ထားစမ်းပါကွယ်"

"စောမှ မတတ်နိုင်ဘဲ မောင်ရယ်"

"ကောင်းပြီ၊ အဲ့ဒီမျက်ဝန်းတွေ နုံးညံ့သွားအောင် မောင်တတ်နိုင်တယ်သိလား"

"အို..."

တကယ်ပဲ မောင်သည် သူမ၏ ထက်မြက်သိနားလည်သော မျက်ဝန်းတွေကို အလိုလို ကွယ်ပျောက်စေအောင် စွမ်းဆောင်နိုင်သူပါ။ ထိုအခါ သူမက အတွေ့အကြုံဆန်းများမှာ ရင်တလှပ်လှပ်ခုန်လျက် မောင့်ကိုသာ တင်းကျပ်စွာ ဖက်တွယ်မိတော့၏။

* * *





၇ခွေ

"မင်းရဲ့အိမ်၊ ဟိုမှာ မင်းအမျိုးသမီး မဟုတ်လား"

"ဟင်..."

သူငယ်ချင်းဖြစ်သူ ဒေါက်တာဘဆွေ၏ ပြသမှုကြောင့် သူ ကြည့်လိုက်တော့ စောကို တခြားအမျိုးသားတစ်ယောက်နှင့် တွဲကာ ရယ်မောလျက် တွေ့လိုက်ရတာကြောင့် သူ မျက်မှောင်အလိုလို တွန့်သွားမိ၏။

အမျိုးသားမှာ အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ရုပ်ဖြောင့်ဖြောင့်နှင့် စောနဲ့ ဘယ်အချိန်ကတည်းက သိကျွမ်းနေမှန်းမသိ။ တရင်းတနှီးအသွင်ရှိနေသည်။ သူမက သူ့ကို မမြင်ပါ။

"ဒေါ်စောမင်းခင်က အသက်ငယ်ငယ်နဲ့ ထက်မြက်တဲ့အမျိုးသမီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဘဆွေပြောနေတာတွေ သူ မကြား။ အမျိုးသားတစ်ယောက်နှင့် အတူတွဲကာ စောကို မြင်လိုက်ရသောကြောင့် သူ့ရင်ထဲ သဝန်တိုစိတ်တွေ တလိပ်လိပ်ဖြစ်ပေါ်လာရသည်။

သူတို့ ဘာလာလုပ်တာလဲ၊ အလုပ်ကိစ္စဆိုလျှင်လည်း တတ်နိုင် ပါရမည်ပေါ့။ ခုတော့ နှစ်ယောက်တည်း။ စောလို လှပတဲ့ မိန်းကလေးမျိုးကို ဘယ်ယောက်ျားမျိုးက သဘောမကျဘဲ နေမလဲ။ ခုလည်း ကြည့်ပါဦး။ ချောကလက်ရောင် ဝမ်းဆက်ဖြင့် အပျိုတစ်ယောက်ထက် ရှုံးအောင် လှပနေသော စောကို မည်သူက အိမ်ထောင်သည်ထင်မလဲ။

"မင်းရဲ့အိမ်၊ ခေါ်စောမင်းခင်ကို ခေါ်လိုက်လေ"

သူ ခေါင်းခါယမ်းလိုက်၏။ သူ့ကိုမြင်မှ မလုံမလဲ အကြောင်းပြချက်တွေပြောမည့် စောရဲ့စကားကို သူ မကြားချင်။ သူမတို့ နှစ်ယောက် ကားတစ်စီးတည်းဖြင့် အတူထွက်သွားတာကို သူ အံကြိတ်လျက် ကြည့်နေမိ၏။

ဘဆွေက သူ့ကို နားမလည်သလို ကြည့်သည်။

"မင်း ဘာဖြစ်လို့ စောမင်းခင်ကို မခေါ်တာလဲ"

"အဟွန်း ...ကိုယ့်ယောက်ျား တစ်ယောက်လုံးကိုတောင် မမြင်တဲ့မိန်းမမျိုးကို ဘာကြောင့် ခေါ်ရမလဲ ဘဆွေ"





"ဟာ ...မဟုတ်သေးပါဘူးကွာ၊ စောမင်းခင်က သူ့ တ်ဆွေနဲ့ စကားပြောလာလို့ပါ"

"မိတ်ဆွေ ဟုတ်လား၊ နှစ်ယောက်တည်း တွဲလာတဲ့သူကို တ်ဆွေလို့ ကိုယ်က ယုံကြည်လိုက်ရမှာလား"

"ဒါပေမယ့် စောမင်းခင်ဟာ အရင်ကလဲ ဒီလိုမိတ်ဆွေ တွေနဲ့"

"အေး အဲ့ဒီတုန်းက လူအများစုပါတယ်၊ လွင်လွင်လဲ ါတယ်၊ အခု ဘာကိစ္စ ဒီလူနဲ့ နှစ်ယောက်တည်း ဖြစ်နေရ ာလဲ၊

ဒီမှာဘဆွေ၊ သူ့ကို ကိုယ်နားလည်ပေးတယ်ဆိုတာ တိုင်းအတာတစ်ခုအထိပဲ၊ မင်းရော ကိုယ့်နေရာမှာဆို ဝန်မတိုဘူးလား၊ ဒီကိစ္စမျိုးကို လက်ခံမှာလား"

ဆံတစ်ပင်တင်း ချစ်ခြင်းမယားဆိုတာ အလကားထားတဲ့ ားပုံမှာမဟုတ်ဘဲ။ ခုလည်း မင်းရဲ့အိမ် သည်အတိုင်း ်နေပြီ။ ကိုယ့်မိန်းမကို တခြားယောက်ျားတစ်ယောက်နဲ့တွဲကာ င်လိုက်ရတဲ့ ယောက်ျားတိုင်း သူ့လိုပဲ ရှိမည်။

"အေးကွာ၊ မင်းနေရာမှာဆို ကိုယ်လဲ သဝန်တိုမိမှာပါ၊ တော့ စောမင်းခင်ကလဲ သိပ်လှတဲ့ မိန်းကလေးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ဟာ သူနဲ့လက်ထပ်ပြီးကတည်းက အတော်ထေ
သဘောထားကြီးသူ အဖြစ်နေပေးခဲ့ရတယ်၊ ဒီမှာ တကယ်တမ်း
ယောက်ျားတိုင်းဟာ ကိုယ့်ကို ပြုစုယုယမယ့် မိန်းမမျိုးကို
လိုချင်ကြတာ ဘဆွေ"

"အစကတည်းက စောမင်းခင်ဟာ ထက်မြက်တဲ့ မိန်း
တစ်ယောက်ဆိုတာ မင်းသိတယ်မဟုတ်လား မင်းရဲအိမ်"

"သိခဲ့ပေမယ့် ကိုယ်နဲ့လက်ထပ်ပြီးရင် ပြောင်းလိမ့်ရမယ်ထ
တာ ဘဆွေ၊

တကယ်တမ်းမှာ စောဟာ ကိုယ်ထင်ထားတာထ
စီးပွား ရေးကို ပိုစိတ်ဝင်စားတယ်၊ မင်းယုံရဲ့လား မသိဘူး
ဒီနေ့ထိ သူ့လက်ရာ ဟင်းတစ်ခွက်ကို ငါ မစားဖူးသေးဘူး"

"ဟင် ... ဒါဆို အရင် ထမင်းစားနေတာတွေက"

"ဒါတွေက အိမ်ဖော်တွေရဲ့ လက်ရာတွေ၊ ကိုယ်စားချင်တာ
ကိုယ့်အတွက် အားလုံးလုပ်ကိုင်ပေးတာ အိမ်ဖော်တွေပဲ
ကိုယ်ရလိုက်တာ အိမ်ထောင်ရှင်မတစ်ယောက်ကို မဟုတ်ဘူး
စီးပွားဖက်တစ်ယောက်ကိုပဲ"





သူ၏ စိတ်နာသလို အပြောကြောင့် ဘဆွေ သက်ပြင်း
လိုက်သည်။ မင်းရဲအိမ်၏ ခံစားချက်ကို ယောက်ျားတစ်ယောက်
နေဖြင့် သူ စာနာပါသည်။

"ဒါတွေကို စောမင်းခင်နဲ့ မင်း မညှိနိုင်ဘူးလား"

"သူ့ကို ကိုယ် ပြောပြဖူးပါတယ်ကွာ၊ ဒါပေမယ့် သူက
ယ့်အိမ်ထောင် သာယာဖို့ထက် အကျိုးအမြတ်ရမယ့် လုပ်ငန်း
ပဲ စိတ်ဝင်စားနေမှတော့ ကိုယ် ဘာတတ်နိုင်မှာလဲ"

"ဘာပဲဖြစ်ဖြစ် ထပ်ညှိကြည့်ပေါ့ကွာ၊ အမှန်ပြောရရင်
မင်းခင်လို လှပတဲ့မိန်းမတစ်ယောက်ကို မင်းအနေနဲ့ ဂရုစိုက်
တယ် မင်းရဲအိမ်"

ဘဆွေ၏ သတိပေးစကားကို သူ သည်တစ်ခါ နားဝင်သွား
ည်။ ထိုနေ့တစ်နေ့လုံး သူ့စိတ်တွေ မကြည်မလင်။ စောထ
င်းလှမ်းဆက်ကြည့်သောအခါ လွင်လွင်နှင့်သာ တွေ့သည်။
 အပြင်သွားတာ ပြန်မရောက်သေးပါတဲ့။

ကြည့်စမ်း ။ဟိုအမျိုးသားနဲ့ သူမ ဘယ်တွေ သွားနေတာ
သည်လောက်အချိန်တွေအကြာကြီး သူမတို့ ဘာလုပ်နေတာ
 သူ့စိတ်တွေ ရှုပ်ထွေးနောက်ကျိသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့က သူအိမ်ကို မပြန်ဘဲ ဆေးခန်းသို့ တန်းသွားလိုက်သည်။ လူမှုရေးကိစ္စ ဘယ်လောက်ပဲရှုပ်ပါစေ၊ လူနာတွေကိုတော့ သူ ပစ်မထားနိုင်ပါ။

မျက်နှာမကောင်းသောသူ့ကို မေ အကဲခတ်သလို ကြည့်၏။

"ဒေါက်တာ မျက်နှာလဲမကောင်းပါလား၊ နေမကောင်းဘူးလားဟင်"

"ခေါင်းနည်းနည်းကိုက်နေလို့ မေ"

"ဟင် ... ဒါဆို ဆရာ ဆေးခန်းထိုင်လို့ ဖြစ်ပါမလား"

"ရပါတယ် မေ၊ နည်းနည်းပါးပါးပါ၊ ကဲ လူနာခေါ်ပါ မေ"

မေက ချက်ချင်းမသွားဘဲ နေရာမှာရပ်ကာ သူ့ကိုကြည့်...

"ဟို ... ဆရာ ဆေးတစ်ခုခု သောက်လိုက်ပါလား... မေ ယူပေးမယ်နော်"

ပြောပြောဆိုဆို မေက သူ့အတွက် ဆေးနှင့်ရေ ခပ်ပေး... မေ့ကိုတော့ ကျေးဇူးတင်စွာကြည့်ရင်း ဆေးယူသောက်လိုက်သည်။

စောသည် မေလောက်မှ သူ့ကို ဂရုမစိုက်ပါလား။



ဆေးခန်းက ပြန်လာတော့ သူ ဟိုတယ်တစ်ခုမှာ အရက်အနည်းငယ် ဝင်သောက်လိုက်၏။

နေ့လယ်က စောနှင့် အမျိုးသားပုံက သူ့မျက်စိထဲမပျောက်နိုင်။ သူ အိမ်ပြန်ရောက်တော့ စောက ဆီးကြိုနေသည်။

"ဒီနေ့ နောက်ကျလိုက်တာ မောင်ရယ်၊ စောဖြင့် မောင် ဘာဖြစ်လို့လဲလို့ စိတ်ပူနေတာ"

"ဪ ဟုတ်လား၊ အဟွန်း ...ဟွန်း"

သူ့အတွက် စိတ်ပူတယ်ဆို၍ ခနော်ခနဲ့ ရယ်မိ၏။ တစ်နေ့လုံး ယောကျာ်းတစ်ယောက်နှင့် သွားချင်ရာသွားပြီးမှ သည်အချိန်ကြမှ သူ့အတွက် စိတ်ပူတယ်တဲ့။ ရယ်စရာ ဘယ်လောက်ကောင်းသလဲ။

"မောင် ဘာရယ်တာလဲ၊ စောစကားထဲမှာ ရယ်စရာမပါဘူး ထင်တယ်၊ မောင့်ကို ထမင်းစားစောင့်နေတာ စော ဘယ်လောက် ဆာပြီမှတ်လဲ"

"ဘာလဲ၊ အဲ့ဒါ စောက မောင့်အပေါ် မယားဝတ္တရား ကျေပြတာလား"

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ မောင့်မျက်နှာ တစ်မျိုးဖြစ်နေပါလားဟု ပထမဆုံး အကြိမ် သူမ သတိပြုမိလိုက်ခြင်းဖြစ်၏။ မျက်ဝန်းတွေကလည်း ရီဝေဝေနဲ့။

"မောင် ဘာဖြစ်နေတာလဲဟင်၊ မောင် အရက်တွေ သောက်လာတယ်ပေါ့"

"ဟုတ်တယ်၊ မောင် အရက်သောက်တယ်၊ အဲဒါ ဘာဖြစ်လို့လဲ သိလား၊ "စိတ်ညစ်လို့ စိတ်ညစ်လို့ကွ"

မောင့်မျက်နှာ ပြောရင်း နီရဲလာသည်။ မောင် အပြင်မှာ ဘာတွေဖြစ်လာပါလိမ့်ဟု သူမ တွေးရင်း ...

"မောင် ဘာဖြစ်လာတာလဲဟင်၊ စောကို ပြောစမ်းပါ၊ မောင့်မှာ ဘာစိတ်ညစ်စရာတွေ ရှိလို့လဲဟင်"

သူက သူမကို စူးစူးစိုက်စိုက်ကြည့်သည်။

"စော အထင်တော့ မောင့်မှာ စိတ်ညစ်စရာ မရှိဘူး ထင်တယ်"

"ဩော် ဟုတ်တာပေါ့၊ မောင်ဟာ ပြည့်စုံချမ်းသာတယ်၊ ချောမောလှပတဲ့ မိန်းတစ်ယောက်လဲ ရထားတယ်၊ ဒီတော့ မောင့်မှာ ဘာစိတ်ညစ်စရာ ရှိမှာလဲနော်"





"မောင် ဘာဖြစ်လာတာလဲ၊ စောတော့ မောင့်ကို းမလည်တော့ဘူး"

"ကောင်းပါတယ် စော၊ မောင့်ကို မင်း နားမလည်တာဘဲ ကောင်းပါတယ်၊ ကဲ မောင်အိပ်မယ်"

"ဟင် ... ထမင်းရော မစားတော့ဘူးလား"

သူ ဆတ်ခနဲ သူမကိုကြည့်သည်။

"မစားဘူး၊ ဒီရှေ့လျှောက်လဲ မင်းမှတ်ထားပါ၊ ကိုယ့်ကို စောင့်ပါနဲ့၊ တစ်ယောက်နဲ့တစ်ယောက် ဝမ်းချင်းဆိုတာ ဟုတ်ဘူး"

သူပြောပြီး အပေါ်ထပ်သို့ ခပ်သွက်သွက်တက်ခဲ့ကာ အခန်းထဲဝင်ပြီး ခုတင်ပေါ် ပစ်လှဲချလိုက်၏။ ထိုနောက် မျက်ဝန်းများကို အသာမှေးမှိတ်ထားစဉ် သင်းပျံ့လတ်ဆတ်သော ရနံ့တစ်ခုက သူ့ထံ ရောက်လာ၏။

"မောင်"

သူမက သူ့အနားတွင် ဝင်ထိုင်ရင်း ခပ်တိုးတိုး ခေါ်ပေမယ့် သူ မျက်စိမဖွင့်။

"မောင် မောင် ဒီနေ့ ဘာဖြစ်လာတာလဲကွယ်၊



www.burmeseclassic.com

www.burmeseclassic.com



"စော မောင့်အပေါ် ဘာများလုပ်မိလို့ စောကို မောင် ဒီလို ဆက်ဆံနေရတာလဲဟင်"

သူမမေးသံမှာ စိတ်ထိခိုက်ဟန်တွေ ပါနေသည်။ သူ မျက်လုံး ဆတ်ခနဲ ဖွင့်ကြည့်လိုက်၏။ သူ့မျက်နှာမှာ ဘာအပြစ်မှ မရှိဟန်။

"နေ့လယ်က မင်း ဘယ်သူနဲ့ ဘယ်တွေသွားတာလဲ အဲ့ဒါကို ကိုယ်သိချင်တယ်"

"ဟင် ..."

မောင်၏ မမျှော်လင့်သော အမေးကြောင့် သူမ အံ့ဩသွားရသည်။ ထို့နောက် သူမ မျက်မှောင်လေးတစ်ချက်တွန့်ကာ နေ့လယ်က သူမ ဘာတွေလုပ်ခဲ့သလဲဟု ပြန်စဉ်းစားမိ၏။

"နေ့လယ်က စော ဧည့်သည်တွေနဲ့ အပြင်သွားတယ် မောင်၊ ပြီးတော့ သူတို့ကို နေ့လယ်စာကျွေးပြီး သူတို့သွားချင်တဲ့ နေရာတွေကို လိုက်ပို့ပေးတယ်"

"ဘာပြောတယ်၊ ဧည့်သည်တွေ ဟုတ်လား၊ အဟွန်း ... ဟွန်း၊ ဧည့်သည်တွေလား၊ ဧည့်သည်တစ်ယောက်တည်းလား စော"





"ရှင် ..."

"မင်းက မင်းတို့နှစ်ယောက်ကို ကိုယ် မမြင်ဘူးထင်ပြီး လိမ်ညာဖုံးကွယ်ဖို့ ကြိုးစားတာပေါ့ ဟုတ်လား စော"

သူ အိပ်နေရာမှ ဆတ်ခနဲထကာ မေးလိုက်၏။

"အို ...မဟုတ်ဘူး မောင်၊ မဟုတ်ဘူး၊ မောင်ထင်တာတွေ လွဲနေပြီ"

"တော်စမ်း စော၊ မောင် ထင်တာတွေ မဟုတ်ဘူး၊ မြင်တာကွ၊ မြင်တာမှ ယောဒီမျက်စိနဲ့ကို တပ်အပ်မြင်တာ၊ မင်းနဲ့အမျိုးသားတစ်ယောက်ကိုလေ"

သည်တော့မှ နေ့လယ်က သူမနှင့် စက်ရုံမှလာသော မစ္စတာရှလင်တို့ကို မောင်မြင်တွေ့ကာ တစ်မျိုးထင်သွားတာပါလားဟု သိလိုက်ရ၏။

"ဟုတ်တယ် မောင်၊ မောင်မြင်တွေ့လိုက်တဲ့လူဟာ စောတို့ကုမ္ပဏီနဲ့ ဆက်စပ်နေတဲ့ စက်ရုံကုမ္ပဏီက မစ္စတာရှလင်ပါ၊ သူတစ်ယောက်တည်း မဟုတ်ပါဘူး၊ ကျန်တဲ့လူတွေက နေ့လယ်စာစားဖို့ ဟိုတယ်မှာကျန်ခဲ့လို့ပါ၊ မစ္စတာရှလင်က ကိစ္စလေးတစ်ခုရှိတာနဲ့ စော လိုက်ပို့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ စော၊ မင်းက သူ ဘယ်သူဆိုတာ သိပေမယ့် ပတ်ဝန်းကျင်က မြင်ရတဲ့လူတွေကတော့ ဘယ်သူမှ သိမှာ မဟုတ်ဘူးကွ၊ ကိုယ့်မိန်းမက အပြင်ဘက်မှာ တခြားတစ်ယောက် နဲ့ပဲ တွဲနေတယ် ထင်မှာ"

ဩော် ဒါကြောင့် မောင် ဒီနေ့ မျက်နှာမကောင်းတာပါလား ဟု သူမ သိလိုက်၏။ သူမကို ယောကျာ်းတစ်ယောက်နှင့် တွဲတွေ့လို့ မောင် သဝန်တိုနေတာပဲ။ ဒါ သူမကို ချစ်လို့ပေါ့နော်။

ထိုအတွေးကြောင့် သူမ ကျေနပ်သွားရသည်။

"ဒါကတော့ မောင်ရယ်၊ လုပ်ငန်းသဘောအရ"

"တော် ... စော၊ လုပ်ငန်း လုပ်ငန်းနဲ့ ကိုယ့်ကွယ်ရာမှာ တခြားယောကျာ်းတွေနဲ့ စော တွဲနေတာကို ကြည့်နေရမှာလားကွ"

"ဟင် ..."

မောင့်ထံမှ သည်လိုစကားမျိုး တစ်ခါမှ ကြားရလိမ့်မည်ဟု ထင်ခဲ့သော သူမအတွက် အတော်လေး အံ့သြဝမ်းနည်းသွားရ၏။

မောင်ပြောနေတဲ့ပုံက စောကပဲ မောင့်ကွယ်ရာမှာ ဖောက်ပြန် နေသလိုလို။ စော နှုတ်ခမ်းလေး ဖိကိုက်မိလျက် မောင့်ကို ကြည့်မိသည်။





"မောင် စောကို ဘယ်လိုပြောလိုက်တာလဲ၊ စောဟာ လုပ်ငန်းအရ သူစိမ်းယောကျာ်းတွေနဲ့ ဆက်ဆံနေပေမယ့် လိုတာ ထက် ဘယ်တော့မှ မပိုခဲ့ဘူး၊

မောင်ကသာ မောင့်ရဲ့ နှာစ်မနဲ့ ဖြစ်ချင်တိုင်း ဖြစ်နေတာ မဟုတ်လား"

"ဟော့ ... မင်းဘာမှ မေ့ကို ဆွဲထည့်စရာ မလိုဘူး၊ နေပါဦး၊ မင်းက ကိုယ်နဲ့မေ့ကို စွပ်စွဲရအောင် ဘာအထောက် အထားတွေ ရှိလို့လဲဟင်"

သူမက နှုတ်ခမ်းလှလှလေးကို မဲ့ခနဲပြုံးလိုက်သည်။

"ဒါမျိုးကိစ္စဆိုတာ အထောက်အထားရှိမှ စွပ်စွဲလို့ ရတာ မဟုတ်ဘူး မောင်၊

မောင်နဲ့ နှာစ်မတို့ ဘယ်လောက်ကျွမ်းဝင်နေတယ်ဆိုတာ စော သိပါတယ်"

"မင်း မင်း မဟုတ်တာတွေ မပြောနဲ့ စော၊ မင်း ဒီလို ပြောနေတာဟာ ငါ့သိက္ခာကို စော်ကားသလို ဖြစ်နေပြီ၊

ငါ့သိက္ခာကိုတင်မကဘူး၊ ရိုးသားတဲ့ မေ့သိက္ခာကိုပါ စော်ကားသလို ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ရိုးသားတဲ့ မေ၊ ဟုတ်လားမောင်၊ ကောင်းပြီလေ မောင်တို့ကို စော လက်တွေ့မပြနိုင်သေးတော့ အရှုံးပေးရဦးမှာပေါ့၊ ဒါပေမယ့် စောသိက္ခာကိုတော့ ထပ်ပြီး မောင် စော်ကားဖို့ မစဉ်းစားပါနဲ့"

ထိုနေ့ညက သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကျောခိုင်းအိပ်ကြ၏။ အိပ်နေပေမယ့် အတွေးကိုယ်စီနှင့်။

စောမှာ နှုတ်ခမ်းလေးဖိကိုက်ကာ မျက်ရည်ဝဲနေမိရ၏။ မောင်မို့လို့ စောကို စွပ်စွဲရက်တယ်။ တကယ်ဆို စော မောင့်ကို ချစ်နေတာ သိပါရဲ့လား။

မင်းရဲ့အိမ်မှာလည်း သူနှင့် မေတို့၏ ရိုးသားမှုကို စော ပုတ်ခတ်လေခြင်းဟု စိတ်မကောင်းဖြစ်မိရသည်။ မေသာကြားလျှင် သည်စကားအတွက် ဘယ်လောက် မျက်နှာပူရမလဲ။

သူတို့နှစ်ယောက်၏ သက်ပြင်းချသံက ညတိတ်ဆိတ်ချိန်မှာ တိုးတိတ်စွာ ထွက်ပေါ်လာလေ၏။

* * *





မနက်ကျတော့ သူတို့နှစ်ယောက် ဘာမှမဖြစ်သလို လက်ဖက်ရည် အတူသောက်ကြသည်။ ထို့နောက် အလုပ်ကိုယ်စီ ထွက်လာကြ၏။ ဆေးရုံရောက်လို့ မေ့ကိုတွေ့တော့ သူ မျက်နှာပူနေသည်။ ရိုးသားသော မေက သူနှင့်စော ပြောထားတာတွေကို မသိတာမို့ သူ့ကို အေးမြစွာ ပြုံးပြကာ...

"ဒေါက်တာ ကော်ဖီသောက်ပါဦး"

ဟု ဆိုလျက် ကော်ဖီပန်းကန် ရှေ့လာချပေး၏။ အိမ်မှာ လက်ဖက်ရည်သောက်ပြီးဖြစ်ပေမယ့် မေ့လက်ရာ ကော်ဖီခါးခါး လေးကိုတော့ သူ စွဲမက်နေပြီ။

"ကျေးဇူးပဲ မေ"

ထိုစဉ် ဒေါက်တာဘဆွေ အခန်းထဲဝင်လာကာ...

"ဘယ်ကိုလဲ ဆရာမ၊ ကျွန်တော့်ရော ကော်ဖီမတိုက်ဘူးလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အို ...တိုက်ပါတယ်ရှင်၊ ကျွန်မ ကော်ဖီထည့်ပေး ဆရာ ကြိုက်ပါ့မလား"

ဘဆွေက သူ့ကိုပြုံးကြည့်သည်။

"မင်းရဲအိမ်တောင် ဆရာမလက်ရာ သောက်နိုင်သေးတာ ဗျာ၊ ကျွန်တော်က အကောင်းတွေသောက်နိုင်သေးတဲ့ လူ မဟုတ်ပါဘူး"

"ဟိတ်လူ၊ ကိုယ့်ဘာသာ ကော်ဖီသောက်တာ ရိုးရိုးသော ဗျာ၊ ဘာကြောင့် ကိုယ့်ကို ဆွဲထည့်နေရတာလဲ"

သူ့အပြောကြောင့် ဘဆွေ ပခုံးတွန့်၏။

"သြော် နိုင်းပြတာဗျာ၊ ခင်ဗျားလို အကောင်းစားတွေ ချည်း သုံးနိုင်တဲ့ ချမ်းသာတဲ့ သူဌေးတောင် ဆရာမရဲ့ကော်ဖီ သောက်နိုင်တာကို ပြောတာပါ"

"ချမ်းသာတယ်၊ ဆင်းရဲတာနဲ့ မဆိုင်ပါဘူးဗျာ၊ မေ့လက် ရာက ဆိုင်ကကော်ဖီတွေထက် ကောင်းတာတော့ သေချာ တယ်ခင်ဗျ၊ သောက်ပြီးရင် လျှာကိုလည်သွားမယ်"

"ဆရာကလဲ"

သူ အညွှန်းကောင်း၍ မေ ရှက်သလို ပြုံး၏။





"ဒါဆိုရင်တော့ နေ့တိုင်း ဆရာမလက်ရာ သောက်မှဖြစ်မှာ ပေါ့၊ ဘယ်လိုလဲ ဆရာမ၊ ကျွန်တော့်ကို နေ့တိုင်း တိုက်မှာလား"

ဒေါက်တာဘဆွေက မေ၏ လှပသော မျက်နှာလေးကို ခပ်စူးစူးကြည့်ကာ မေးတာကြောင့် မေ မျက်လွှာလေးချသွားသည်။

"တိုက်ပါတယ် ဆရာ၊ ကျွန်မအတွက် ကော်ဖီတစ်ခွက်က ဘာမှ မပင်ပန်းပါဘူးရှင်၊ ခုလဲသောက်ပါ"

မေ ပြောရင်း ဘဆွေကို ကော်ဖီပန်းကန် ကမ်းပေး၏။ ဘဆွေယူသောက်ရင်း ...

"ကျွန်တော်က တကယ်သောက်တာ ဆရာမရေ၊ ဟန်ဆောင်ပြောတာ မဟုတ်ဘူးဗျ"

ဟု ဆိုလျက် မေ၏ကော်ဖီကို နှစ်ခြိုက်စွာ သောက်လေ၏။

"ဟာ ...ဆရာမလက်ရာက မင်းရဲအိမ်ပြောသလို တကယ် ကောင်းတာပဲဗျ၊ သေချာတယ်ဗျို့၊ ကျွန်တော်တော့ ဆရာမ လက်ရာကို နေ့တိုင်းမှမသောက်ရင် ဒုက္ခရောက်တော့မယ်"

"အို ...ဆရာကလဲ၊ ကျွန်မကို ခွင့်ပြုပါဦးနော်၊ ကော်ဖီ ပန်းကန်တွေ သွားဆေးလိုက်ဦးမယ်"

မေ ကော်ဖီခွက်များယူလျက် ထွက်သွားတော့ မင်းရဲအိမ် က ဘဆွေကို ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားစကားကလဲဗျာ အနှောင့်အသွား မလွှတ်နဲ့"

"ဩော် ကိုယ့်လူရယ်၊ မလွှတ်ဆို မဆိုတဲ့ ဆရာမလေးက စိတ်ကူးယဉ်စရာ ကောင်းတာကိုးဗျ"

"ဟင် ..."

ဘဆွေ၏ အပြောကြောင့် သူ့ မျက်နှာ ကွက်ခနဲပျက်သွားလျက် တစ်စုံတစ်ရာကို ဘဝင်မကျသလို ဖြစ်သွားသည်။

"ဘာလဲ ခင်ဗျားက မေ့ကို စိတ်ဝင်စားနေလို့လား"

"အင်း၊ ဒီဆေးရုံတစ်ခုလုံးမှာ မေ့မျက်နှာလေးက အအေးဆုံးပဲလို့ ထင်မိတယ်ဗျာ၊ ဒါပေမယ့် စိတ်ဝင်စားနေပြီလားဆိုတာ ကိုယ့်ကိုယ်ကို သေချာဖို့ ဆန်းစစ်ရဦးမယ်"

ထိုစကားကြောင့် သူ့ အသက်ရှူချောင်သွားသလို ခံစားရသည်။

မေသည် တန်ဖိုးရှိသော မိန်းကလေးမှန်း သိပေမယ့် သူနှင့် ဘာမှမဆိုင်သလို ဖြစ်ခဲ့တာ မဟုတ်လား။

"အေးဗျာ၊ ဒါမျိုးကိစ္စဆိုတာ သေချာဖို့တော့ လိုတယ်၊ ဒါနဲ့ ခင်ဗျားတို့ဆေးခန်းမှာ မေ လုပ်တာ မဟုတ်လား၊ လုပ်စမ်းပါဦးဗျ၊ မေ့သဘောထားနဲ့ အခြေအနေလေး"





ဘဆွေက စိတ်ဝင်တစား မေးတာကြောင့် သူ မပြောချင်ပေမယ့် မရ။

"ကျွန်တော့်အမြင်တော့ မေဟာ ယောကျ်ားတစ်ယောက်အတွက် အသင့်တော်ဆုံး အိမ်ထောင်ဖက်လို့ ထင်ပါတယ် ကိုဘဆွေ"

"ကြိုက်သွားပြီဗျာ ခင်ဗျားစကား၊ အင်း တကယ်လို့ မေ့ကို စိတ်ဝင်စားမိတယ်ဆိုရင်တောင် ကိုယ်တော့ မင်းကိုပဲ အားကိုးရမှာ မင်းရဲ၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့နှစ်ယောက်ဟာ နီးနီးစပ်စပ်၊ ရှိတယ်မဟုတ်လား"

"ခင်ဗျားစကားကလဲဗျာ"

"ဘာလဲဗျ၊ ခင်ဗျားရဲ့ဆေးခန်းမှာ မေက အလုပ်လုပ်တာဆိုတော့ ခင်ဗျားကို မေက လေးစားကြည်ညိုပုံပဲ၊ ဒါကြောင့် ကိုယ်ပြောတာ၊ ဘာလဲ ခင်ဗျားက မကူညီချင်ဘူးလား"

ဘဆွေက ရိုးသားသော သဘောကြောင့် သူ သက်ပြင်းချလိုက်သည်။

"ခင်ဗျားလိုလူမျိုးနဲ့ မေ့ကို သဘောမတူစရာ အကြောင်းရှိပါဘူးဗျာ၊ ခင်ဗျားသာ တကယ်ဆိုရင် ကျွန်တော် ကူညီပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုကော၊ ဒါဆို တစ်နေ့တော့ ခင်ဗျားဆီ အကူအညီတောင်းမှာ သေချာတယ်၊ ခုတော့ ဟိုမှာ မေလာနေပြီဗျို့၊ ကျုပ်တော့ မျက်နှာမူလို့ လစ်တော့မယ်"

ကော်ဖီပန်းကန်များဖြင့် မေ တကယ်ဝင်လာတာမို့ ဘဆွေ အခန်းထဲမှ သွက်သွက်ထွက်သွား၏။ ဒါကို မေက မသိဘဲ

"ဟိုဆရာ ဘာအရေးကြီးနေလို့လဲ မသိဘူး"

ဟု အပြောကြောင့် သူ လုစ်ခနဲ ပြုံးမိရတော့သည်။ မေသာ ဘဆွေပြောသွားသော စကားတွေကြားလျှင် သူ့ကို ခုလို မေးရဲတော့မည်မဟုတ်။

* * *





"ဒေါက်တာ့ဆေးခန်းက နာ့စ်ရဲ့နာမည်က မေတဲ့ ဟုတ်လား စော"

"ဟုတ်တယ် လွင်လွင်၊ ရုပ်လေးကလဲ မဆိုးပါဘူး၊ ကျွန်မ မကျေနပ်တာက မောင်ဟာ အဲ့ဒီ မေဆိုတဲ့ နာ့စ်ကို တော်တော် အထင်ကြီးနေပုံပဲ၊

ကျွန်မပြောလို့မရတဲ့ စကားကို သူ ပြောလို့ရတယ်ဆို ကတည်းက လွင်လွင် စဉ်းစားကြည့်လေ"

ညက ကိစ္စနှင့်ပတ်သက်ကာ ကျေလည်ချင်းမရှိသော သူမက လွင်လွင်ကို ရင်ဖွင့်ရင်း မေဆိုတဲ့ နာ့စ်အကြောင်းပါ ပြောနေမိ၏။

"ဒါကြောင့် အစကတည်းက စောကို တို့ သတိပေးခဲ့သားပဲ၊ ဒေါက်တာလိုလူကို လွှတ်မထားပါနဲ့လို့၊ ဒေါက်တာလိုယောကျ်ားမျိုးကို ဘယ်မိန်းကလေးမဆို သဘောကျမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် မောင်ဟာ ကျွန်မထက်ပိုပြီး တခြားမိန်းမတွေ
သဘောကျနိုင်မှာလား လွင်လွင်"

"အင်း ဒါတော့ ပြောလို့မရဘူး၊ ယောက်ျားတွေဟာ
နီးစပ်ရာပဲ၊ ကိုယ်က အမြဲတမ်း ဂရုစိုက်နေဖို့ လိုတယ်"

"အို ... ကျွန်မမှာ အလုပ်တစ်ဖက်နဲ့၊ သူ့ကို ဂရုစိုက်ဖို့
ကျွန်မ ဘယ်လိုအချိန်ပေးရမလဲ၊ ပြီးတော့ ကျွန်မလို မိန်းမ
တစ်ယောက်ကို ပစ်ပြီး တခြားမိန်းမဆီသွားမယ့် ယောက်ျားမျိုး
ကိုလဲ ကျွန်မ လိုက်တားနေမှာ မဟုတ်ဘူး"

မာနစကားဆိုနေသော သူမကို လွင်လွင် စိတ်ပျက်သလို
ကြည့်မိ၏။

"ဒါဆို မင်း ဒေါက်တာကို စွန့်လွှတ်နိုင်တယ်ပေါ့"

ထိုအမေးကြောင့် သူမ ရုတ်တရက် နှုတ်ဆိတ်သွားသည်။
မောင့်ကို စွန့်လွှတ်ဖို့ဆိုတာ သူမ တစ်ခါမှ စဉ်းစားခဲ့ဖူးပါ
သူမ စိတ်ကိုသိနေသော လွင်လွင်က ပြုံးသည်။

"စော စော၊ မင်း အဲ့ဒါတွေ ခက်တာပဲ၊ မာနဆိုတာ
နေရာ တကာ မကောင်းပါဘူးကွာ၊ မင်းဘက်က အတတ်နိုင်ဆုံး
လျှော့ပြီး ဒေါက်တာ့ကို ညှိနှိုင်းပါ၊





ပြီးတော့ ဒေါက်တာက မင်းကို မစ္စတာရှလင်နဲ့ အထင်လွဲ
တယ်ဆိုတာ ဝမ်းသာစရာပါ၊ ဘာကြောင့်လဲဆိုတော့ သူ
မင်းအပေါ် စိတ်ဝင်စားလာလို့ပေါ့"

"ဒါပေမယ့် သူ အထင်လွဲနေတာကို ဘယ်လို ရှင်းပြ
ရမလဲ"

"ဒီလိုလုပ် စော၊ ဒေါက်တာ့ကို မစ္စတာရှလင်နဲ့ မိတ်ဆက်
ပေးလိုက်၊ ဒါဆို ဒေါက်တာ အမြင်ရှင်းသွားမှာပါ"

"အင်း မင်းပေးတဲ့အကြံ မဆိုးဘူး၊ မောင့်ကို ဖုန်းဆက်ခေါ်
လိုက်မယ်"

"အဲ့ဒါ အကောင်းဆုံးပေါ့"

စိတ်မြန်သော သူမက မောင့်ထံ ဖုန်းဆက်လိုက်၏။
ကံကောင်းစွာ မောင်နှင့်တွေ့သည်။

"မောင် အချိန်ရရင် စောဆီလာခဲ့ပါလား၊ စောတို့
မနက်စာ အတူစားရအောင်လေ"

ကြည်လင်ရွှင်ပြနေသော စောအသံကြောင့် သူ မငြင်း
ရက်ပါ။

"ကောင်းပြီလေ စော၊ မောင် လာခဲ့ပါမယ်"

"ဒါဆို စော စောင့်နေမယ်၊ ဒါပဲနော် မောင်"



www.burmeseclassic.com

www.burmeseclassic.com



သူမ ဖုန်းချသွားတော့ မေက သူ့ကို ပြုံးကြည့်နေသည်။

"ဒေါက်တာ့ဇနီးဆီကလား"

"ဟုတ်တယ် မေ"

"အဟင်း …ဒေါက်တာ မိန်းမရ ကံကောင်းတယ်လို့ လူတွေ ပြောတာ အမှန်ပဲ"

"ဘာဖြစ်လို့လဲ မေ"

"ဩော် ဒေါက်တာ့ဇနီးက သိပ်ကို ချောလှတဲ့အပြင် ပညာရော၊ ပစ္စည်းပါ ပြည့်စုံတယ်မဟုတ်လား၊ ခုလဲ ကိုယ်ပိုင် ကုမ္ပဏီကြီးကို တည်ထောင်ထားတာ၊ ဒီလိုမိန်းမမျိုးကို ဒေါက်တာ ရတာ ကံကောင်းတာပေါ့ရှင်"

"ကျွန်တော် တကယ်ပဲ ကံကောင်းတယ်လို့ မေ ထင်လားဟင်"

"ရှင် …"

မေက သူ့ကို နားမလည်သလိုကြည့်၏။ သူ တစ်ချက်ပြုံး လိုက်ရင်း …

"ကံကောင်းတယ်ဆိုတာ စိတ်ရောကိုယ်ရော ချမ်းသာမှ ကံကောင်းတယ်လို့ ခေါ်တာပဲ မေ၊ ယောကျ်ားတစ်ယောက်



အနေနဲ့ အဲဒီလောက် ထက်မြက်ပြည့်စုံတဲ့ မိန်းမမျိုးကိုရတာ ကံဆိုးတယ်လို့လဲ ဆိုနိုင်ပါတယ်၊

ဘာကြောင့်လဲဆိုတော့ သူတို့ဟာ သူတို့ရဲ့ အချိန်တွေအား လုံးကို လုပ်ငန်းထဲမှာပဲ မြှုပ်နှံထားလို့လေ၊

ဒါပေမယ့် သူအခု ထမင်းအတူစားဖို့ ကျွန်တော့်ကို ဖုန်းဆက်တာ ကျွန်တော်သွားရဦးမယ် မေ"

"ဩော် ဒေါက်တာရယ်"

မေတို့လို ချမ်းသာခြင်းမရှိတဲ့ လူတွေအတွက်ကျတော့ လည်း ထမင်းနပ်မှန်စားကာ အေးအေးနေရတာကိုပဲ ကျေနပ်ကြ သည်။ ပြောရလျှင် မေတို့ဘဝကို လူချမ်းသာ စိတ်ချမ်းသာဟု ဆိုနိုင်သည်။

သူရောက်တော့ စောက ညွှသည်တစ်ယောက်နှင့်အတူ စောင့်နေ၏။

"မောင်လာတာအတော်ပဲ၊ မောင့်ကို ဒီကဧည့်သည်နဲ့ မိတ်ဆက်ပေးရဦးမယ်၊

ဒါ စောတို့ကုမ္ပဏီနဲ့ ဆက်သွယ်ထားတဲ့ စက်ဘုကုမ္ပဏီရဲ့ ကိုယ်စားလှယ် မစ္စတာရှုလင်ပါ၊ သူ့ဇနီးက ဟိုမှာကျန်ခဲ့တယ် မောင်"

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စောက မစ္စတာရှလင်ကို အင်္ဂလိပ်လိုပြောကာ သူနှင့်မိတ်ဆက်ပေး၏။ ယောကျ်ားနှစ်ယောက် လက်ဆွဲနှုတ်ဆက်ရင်း စောကို ကြည့်မိသည်။

ဒါ စောက သူ့သံသယကို ရှင်းလိုက်တာပေါ့။ အမှန်ပြောရလျှင် သူလည်း သံသယစိတ် ပျောက်သွားပါ၏။

ထိုနေ့က မနက်စာကို လွင်လွင် အပါအဝင် သူတို့ ဟိုတယ်မှာ သွားစားကြသည်။ မစ္စတာရှလင်ပြန်သွားတော့ စောက သူ့နားကပ်ကာ တိုးသဲ့သဲ့လေသံဖြင့် ...

"မောင် စောအပေါ် သံသယရှင်းပြီလားဟင်"

သူ ဆတ်ခနဲ ခေါင်းညိတ်လျက် လွင်လွင့်ကို မလုံမလဲ ကြည့်မိ၏။ လွင်လွင်က သူတို့အဖြစ်အပျက်ကို ဘာမှ မသိသလို ကုမ္ပဏီရုံးခန်းထဲ ဝင်သွားသည်။

"စောရော၊ မောင့်အပေါ် စိတ်ဆိုးနေတုန်းပဲလား"

"ဟင့်အင်း၊ စောက ညကတည်းက မောင့်ကို စိတ်ဆိုးပြေနေပါပြီ"

"ဟာ ...ဟုတ်လား"

"ဒါပဲနော် မောင်၊ ညကျရင် စောစောပြန်လာရမယ်"

"မောင် ပြန်မလာရင် စော စိတ်ဆိုးမှာပဲလား"





"အင်း၊ ဟုတ်တယ်"

"စိတ်ဆိုးလဲ ဆိုးဗျာ၊ စိတ်ဆိုးတဲ့မိန်းမကို ချော့ရမှာ မောင့် တာဝန်ပဲ၊ မောင်ကတော့ လူနာတွေကုန်မှ ပြန်လာနိုင်မယ်၊ ကဲ စုတော့ ဂျူတီ ပြန်ဝင်လိုက်ဦးမယ်"

စောက သူ့ကို ကားနားအထိ လိုက်ပို့သည်။ သည်လိုကျတော့လည်း စောရဲ့အပြုအမူလေးတွေက ချစ်ဖြတ်နိုးဖို့ကောင်းနေ၏။

တကယ်ပဲ ထိုနေ့ အိမ်ပြန်ချိန် သူ နောက်ကျခဲ့သည်။

"စော"

"သွား လာမခေါ်နဲ့"

သူ့ကို ကျောပေးကာ တစ်ဖက်လှည့်အိပ်နေသော စောကြောင့် ပြုံးမိရသည်။ စော် သူ့ကို တကယ်စိတ်ဆိုးနေပြီပေါ့။

"စော ထမင်းစားပြီးပြီလား"

"ပြီးပြီ"

"ဟာဗျာ ...မောင့်ကို မစောင့်ဘူးပေါ့၊ ဟုတ်လား"

စောက နှုတ်ခမ်းလေးကိုက်ကာ သူ့ကို ဆတ်ခနဲ လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စ စောင့်ရမှာလဲ၊ ဝမ်းချင်းဆုံတာမှ မဟုတ်ဘဲ၊ ကိုယ်ကသာ အဆာခံစောင့်နေတာ၊ သူ တခြားက စားလာရင် စောင့်ရတဲ့လူပဲ အလကားဖြစ်မယ် မဟုတ်လား"

တစ်ချိန်က သူပြောခဲ့သောစကားတွေနှင့် ပြန်ပြောနေသော စောကို အသည်းယားစွာ ကြည့်မိ၏။

"မောင်ကတော့ ဆာနေတာကိုတောင် စောနဲ့မှ အတူစားမယ်ဆိုပြီး တမင် အဆာခံလာတာ"

"အပိုတွေမပြောနေနဲ့ မောင်၊ ဒီနေ့ မောင့်ကို စောစောပြန်လာဖို့ စော ပြောထားတယ် မဟုတ်လား"

"ဩော် စောရယ်၊ လူနာတွေကို ပစ်ထားပြီး ပြန်လို့ ဘယ်ဖြစ်မလဲ"

"သိပါတယ်၊ မောင်က စောကို လူနာတွေလောက် ဂရုမစိုက်ဘူးဆိုတာ"

မျက်နှာလေး ညှိုးလျက်ပြောသော သူမအသွင်ကြောင့် သူ စိတ်မကောင်းဖြစ်သွားရ၏။ ထို့ကြောင့် သူမကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းကာ ...

"စောက ဒီလိုပဲ တကယ်ထင်လားမာင်"





"မထင်ရအောင် မောင့်အပြုအမူတွေက စောအပေါ် ဘယ်တုန်းက ဂရုစိုက်ခဲ့လို့လဲ"

"မောင် စောအပေါ် လစ်လျူရှုသလို ဖြစ်ခဲ့ရင် တောင်းပန်ပါတယ်ကွာ၊ တကယ်တော့ စောကို မောင် အမြဲ ဂရုစိုက်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့ စောက မောင့်မိန်းမပဲ မဟုတ်လား"

"ဒါဆိုရင် စောစကား မောင် နားထောင်မှာလား"

သူ့ရင်ဘတ်ကို လက်နှင့်ထောက်လျက် သူမ မေး၏။ သူပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"ပြောလေ စောဆန္ဒကို မောင် ဖြည့်ပေးမှာပေါ့"

"တကယ်နော်"

မယုံသလို လက်ညှိုးလေးထောင်ကာ မေးနေသော သူမဟန်ကြောင့် သူ အသည်းယားစွာ ကိုယ်လုံးလေးကို ခပ်တင်းတင်း ဖျစ်ညှစ်လိုက်မိ၏။

"စောက ဘာတောင်းဆိုမလို့လဲ"

စောက သူ့ရင်ခွင်တွင် မျက်နှာအပ်လိုက်ရင်း ..

"ဒီလိုပါ မောင်၊ မောင်နဲ့စောတို့ရဲ့ အိမ်ထောင်ရေးဟာ သာယာမလိုလို့နဲ့ မသာယာဘူး မဟုတ်လား၊ အဲဒါ စော



www.burmeseclassic.com

www.burmeseclassic.com



သေချာစဉ်းစားကြည့်တော့ မောင်တို့ စောတို့ လုပ်ငန်းတွေကြောင့်ပဲ၊ ဒီတော့ မောင်နဲ့စော လုပ်ငန်းတွေကို လျှော့မှဖြစ်မယ်"

"ဒီတော့"

"ဒီတော့ စောက စောရဲ့လုပ်ငန်းတွေကို လွှင်လွှင်နဲ့ အတတ်နိုင်ဆုံးလွှဲပြီး မောင့်အတွက် အချိန်ပေးမယ်၊ မောင့်ဘက်က မောင့် ဆေးခန်းကို ပိတ်ပေးရမယ်"

"ဟင် ..."

သူမ၏ ကိုယ်လေးကို တင်းကျပ်စွာဖက်ထားသော သူ့လက်များ အတန်ငယ်ဖြေလျှော့လျက် စောကို ကြည့်မိသည်။

"ဘာလဲဟင်၊ မောင်က စော တောင်းဆိုတာကို မလိုက်လျောနိုင်ဘူးလား"

"ဪ စောရယ်၊ စောသာ တခြားအရာတွေ တောင်းဆိုရင် မောင် လိုက်လျောမှာ၊

ခုဟာက မောင် တစ်ကိုယ်တည်းကိစ္စ မဟုတ်ဘူး စော၊ မောင့်ကို မှီခိုနေတဲ့ လူနာအများ ြီးကို ထည့်တွက်ရမယ် စော"

စောက သူ့ရင်ခွင်မှ ဆတ်ခနဲ ရုန်းထွက်လိုက်သည်။





"အို ...မောင်ကလဲ လောကမှာ ဆရာဝန်ဆိုလို့ မောင်တစ်ယောက်တည်းရှိတာမှ မဟုတ်ဘဲ၊ မောင်မရှိလဲ သူတို့ တခြား ဆရာဝန်ဆီ သွားလိမ့်မယ်ပေါ့"

သူ ဖြည်းညင်းစွာ ခေါင်းခါယမ်းရင်း စော သဘောပေါက်အောင် ရှင်းပြလိုက်၏။

"မဟုတ်သေးဘူး စော၊ မောင့်ကို အားကိုးနေတဲ့ လူနာတွေဟာ တခြားဆရာဝန်တွေဆီ သွားရလောက်အောင် ငွေကြေးပြည့်စုံတာ မဟုတ်ဘူး၊

မောင်သာမရှိရင် သူတို့ အတော်ခက်ခဲကြမှာ"

သူမမှာ တောင်းဆိုသည့်ဆန္ဒကို မလိုက်လျောနိုင်သော မောင့်ကို ကြည့်လျက် ဝမ်းနည်းသွားရ၏။

"စော တောင်းဆိုတာ တခြားအတွက် မဟုတ်ပါဘူး မောင်၊ စောတို့အိမ်ထောင်ရေးအတွက်ပါ"

"မောင် နားလည်ပါတယ် စော၊ ဒါပေမယ့် မောင်တို့ အိမ်ထောင်ရေးသာယာဖို့ မောင့်ဆေးခန်း ပိတ်မှဆိုတာ မဟုတ်ဘူး၊

စောအလုပ်ကိုလဲ မောင် မပိတ်ပင်ဘူး၊ မောင်တို့တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့ပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာမှမပြောတော့ဘဲ ပြတင်းပေါက်နားမှာ ကျောခိုင်းလျက် သွားရပ်သည်။

သူ စောကို နောက်မှ သိုင်းဖက်လိုက်၏။

“စော”

သူမ ရှာခနဲလှည့်ကာ သူ့ရင်ခွင်တွင် ခိုဝင်ရင်း ...

“မောင် မကောင်းဘူး၊ မောင် ကတိမတည်ဘူး၊ အဟင့်ဟင့်”

“စော စောရယ်”

ဝမ်းနည်းစွာ ငိုရှိုက်နေသော စော မျက်နှာပြင်လေးကို ပွတ်သပ်လျက် သူ့မျက်နှာဖြင့် စောမျက်နှာကို ပွတ်သပ်တိုက်မိ၏။ စောက တရှိုက်ရှိုက် ငိုဆဲ ...

* * *





“မသွားရဘူး စော၊ မောင် လုံးဝ သဘောမတူဘူး”

ခက်ထန်စွာ တားဆီးနေသောမောင့်ကို သူမ မျက်ခနဲ လှည့် ကြည့်မိ၏။ မောင့်မျက်နှာက တည်ကြည်လေးနက်ကာ တကယ်ကို သဘောမတူဟန်ပင်။ သူမ သက်မတစ်ချက် ကြိတ်ရှိုက်လိုက်ရင်း ...

“မောင်ကလဲကွာ စော ပြောပြီးပြီပဲ၊ ဒီအလုပ်က စော သွားမှကို ဖြစ်မှာဆိုတာ၊ မကြာပါဘူးမောင်ရယ်၊ တစ်ပတ်ထဲပါ၊ စက်ာပူနဲ့ဒီဆိုတာ ဖုန်းဆက်လဲ ရနေတာပဲ”

ကုမ္ပဏီအတွက် သူမ စင်ကာပူသွားဖို့ ကြိုလာတာမို့ မောင့်ထံ ခွင့်တောင်းခြင်းဖြစ်၏။ ဒါကို မောင် ခါးခါးသီးသီး ငြင်းနေတာမို့ သူမ နားမလည်နိုင်အောင် ဖြစ်ရသည်။

“နေပါဦး၊ စောက တစ်ယောက်တည်းသွားရအောင် ကိုယ့်ကိုယ်ကို ယောကျ်ားလေးများ မှတ်နေလား၊ စောလို လုပ



www.burmeseclassic.com

www.burmeseclassic.com



ငယ်ရွယ်တဲ့ မိန်းကလေးတစ်ယောက်တည်းသွားမှာကို မောင်တော့ လုံးဝ စိတ်မချဘူး”

“သြော် မောင်ကလဲ၊ စောကို ဟိုကလူကြီးတွေက ကြိုနေမှာပါ၊ ပြီးတော့ ကုမ္ပဏီနစ်ခုပူးပေါင်းရေးမို့ အားလုံး လူကြီးလူကောင်းတွေချည်းပါ မောင်ရဲ့”

သူမ ဘယ်လိုချော့မော့ပြောပြော သူကတော့ လုံးဝ လက်မခံနိုင်ပါ။ သူမ၏ ခင်ပွန်းတစ်ယောက်အနေဖြင့် ရအောင် တားရမည်။

“ဘယ်သူတွေပဲဖြစ်ဖြစ် မောင် သဘောမတူဘူး စော၊ ဒီကိစ္စကလွဲလို့ စောကို မောင် အားလုံးလိုက်လျောခဲ့တယ် မဟုတ်လား”

“ခက်ပါလား မောင်ရယ်၊

စောကလဲ အလုပ်ကိစ္စမို့ ပြောနေတာပေါ့၊ နေပါဦး၊ မောင်က စောကို ဘာစိတ်မချတာလဲ”

“စောတစ်ယောက်တည်း သွားမှာရယ်၊ ဟိုမှာ ကိုယ့်လူခံ မရှိတာရယ်၊ အို အားလုံး စောအတွက် မောင် စိတ်ပူတာပဲ”





“ဒါ မောင် စောကို ချစ်တာလား” ဟု သူမ မေးလိုက်ချင်ပါသည်။ သို့သော် သည်စကားမျိုး စော မမေးချင်ပါ။ မောင့်နှုတ်ဖျားက ထုတ်ပြောတာကိုသာ ကြားချင်၏။

“ဒီမှာမောင်၊ မောင်သိထားဖို့က စောဟာ မောင် စိတ်မချရလောက်အောင် မောင့်ကွယ်ရာမှာ ဖောက်ပြန်နေတဲ့ မိန်းမမျိုး မဟုတ်ဘူး၊ တကယ်တမ်း စော စိတ်မချတာ မောင့်ကို”

“ဟင်...စော ဘာပြောတာလဲ”

“ဟုတ်တယ် မောင်၊ မောင့်ကို စော ဆေးခန်းပိတ်စေချင်တာ ကြာပြီ၊ မောင့်ဆေးခန်းက ဘာမဟုတ်တဲ့ ဝင်ငွေလေးနဲ့ စောတို့ရဲ့ သာယာတဲ့အိမ်ထောင်ရေးကို အပျက်မခံနိုင်ဘူး”

“စောစကားက မောင့်ရဲ့စေတနာတွေကို စော်ကားရာကျနေပြီ၊ မောင် ဆေးခန်းထိုင်တာ ငွေအတွက် မဟုတ်ဘူးလို့ စောကို ဘယ်နှစ်ခါ ပြောရမလဲ”

“ဘာလဲ မောင်၊ ကိုယ်နဲ့သွေးသား တစ်စက်မှကို မတော်တဲ့ လူတွေကြောင့်လို့ အကြောင်းပြခိုင်းမလို့လား၊

ဟင်း...ဟင်း၊ စောတော့ မယုံဘူး မောင်”

“စော မင်း”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ စော မသွားစေချင်ရင် မောင့်ဆေးခန်းကို ပိတ်လိုက်"

"ဩော် ဒါဆို မောင်ကလဲ ပြန်တောင်းဆိုရမယ်၊ မောင့်ဆေးခန်း ပိတ်စေချင်ရင် စော အလုပ်က ထွက်ရမယ်"

"ဟင် ...မောင်၊ ဒါ စောကို အကျပ်ကိုင်တာ မဟုတ်လား"

သူမအလှည့်ကျတော့ စော မျက်နှာလေး နီကာ သူ့ကို ရန်ထောင်၏။

"မောင်ပြောတာ တရားပါတယ် စော၊ ဘာလဲ မောင့်ဆန္ဒကို မလိုက်လျောနိုင်ဘူးလား"

"မလိုက်လျောနိုင်ဘူး မောင်၊ စော အလုပ်လုပ်တယ်ဆိုတာ စီးပွားရေးအတွက် လုပ်တာ၊ မောင့်လို အဓိပ္ပာယ်မဲ့ လုပ်နေတာ မဟုတ်ဘူး"

"စောနော် မောင့်အလုပ်ကို မစော်ကားနဲ့"

"ဒါ စော်ကားတာ မဟုတ်ဘူး၊ စော အမှန်ပြောတာ၊ ဘာလဲ မောင့်ဆေးခန်း မပိတ်နိုင်တာ ဟိုဆရာမလေးမေကြောင့်လား"

"မင်း မေ့ကို ဘာမှ ထည့်မပြောနဲ့၊ မေက သူ့ဘာသာနေတာ"





"ဩော် ဩော်၊ မောင်က မေ့ကိုထိရင် တော်တော်နာတတ်ပါလား၊ ကဲပါလေ၊ လက်တွေ့မကြုံသေးတော့ စော ဘာမှ မပြောလိုဝါဘူး၊ ဒါပေမယ့် စော အလုပ်ကို မောင် မပိတ်ပင်ပါနဲ့၊ မနက်ဖြန် စော စက်ာပူကို သွားမယ်"

"ဒါ မင်းဆုံးဖြတ်ချက်ပေါ့၊ ဟုတ်လား စော"

"ဟုတ်တယ် မောင်၊ စော လုပ်ငန်းအတွက် မှန်ကန်တဲ့ ဆုံးဖြတ်ချက်ပဲ"

"ကောင်းပြီလေ၊ ဒါဆို မင်းသဘောပေါ့"

အဆင်ပြေတာမှ မကြာသေးသော သူတို့နှစ်ယောက်အတွက် စက်ာပူခရီးစဉ်သည် စိတ်အနှောင့်အယှက်ဖြစ်လာ၏။

သို့သော် နှစ်ယောက်စလုံး ခေါင်းမာကာ တစ်ယူသန်သူများမို့ ဘယ်သူကမှ အလျှော့မပေးပါ။

ပြောသည့်အတိုင်းစောက နောက်နေ့မှာပဲ စက်ာပူထွက်သွားလေရာ သူ အံကြိတ်ကာ ကျန်ခဲ့သည်။ သူ သဘောမတူသည့် ခရီးမို့ သူမကို လေယာဉ်ကွင်းလိုက်မပို့ပါ။

"ဒေါက်တာက စောကို မသွားစေချင်တာ၊ မခွဲနိုင်လို့ နေမှာပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



လွင်လွင်ဖာ ရယ်စေပျက်စေ ပြောပေမယ့် စောကတော့ လက်မခံပါ။ အလကား သဝန်တိုစရာမရှိ တိုနေတာ။ သို့သော် သူ လေယာဉ်ကွင်း လိုက်မပို့တော့ သူမ စိတ်မကောင်းဖြစ်တာ မောင် မသိ။

မတတ်နိုင်ဘူး။ မောင့်ကို အပြန်ကျမှ ချော့ရမည်။ ထိုသို့ သူစိတ်ကူးခဲ့၏။ သူမသွားသည့်အချိန်မှစ၍ အိမ်ပြန်ချိန်မမှန်တာက ဒေါက်တာမင်းရဲအိမ်။

ယောက်ျားလုပ်နေသူ တားနေသည့်ကြားက ခွတ်ထွက်သွားသော စောကို သူ စိတ်နာချင်၏။ သို့သော် ရင်ထဲက စောကို တမ်းတသတိရနေတာ ဘာကြောင့်မှန်းမသိ။

စော စော၊ မင်းဟာ ကိုယ့်ကို ခင်ပွန်းတစ်ယောက်လို အသိအမှတ်မပြုတဲ့ မိန်းမပဲ။

သူသည် သူမသွားနေစဉ်အတွင်း ဆေးရုံနှင့် ဆေးခန်းမှာသာ။ မေက သူ့အတွက် စားသောက်ရေးကို ဂရုစိုက်ပေး၏။

"ဒေါက်တာ့အတွက် ကြက်ချဉ်ငန်စပ်ကြော်နဲ့ ချဉ်ပေါင်ရွက်ခြောက်ကြော် လုပ်လာတယ်"

"ညနေစာကို မေတို့အိမ်က စားပြီးမှ ပြန်ပါလား ဒေါက်တာ၊ မေတို့အိမ်က အားနာစရာ မရှိပါဘူး"





စော မရှိတာမို့ အိမ်ပြန်ရမှာ ခြောက်သွေ့သွေ့ဖြစ်နေသော သူက မေပြောတာကို လက်ခံလိုက်သည်။ မေတို့အိမ်က ဟင်းသည် သူ့တို့အိမ်က ဟင်းလောက် အကောင်းတွေချည်း မဟုတ်ပေမယ့် ဖွယ်ဖွယ်ရာရာတော့ ရှိပါ၏။

ငါးလေးအိုးကပ်ချက်ကို ချဉ်ပေါင်ဟင်းကို မှုစ်ရောလျက် ပင်စိမ်းအုပ်ကာ ငါးပိရည်ပျစ်ပျစ်ကို ပုစွန်ခြောက်ထောင်းထည့်လျက် တို့စရာ အစုံအလင်ဖြင့် စားချင်စဖွယ်။

"မေတို့အိမ်ကဟင်းက ဒေါက်တာတို့အိမ်လို အကောင်းစားတွေ မဟုတ်တော့ ဒေါက်တာ စားနိုင်ပါ့မလားဟင်"

"ဩော် မေရယ်၊ မေ့လက်ရာ ဒီဟင်းတွေကမှ ကိုယ့်အတွက် ပိုပြီး ထမင်းမြိန်စေတာပါဗျာ၊ နေ့တိုင်း ပေါ့ရွှတ်ရွှတ်နဲ့ ဗိုလ်စာတွေချည်း ချက်ကျွေးနေကဲ့ အိမ်ဖော်လက်ရာတွေကို ကျွန်တော် ငြီးငွေ့နေတာ ကြာပါပြီ"

တကယ်ပင် မေ့လက်ရာဟင်းများဖြင့် သူ ထမင်းစားကောင်းလှ၏။ သူ မြိန်ယှက်စွာ စားတာကိုကြည့်ပြီး မေ ကျေနပ်စွာ ပြုံးသည်။

"မေ့လက်ရာက ဒီလောက်တောင် ကောင်းတာမဟုတ်ပါဘူး ဒေါက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်အတွက်တော့ နတ်သုဒ္ဓါလိုပါပဲ"

"အဟင်း...ဒေါက်တာက စကားပြော ကောင်းတယ်နော်"

"မထင်ပါနဲ့ဗျာ၊ စကားပြောမကောင်းလို့ မိန်းမကိုတောင် ခရီးမသွားဖို့ မတားနိုင်တဲ့လူပါ"

"ဒါကတော့ ဒေါက်တာရယ်၊ မမက လုပ်ငန်းကိစ္စမို့ မသွားမဖြစ် သွားရတာထင်ပါတယ်"

အင်း မေ့အလှည့်ကျတော့ စောကို အကောင်းမြင်ဘက်က ပြောနေတာပါလား။ စောသာ မေ့ကို အကောင်းမမြင်တာပဲ။

မေ့ကို စိတ်သဘောထားပြည့်သူလေးအဖြစ် သူ ပို၍ အထင်ကြီးရ၏။

"ဒေါက်တာ့ကို ပြောရဦးမယ်"

"အင်း၊ ဘာလဲ မေ"

"ဟို ဒေါက်တာဘဆွေလေ"

မေသည် မျက်နှာလေးနီကာ စကားခက်ဟန်ဖြင့် ခဏရပ်၏။ သူ ရင်ထိတ်ခနဲဖြစ်သွားလျက် ...

"ဘဆွေက ဘာတဲ့လဲ မေ"

"ဟို သူ မေ့ကို ပရိုပို့စ်လုပ်ထားတယ် ဒေါက်တာ"



"သြော်"

သူ့ရင်ထဲမှာ မေ့ကို နမြောသလို ဖြစ်သွားပေမယ့် ဘဆွေလည်း လူကောင်းတစ်ယောက်မို့ မေ့အတွက် မဆိုးပါဘူးဟု ထင်၏။

"ဘဆွေက လူတော်တစ်ယောက်ပါ မေ၊ အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ကိုတောင် အကူအညီတောင်းဖူးပါတယ်"

"ဟင် ... ဒေါက်တာ့သဘောက"

"သြော် မေရယ်၊ ဘဆွေလိုလူမျိုးနဲ့ မေ့ကို ကျွန်တော် သဘောမတူစရာ မရှိပါဘူး"

မေက သက်ပြင်းလေးချကာ ငြိမ်နေ၏။

"မေ့သဘောကရော"

"မေ သူ့ကို စဉ်းစားဦးမယ်လို့ ပြောထားပါတယ်၊ အခု ဖွင့်ပြောတာ ဒေါက်တာ့သဘောထားကို သိချင်လို့ပါ"

"ကောင်းပါတယ် မေရယ်၊ ဘဆွေနဲ့ဆို ကျွန်တော် ဝမ်းသာရမှာပေါ့"

သို့သော် ထိုနေ့ည မေ့ဆီကအပြန် သူ အရက်ကို မူးအောင်သောက်မိ၏။ ထို့နောက် မေ့အကြောင်းများတွေး

www.burmeseclassic.com

www.burmeseclassic.com



ရင်း၊ စောအကြောင်းများတွေးရင်း သူ လေသာဆောင်မှာပဲ အိပ်ပျော်သွားတော့သည်။

* * *





"ဟင် ...ဒေါက်တာ မျက်နှာတွေလဲ နီလို့၊ နေမကောင်းဘူးလား"

နောက်တစ်နေ့ ဆေးခန်းမှာတွေ့ချိန် မေ စိုးရိမ်စွာ မေး၏။

"ဟုတ်တယ် မေ၊ ညက လေသာဆောင်မှာ အိပ်ပျော်သွားမိတယ်၊ အိမ်မှာလဲ စောမရှိတာနဲ့ ဒီကို ထွက်လာခဲ့တာ"

"ဖြစ်ရလေ ဒေါက်တာရယ်၊ တော်သေးတာပေါ့၊ ဒီနေ့ လူနာတွေရှင်းလို့၊ ဒေါက်တာနေမကောင်းတော့ မေ ဆေးခန်းပိတ်ထားလိုက်မယ်နော်"

"အင်း ဒီတစ်နေ့တော့ မတတ်နိုင်ဘူး မေရယ်"

ခေါင်းတွေ တဆစ်ဆစ်ကိုက်လာတာမို့ သူ လူနာခုတင်ပေါ်လှဲကာ မျက်ဝန်းများမှိတ်လျက် အနားယူမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ဆေးသောက်ရအောင်နော်"

သူ ထလိုက်စဉ် ယိုင်ခနဲဖြစ်သွားတာမို့ မေ့က အမှတ်တမဲ့ ပွေ့ကာ ထိန်းပေးလိုက်စဉ် ...

"ကြည့်စမ်း ဒါက ဘယ်လိုဖြစ်နေကြတာလဲဟင်"

"ဟင် ... စော"

"မမ"

မမျှော်လင့်ဘဲ ရောက်လာသော စောကြောင့် သူတို့အနေရ ခက်သွား၏။ စောက မျက်နှာလေး တင်းမာစွာဖြင့် သူ့တို့ကို ကြည့်သည်။

"ရွှေမှာ ဆေးခန်းကြီးတော့ပိတ်ပြီး ရှင်တို့က ဒီမှာ နှစ်ပါးကြည်နေကြတာပေါ့လေ ဟုတ်လား"

စက်ဘုက ဖုန်းဆက်တိုင်း အိမ်မှာ မောင့်ကို မတွေ့ရတာ မို့ လုပ်ငန်းကိစ္စပြီးတာနဲ့ သူမ ချက်ချင်းပြန်ခဲ့သည်။

အိမ်မှာ မောင့်ကို မတွေ့။ ထို့ကြောင့် ဆေးခန်းလိုက် လာခြင်း ဖြစ်သည်။ ခုတော့ မြင်ကွင်းက စောအတွက် ရင်မော စရာ။ စောစောက ခေါင်းကိုက်နေသော မင်းရဲ့အိမ်မှာ စော စကားကြောင့် မျက်ဝန်းတို့ အားယူဖွင့်လျက် ...

"စော မင်း ဘာတွေပြောနေတာလဲ"





"အမှန်တွေ ပြောနေတာလေ၊ ဘယ်လိုလဲ ဒေါက်တာ ကြီးရဲ့၊ ဒီလောက် လက်တွေ့တွေ့နေတာတောင် ငြင်းဦး မလို့လားဟင်၊

ဒါကြောင့် ဒီဆေးခန်းကို ရှင် မပိတ်နိုင်တာကိုး"

"တော် ... တော်စမ်း စော၊ မင်းစကားတွေ လွန်လာပြီ နော်၊ ကိုယ်နဲ့မေက ရိုးရိုးသားသားကွ"

"ဘာ ... ရိုးရိုးသားသားလဲ၊ ဟင် ... တစ်ယောက်ကိုတစ် ယောက် ပွေ့ဖက်နေတာ မြင်လျက်နဲ့များ၊

ဒီမှာမေ၊ ရှင့်အနေနဲ့ အိမ်ထောင်ရှိယောကျ်ားတစ်ယောက် ကို မမြူဆွယ်သင့်ပါဘူး"

"အို ..."

စောအပြောကြောင့် မေ စိတ်ထိခိုက် ရှက်သွားရသည်။

"စော စော၊ မင်း ဘာတွေပြောနေတာလဲ၊ မင်းစကား တွေက မေ့သိက္ခာကို စော်ကားနေပြီ"

"ဒီမှာ မောင်၊ သူကသာ စောရဲ့ဂုဏ်သိက္ခာနဲ့ စော အိမ်ထောင်ရေးကို စော်ကားထိခိုက်နေတာပါ၊ အစကတည်းက မောင်တို့ကို စော ယုံခဲ့တာမဟုတ်ဘူး"

"စော၊ မင်း တော်လို့ ပြောနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"မတော်နိုင်ဘူး ဒေါက်တာ၊ ခုလို လက်ပူးလက်ကြပ် မိနေတာတောင် ရှင်က ငြင်းရဲသေးလား၊

ဒီမှာ ကျွန်မက ယောကျ်ားတစ်ယောက်ကို တခြားမိန်းမနဲ့ အပြိုင်လုယူမယ့် မိန်းမမျိုး မဟုတ်ဘူး၊ ဒီတော့ ရှင် ကျွန်မကို ကွာရှင်းပေးပါ"

ထိုစကားက မင်းရဲအိမ်၏ ယောကျ်ားမာနကို ထိခိုက်သွားသည်။ သူမသာ သူ့ကို ချစ်ခဲ့တယ်ဆိုလျှင် သည်လို ကွာရှင်းခွင့် တောင်းမည်မဟုတ်။

"ကောင်းပြီ စော၊ မင်းဆန္ဒပြည့်စေရမယ်၊ ခုတော့ တို့နှစ်ယောက်ကို ဆက်ပြီးစော်ကားဖို့ မကြိုးစားပါနဲ့"

"ဟင်း ..."

စောက သူ့တို့ကို ခပ်စူးစူးစိမ်းစိမ်းကြည့်ကာ နေရာမှ ချာခနဲ လှည့်ထွက်သွားတော့၏။

"ဒေါက်တာ၊ ဒေါက်တာ့ကို မေ တောင်းပန်ပါတယ်၊ မမက ဒေါသဖြစ်နေချိန်မို့ ပြောသွားတာပါ၊ ဒေါက်တာ မမကို အေးအေး ဆေးဆေး ရှင်းပြပြီး ပြန်ချော့လိုက်ပါ၊ မေကြောင့် ဒေါက်တာတို့ ခုလိုဖြစ်ရတာ စိတ်မကောင်းပါဘူးရှင်"





စော ထွက်သွားတာနှင့် မေ မျက်နှာညှိုးလျက် တောင်းပန်၏။ မေ၏ စိတ်ထားမြင့်မြတ်မှုကြောင့် သူ စိတ်ထိခိုက်သွားသည်။

"မေရယ်၊ တကယ်ဆို ကျွန်တော်ကသာ မေ့ကို တောင်းပန်ရမှာပါ၊ ကျွန်တော့်ကြောင့် မေ အပြောခံရတာ၊ စော ပြောသွားတဲ့ စကားတွေအတွက် ကျွန်တော် တောင်းပန်ပါတယ်ဗျာ"

"အို ... ဒေါက်တာရယ်၊ မေ့ကို တောင်းပန်စရာ မလိုပါဘူး ရှင်၊ မေ အားလုံးကို နားလည်ပါတယ်၊

ကဲ ဒေါက်တာ မမနောက်ကို လိုက်သွားပါနော်"

သူ သက်ပြင်းချက်လျက် မေ့ကို နှုတ်ဆက်ကာ အိမ်သို့ ပြန်ခဲ့၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



"သွား၊ ရှင် ကျွန်မဆီ လာစရာမလိုဘူး၊ ရှင့်မျက်နှာကို မကြည့်ချင်ဘူး"

သူ့ကို မြင်တာနှင့် စောက တွေ့ရာပစ္စည်းတွေနှင့် ပစ်ပေါက်ကာ ဒေါသမာန်ဖြင့် ပြောသည်။ သူ မျက်မှောင် တစ်ချက်ကြုတ်ရင်း ...

"ဒီမှာ ကိုယ်အိမ်ပြန်လာတာ မင်းဆီကို မဟုတ်ဘူး၊ မင်းလို ယောက်ျားကို ဂရုမစိုက်တဲ့ မိန်းမ၊ ငါနဲ့ မေ့ရဲ့ဂုဏ်သိက္ခာကို ထိခိုက်စော်ကားတဲ့မိန်းမမျိုးကို ငါကလဲ အလိုမရှိဘူး၊ အခု ငါပြန်လာတာ ငါ့အဝတ်အစားတွေယူဖို့"

"ဟင် ..."

သူမကို လိုက်ချော့သည်ဟု ထင်ခဲ့ရာမှ သူ ပြတ်သားစွာ ပြောကာ ပစ္စည်းများ သိမ်းနေတာကြောင့် စော နှုတ်ခမ်းလေး ဖိကိုက်လိုက်မိ၏။





ကြည့်စမ်း၊ သူကပဲ တစ်ပြန် မောက်မာရတယ်လို့။ အမှားလုပ်သူက ဘယ်သူလဲဆိုတာ မသိလေရော့သလား။

ပစ္စည်းတွေ သိမ်းပြီးသွားချိန်တွင် သူက စောဘက်လှည့် ကာ ...

"ကွာရှင်းစာအတွက် မင်းလိုချင်တဲ့အချိန် ငါ့ဆီ လက်မှတ် လာထိုးနိုင်းပါ၊ ကဲ ငါသွားပြီ"

ရက်စက်ပြတ်သားစွာ ကျောခိုင်းထွက်ခွာသွားသော သူ့ကို ကြည့်ပြီး သူမ မျက်ရည်မကျအောင် အံတင်းထားလိုက်၏။ သွားပါစေ။ သံယောဇဉ်မရှိတဲ့လူကို တားစရာမလို။

သို့သော် သူ့ကားထွက်သံကြားရချိန်မှာတော့ သူမ အင့်ခနဲ ငိုရှိုက်ကာ ခေါင်းအုံးတွင် မျက်နှာအပ်လိုက်မိတော့၏။

ဒါဟာ သူမဘဝမှာ ယောက်ျားတစ်ယောက်အတွက် ပထမဆုံး ကျမိတဲ့ မျက်ရည်ပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ...ဒေါက်တာတို့ ပြတ်စဲခဲ့ကြပြီ ဟုတ်လား"

မေ၏ မယုံနိုင်စွာ အမေးကို သူခေါင်းညိတ်ပြလိုက်သည်

"ဘာတတ်နိုင်တော့မှာလဲ၊ ကျွန်တော်တို့ အိမ်ထောင်ရေးက အစကတည်းက အက်ကွဲသံပါနေတာပါ၊ သူ့ရော ကျွန်တော်ရော မာနကိုယ်စီနဲ့ဆိုတော့ ဘယ်သူ့ကို ဘယ်သူကမှ အလျှော့မပေးချင်ကြဘူး၊ နှစ်ယောက်လုံးက ကိုယ်မှန်တယ်လို့ပဲ ထင်ခဲ့ကြတာကိုး"

"ဖြစ်မှဖြစ်ရလေ ဒေါက်တာရယ်၊ ကျွန်မကြောင့်"

"မဟုတ်ဘူး မေ၊ ဒီလိုဖြစ်ရတာ မေ့ကြောင့် လုံးဝမဟုတ်ဘူး၊ ကျွန်တော်တို့ မာနတွေကြောင့်ပါ၊ ကဲပါလေ၊ ကျွန်တော်တို့အတွက် မေ ဘာမှ စိတ်မကောင်း မဖြစ်ပါနဲ့"

မေသည် သက်ပြင်းတစ်ချက်ရှိုက်ကာ ခေါင်းခါယမ်းလိုက်၏။





"မေ စိတ်မကောင်းမဖြစ်ဘဲ နေမလား ဒေါက်တာရယ်၊ ဘာပဲဖြစ်ဖြစ် မေတော့ မမကိုတွေ့ပြီး ရှင်းပြလိုက်ချင်တယ်"

"မေ သွားတွေ့လဲ အလကားပဲ၊ သူ လက်ခံမှာ မဟုတ်ဘူး၊ သူ့အကြောင်း ကျွန်တော်သိပါတယ်၊ ကျွန်တော့်ကို တကယ်ခင်တယ်ဆိုရင် ဒီအကြောင်းတွေ မပြောပါနဲ့တော့ မေ"

သူတားချွသာ မေ ခေါင်းညိတ်လိုက်ရ၏။ စိတ်ထဲကတော့ မကောင်း၊ တစ်နေ့ အခွင့်ရလာလျှင် ဒေါ်စောခင်ခင်ကို ရှင်းပြဖို့ မေ စိတ်ကူးလိုက်၏။

"ဘာပဲဖြစ်ဖြစ် ဒီကြားထဲ ဒေါက်တာ့စားရေးဝတ်ရေးကိုတော့ မေ တာဝန်ယူပါရစေနော်"

"ကျေးဇူးပဲ မေ"

သူ့အတွက် နေစရာမရှိတာမို့ ဆေးခန်းကိုပဲ အိမ်လုပ်နေလိုက်၏။ မိဘတွေအိမ်ကိုလည်း မသွားချင်၊ အသက်ကြီးမှ သူ့အတွက် စိတ်မကောင်း မဖြစ်စေချင်ပါ။

မေက ပြောသည့်အတိုင်း မနက်တစ်ခေါက်၊ ညတစ်ခေါက် မှန်မှန်လာကာ သူ့အတွက် ထမင်းချိုင့်ပို့ပေး၏။ ပြီးတော့ သူ့အဝတ် အစားတွေကိုယူကာ လျှော်ဖွပ်၍ မီးပူတိုက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'မှန်တာပြောရလျှင် စောနဲ့လက်ထပ်ခဲ့ပေမယ့် သူ့အပေါ် မေလောက် ဂရုစိုက်ခြင်း မခံရပါ။

"မေ ကိုယ့်အတွက် သိပ်ပင်ပန်းမခံပါနဲ့ဗျာ"

"ရပါတယ် ဒေါက်တာ၊ ဒီအလုပ်တွေက မေလုပ်နေကြပါ"

အပြုံးလေးဖြင့် မေ့ကို သူကြည့်မိ၏။ သူဟာ မေလို မိန်းကလေးမျိုးကို အရင်က ဘာကြောင့် မတွေ့ခဲ့မိတာပါလိမ့်။

သူတို့သတင်းကို ဘဆွေသိသွားကာ ...

"ဘယ်လိုလဲ မင်းရဲ့အိမ်၊ မေနဲ့မင်းရဲ့ကိစ္စဟာ တကယ် ပဲလား"

"ဟာ ... ဘယ်လိုမေးလိုက်တာလဲ၊ ဒါ တမင် စော အထင်လွဲတဲ့ကိစ္စ ဘဆွေ"

"ဒါပေမယ့် မေက ခုထိ မင်းစားဝတ်နေရေးအတွက် လုပ်ပေးနေတာ မဟုတ်လား"

"ဒါ သူ့စေတနာဆိုတော့ ငါ ဘယ်လိုငြင်းရမှာလဲ ဘဆွေ"

"ငါထင်ခဲ့ပါတယ်ကွာ၊ မေဟာ မင်းကို အစောကြီးက တည်းက စိတ်ဝင်စားနေတယ်လို့"





"ဟာ ... မင်း ဘာပြောတာလဲ ဘဆွေ၊ မေ့သိက္ခာကို မစော်ကားပါနဲ့"

ဘဆွေက မဲ့စနဲ့ပြုံးကာ သူ့ကိုကြည့်၏။

"မင်းကိုယ်တိုင်က မေ့ကိုထိရင် ဆတ်ဆတ်ထိမခံ နာတယ် မဟုတ်လား၊ ကယ်တော့ မင်း စိတ်ကိုက မေ့အပေါ် မရှိသွားခဲ့ဘူး မင်းရဲ့အိမ်"

သူ တောက်တစ်ချက် ပြင်းထန်စွာ ခေါက်လျက် ဘဆွေကို ခပ်စူးစူး ကြည့်မိ၏။

"ဘယ်လိုလဲ၊ မင်း ဝန်မခံချင်ဘူးလား"

"အေး ဟုတ်တယ် ဘဆွေ၊ ဒီတော့ မင်း ဘာလုပ်ချင်လဲ"

"ဩော် မင်းကိုယ်တိုင်က ဝန်ခံနေပြီကိုး၊ ဟင်း ... ဒါကြောင့် မေက ငါ့ကို အဖြေမပေးတာကိုး၊ မင်းဟာ သူငယ်ချင်း အပေါ်မှာတောင် သစ္စာမရှိတဲ့လူပဲကွ၊ တောက် ..."

ဘဆွေသည် ဒေါသဖြင့် အခန်းထဲမှ ထွက်သွား၏။ သူ ငိုင်လျက် ကျန်ရစ်ခဲ့သည်။ သူ ဘာတွေ ပြောလိုက်မိပါလိမ့်။

မေ ... မေ့ကို သူ တကယ်ပဲချစ်နေပြီလား၊ သေချာတာကတော့ မေ၏ ပြုစုမှုနှင့် သိတတ်မှုအပေါ်မှာ သူ သာယာနေတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေ မေနှင့်တွေ့တော့ တောင်းပန်မိသည်။

"မေ့ကို ကျွန်တော် တောင်းပန်စရာရှိတယ်"

"ဟင် ...ဘာများလဲ ဒေါက်တာ"

"နေ့လယ်က မေနဲ့ပတ်သက်ပြီး ကျွန်တော်နဲ့ဘဆွေ စကားများကြတယ်"

"အို ..."

"ဟုတ်တယ် မေ၊ သူက မေနဲ့ကျွန်တော့်ကို စွပ်စွဲတယ်၊ နောက်ဆုံး ဟုတ်တယ်လို့ ဝန်ခံလိုက်တယ်"

"ရှင် ..."

မေသည် မျက်နှာလေး နီမြန်းသွားလျက် သူ့ကို မကြည့်ရဲဟန် ဖြင့် မျက်လွှာလေး ချသွား၏။ သူ မေ့ရှေ့တည့်တည့် ရပ်လိုက်သည်။

"မေ ကျွန်တော့်ကို ကြည့်ပါဦး"

သည်တော့ မေ မော့်ကြည့်လာ၏။

သူက မေ့မျက်နှာလေးကို စိုက်ကြည့်လာ၏။

"တကယ်တော့ ကျွန်တော် ဘဆွေကို ပြောလိုက်တာ အမှန်ပါ မေ၊ ကျွန်တော့်ဘဝမှာ အလိုအပ်ဆုံးဟာ မေလို မိန်းကလေးပါ၊ ဒါကြောင့် ကျွန်တော် မေ့ကို လက်ထပ်ပါရစေ"





"အို ...ဒေါက်တာ"

မေ့ပခုံးလေးကို သူ ဆုပ်ကိုင်လိုက်၏။ မေ အလန့်တကြား ရုန်းကာ ခြေတစ်လှမ်း နောက်ဆုတ်သွားသည်။

"အမှန်ကို ဝန်ခံရရင် ကျွန်တော့်ဘဝဟာ အထီးကျန် ခြောက်သွေ့နေတာ ကြာပါပြီ မေ၊ အိမ်ပြန်ရောက်လို့မှ ကိုယ့်ဇနီး မျက်နှာ မတွေ့မြင်ရနဲ့ အဲဒီအဖြစ်တွေကို ကျွန်တော် လွတ်မြောက် ချင်ပါပြီ၊ ကျွန်တော့်ကို လွတ်မြောက်ခွင့် ပေးပါလား မေရယ်"

မေသည် နှုတ်ခမ်းဖိကိုက်ကာ ခေါင်းခါယမ်းလိုက်၏။

"ဒီအချိန်မှာ ဒါတွေ မပြောပါနဲ့ ဒေါက်တာ၊ ဒီလို ကိစ္စမျိုးဟာ သွေးပူတုန်းမို့ ဖြစ်ကြတာပါ"

"မဟုတ်ဘူး မေ၊ ကျွန်တော့်ဘက်က ဒီလို သဘောမျိုး မရှိဘူး၊ သူကစပြီး ကျွန်တော့်ကို ကွာရှင်းခွင့် တောင်းတာ၊ ကျွန်တော်က ယောကျ်ားပဲ၊ မေ လက်ခံနိုင်ရမှာပေါ့၊ ဘာလဲဟင် မေက ကျွန်တော့်ကို အိမ်ထောင်ပျက် တစ်ခုလပ်ဆိုပြီး လက်မခံ ချင်တာလား"

"အို ...မဟုတ်ပါဘူး ဒေါက်တာ၊ ဒေါက်တာ့ကို မေ၊ အို ...ဒေါက်တာရယ် ဒေါက်တာ့ဘက်က သေချာစဉ်းစားစေချင် တယ်၊ မေ့ကိုလဲ အချိန်ယူခွင့် ပေးပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



သူ သက်ပြင်းတစ်ချက်ချလျက် ခေါင်းညိတ်လိုက်၏။

သူတို့နှစ်ယောက်ကြား တိတ်ဆိတ်မှုလွှမ်းသွားလျက် အတွေး ကိုယ်စီဖြင့် ငြိမ်သက်သွားကြ၏။

* * *





"ဟင်း ...ပြောတော့ မဟုတ်ပါဘူးလေ၊ ရိုးရိုးသားသားပါ နဲ့လေ၊ ခုတော့ အတူနေနေကြပြီလေ"

ရှုံးခန်းထဲဝင်ဝင်ချင်း တင်းမာသော မျက်နှာဖြင့် ပြောလာသော သူမကို လွင်လွင် ကြည့်လိုက်၏။

ဒေါက်တာမင်းရဲ့အိမ်နှင့် ပြတ်စဲခဲ့ပြီဟူသော သတင်းကို ပြောသည့်နေ့မှစ၍ သူမမျက်နှာလေး သိသိသာသာ ချောင်သွားတာ လွင်လွင် သတိပြုမိ၏။

"ဘယ်သူတွေ အတူနေကြတာလဲ စော"

လွင်လွင် မသိချင်ယောင်ဆောင်မေးတော့ စော မျက်နှာလေး တင်းခနဲ ဖြစ်သွား၏။

"ဘယ်သူရမှာလဲ လွင်လွင်ရဲ့၊ ဟို ဒေါက်တာနဲ့ သူ့ရဲ့နှာစ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ...တကယ်ဆို ဒါ ဇော မှားတာပဲ၊ ကိစ္စတစ်ခုကို ဒီလောက် စိတ်မြန်မြန် မဆုံးဖြတ်သင့်ဘူး"

"အို ...လက်ပူးလက်ကြပ် တွေ့နေတာတောင်မှ"

"ဒါကတော့ ဇောရယ်၊ အဲ့ဒီနေ့က ဒေါက်တာ နေမကောင်းလို့ မေက ပြုစုတယ်လို့ ပြောတာမဟုတ်လား"

"အဟင်း ...ပြုစုတာကလဲ ကိုယ်ဖိရင်ဖိ၊ တော်ပါကွာ၊ သူတို့ အကြောင်းကို မကြားချင်ဘူး"

မကြားချင်ဘူး ပြောပေမယ့် စပြောတာက သူမဖြစ်နေကြောင်း ဇော မသိပါလား။

ထိုစဉ် ...

"အား ...မူးလိုက်တာ"

"ဟင် ...ဇော၊ ဇော ဘာဖြစ်တာလဲ"

"ခေါင်းထဲက မူးတယ် လွင်လွင်၊ အန်လဲ အန်ချင်တယ်၊ ဝေါ့ ..."

သူမ မထိန်းနိုင်တော့ဘဲ ဘေစင်သို့သွားကာ ထိုးအံ့ချလိုက်၏။ လွင်လွင်က သူမနောက်မှ အသာနှိပ်ပေးရင်း ...

"ဇော၊ ဒါ ရိုးရိုးသားသား မဟုတ်ဘူးထင်တယ်၊ မင်းမှာ ကိုယ်ဝန်များ ရှိနေသလား"





"ဟင် ..."

ထိုအကြောင်းကို တစ်ခါမှ မတွေးမိသော ဇော့မှာ ရင်များ တလှပ်လှပ်ဖြစ်လျက် ဟုတ်နိုင်ကြောင်း သိလိုက်၏။ အလုပ်တွေများနေတာနှင့် သူမ ဆေးမစားမိတာ ကြာပြီပဲ။

"ကဲ လာ ဇော၊ မင်း ဆေးခန်းသွားလိုက်ကြရအောင်၊ ပြီးတော့ အိမ်မှာ အနားယူလိုက်"

လွင်လွင်က ဆေးခန်းလိုက်ပို့၏။ ဒေါက်တာ၏ စစ်ချက်အရ တကယ်ပဲ သူမမှာ ကိုယ်ဝန်ရှိကြောင်း သိရတော့ ဝမ်းသာဝမ်းနည်း ဖြစ်သွားသည်။

သူသာ သည်အကြောင်းသိလျှင် ဘယ်လောက် ဝမ်းသာမလဲ။ အို သူလို သစ္စာမရှိတဲ့လူကို သည်ကိစ္စကို အသိမပေးတာ ကောင်းတယ်။

"ဒီမှာ လွင်လွင်၊ ကျွန်မကို တကယ်ခင်တယ်ဆိုရင် ဒီကိစ္စကို သူ့ လုံးဝ မသိစေပါနဲ့"

"ကလေးအတွက် မစဉ်းစားတော့ဘူးလား ဇောရယ်"

"အို ...ဘာစဉ်းစားစရာလိုလဲ၊ ကိုယ် ဒီကလေးကို မွေးနိုင်တယ်၊ သူလို သစ္စာမရှိတဲ့လူမျိုး မုန်းတယ်"

www.burmeseclassic.com

www.burmeseclassic.com



မုန်းတယ်ဟုပြောသော စော၏မျက်နှာလေးက မဲ့နေသည်။ လွင်လွင်က သူမအလိုကျ ခေါင်းညိတ်လိုက်၏။

"ကောင်းပြီ စော၊ တို့ကတိပေးပါတယ်"

ထိုရက်ပိုင်းမှာ သူမ အလုပ်မဆင်းနိုင်။ လူက ပြည့်စုံပေမယ့် ိတ်အားငယ်ကာ စိတ်ထဲမှ သူ့ကို ကျိတ်လွမ်းနေသည်။ ကယ်တော့ သူ့ဘဝမှာ သူဟာ ပထမဆုံး ချစ်မိတဲ့ ယောကျ်ားပါ။

ဒါပေမယ့် သူနှင့်မေ့ကို တွဲကာမြင်ရတော့ သူမ၏ ာနစိတ်လေး ပေါ်လာလျက် အံလေးတင်းတင်းကြိတ်ကာ လွမ်းမိတဲ့စိတ်ကို နာသောစိတ်နှင့် ဖြေလိုက်၏။

သို့သော်လည်းလေ ...

သူထွက်သွားသည့် နေ့မှစ၍ တစ်နေ့တစ်နေ့ ပြန်လာ လားရယ်ဟု စောင့်မျှော်မိတာ မဟုတ်လား။

ရက်စက်သော သူကတော့ စောကို တစ်ချက်လေးတောင် ပြန်စောင်းမကြည့်ခဲ့။

ရက်စက်လိုက်တာ မောင်ရယ်။

သူနှင့်မေ လက်ထပ်လိုက်ကြပြီလားဟု သံသယဖြင့် တွေးကာ သူမ တိတ်တဆိတ် နာကျင်ကြေကွဲနေရ၏။





သူမ၏ အကြောင်းကိုသိသော လွင်လွင်က နားချသည်။

"တို့စုံစမ်းသလောက်တော့ ဒေါက်တာနဲ့မေဟာ ခုထိ ရိုးရိုးသားသားပဲတဲ့၊ ဒေါက်တာက သူ့ဘာသာ ဆေးခန်းမှာနေတာ၊ မေက ဒေါက်တာ့အတွက် စားရေးသောက်ရေး တာဝန်ယူလုပ်ပေး နေတာတဲ့ စော"

"အို ...ဒါဘာထူးလဲ၊ တကယ်ဆို ဘာမှမဆိုင်ဘူးဆိုရင် သူ့တာဝန်ကို ဘာမှလုပ်ပေးစရာ မလိုဘူး လွင်လွင်"

"အြော် စောကလဲ၊ မေသာ ဒီလို ပြန်မကြည့်ရင် ဒေါက်တာ ဘယ်လိုစားသောက်မလဲ၊ ခုဆို မေက အဝတ်ကအစ လျှော်ဖွတ် မီးပူတိုက်ပေးတာ"

"ဒါ သူ့အလုပ်လား လွင်လွင်၊ ဒါ စနီးမယားတစ် ယောက်ရဲ့ တာဝန်ပါ"

"ဒီလိုဆို စော ဒေါက်တာ့အပေါ်မှာ အဲ့ဒီလို ဘယ်နှစ်ခါ ပြုစုဖူးလဲ"

"ဟင် ..."

လွင်လွင်၏ ချက်ကျသောအမေးကြောင့် သူမ မဖြေနိုင်ဘဲ ငိုင်ကျသွားသည်။



www.burmeseclassic.com

"တကယ်တော့ မင်း ဒေါက်တာ့အတွက် နေ့မယားတစ်ယောက်အနေနဲ့ အချိန်မပေးခဲ့ဘူး စော၊ အလုပ်ထဲကိုပဲ အာရုံစူးစိုက်ပြီး ဒေါက်တာ့ကိစ္စမှန်သမျှ အိမ်ဖော်တွေနဲ့ပဲ လွှဲထားတယ်၊ ဒီမှာ စော ကမ္ဘာပေါ်မှာရှိတဲ့ ယောကျ်ားတွေဟာ ကိုယ့်မိန်းမရဲ့ ပြုစုယုယ မှုကိုပဲ ခံချင်ကြတာကွ၊ မင်းရဲ့ လစ်ဟာမှုတွေကို မေ့ဆီမှာ ဒေါက်တာ တွေ့နေရတယ်၊

အချိန်မလွန်ခင် တို့ သတိပေးချင်တယ် စော၊ ကလေးရဲ့ မျက်နှာကိုထောက်ပြီး မင်း ဒေါက်တာကို ပြန်ခေါ်လိုက်ပါ၊

ယောကျ်ားဆိုတာ ချော့ရင် ရတဲ့အမျိုးပါကွာ"

လွင်လွင်ပြောတာမှန်ပေမယ့် သူမ မာနဖြင့် တင်းခံနေ၏။

"အို...သူ အိမ်က ထွက်သွားကတည်းက တစ်ချက်ပြန်လှည့် ကြည့်ဖော်ရသလား၊

ဘာတဲ့ ကျွန်မကိုပြောတာကွာ ရှင်းဖို့ လက်မှတ်လိုချင်ရင် အချိန်မရွေး လာထိုးနိုင်းတဲ့။ ဟင်း"

သူမကို မချော့မော့သည့်အပြင် မာနစကားဆိုသွားသော မောင့်ကို စိတ်ထဲကြိတ်ကာ နာကြည်းမိ၏။ တကယ်ဆို သူ တစ်ခွန်းချော့လိုက်လျှင် စောက ဘာဆက်ပြောနိုင်မှာမို့လို့လဲ။ ခုတော့ သူက တစ်ပြန် မာနနှင့်လေ ...



"အေးလေ၊ မင်းတို့ချင်း မာနပြိုင်တာနဲ့ ကြားထဲက ကလေး အမေ့မဲ့ ဖြစ်ရမယ့်ဘဝကို တွေးပေါ့၊ တို့ ဒီလောက်ပဲ သတိပေးချင်တယ်၊

အလုပ်အတွက်ကတော့ မင်း စိတ်ချပါ၊ မင်း အေးအေး ဆေးဆေး အနားယူပါ စော"

"ကျေးဇူးပဲ လွင်လွင်"

သူနှင့်စကားများပြီးကတည်းက အလုပ်ကိုလည်း သူမ စိတ်မဝင်စားတော့။ အခုလို ကိုယ်ဝန်ရှိလာတော့ ပိုဆိုးကာ သူ့ကို အချိန်တိုင်းသာ သတိရနေမိ၏။

တကယ်တော့ အရင်က သူမမှာ အားမာန်အပြည့် ရှိခဲ့တာဟာ မောင့်ကြောင့်ပါလား။ မောင်ရှိစဉ်က သည်တန်ဖိုးကို မသိခဲ့။ သူမ အမြဲတမ်း လုပ်ငန်းမှာ တက်ကြွနေတာလည်း မောင်ဆိုတဲ့ အားအင်ကြောင့်ပါ။

ခုတော့ သူမဘာကိုမှ စိတ်မဝင်စားနိုင်လောက်အောင် ဖြစ်နေ ပါပြီ။ မောင်သာသိရှိလျှင် သူမကို "ခုတော့ ဘယ်နှယ့်ရှိစ" ဟု အပြစ်တင်မလဲ။

အို...ငါ့ကို ပစ်သွားတဲ့ ယောကျ်ားတစ်ယောက်ကို ငါ ဘာကြောင့် လွမ်းဆွတ်နေရမှာလဲ။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ငါကသာ လွမ်းနေတာ၊ သူကတော့ မေဆိုတဲ့ နာစ်နဲ့ ပျော်နေလောက်ပြီပေါ့။

သွား သွား၊ သည်အကြောင်းတွေ ငါ့ခေါင်းထဲ ရောက် မလာနဲ့။။

စောသည် ထွက်ပေါ်လာသော အလွမ်းစိတ်ကို မာနဖြင့် ချေဖျက်ကာ နှုတ်ခမ်းကိုသာ တင်းတင်းဖိကိုက်လိုက်မိ၏။

* * *





"ဟင် ... စော"

ရုံးခန်းထဲသို့ လှပစွာဝင်လာသော သူမကို တွေ့လိုက်ရ၍ လွင်လွင် အံ့ဩသွား၏။

"စော၊ စော ဘာလာလုပ်တာလဲ၊ အိမ်မှာ အနားယူပါဆို ကွာ"

သူမ တစ်ချက်ပြုံးကာ အလုပ်စားပွဲတွင် ဝင်ထိုင်လိုက်၏။

"ကျွန်မ အလုပ်ဆင်းတာ လွင်လွင်၊ နေဆို ကျွန်မ နေကောင်း သွားပြီလေ"

လွင်လွင်က သူမကို စူးစမ်းသလိုကြည့်၏။

"ဟုတ်ရဲ့လား စောရယ်၊ မင်းကြည့်ရတာ ပိန်သွားသလိုပဲ"

"ဩော် တကယ်ပါဆို၊ ကိုယ်ဝန်ရှိတော့ အစားအသောက် နည်းနည်းပျက်တာပေါ့၊

ကိုယ်ဝန်ရှိတာ မဆန်းပါဘူး လွင်လွင်၊ အလုပ်ရှိတဲ့ မိန်းမ တိုင်း ကိုယ်ဝန်ရှိလို့ နားရမယ်ဆိုရင် ဘယ်မှာလာ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဒီအချိန်မှာ ကျွန်မ အနားယူတာ သူသာသိရင် တစ်မျိုးထင်ပြီး ကျွန်မကပဲ သူ့ကို လွမ်းလို့ ဆွေးလို့ ထင်နေဦးမှာပေါ့၊ ဟင်းဟင်း၊

ဒါကြောင့်မို့ ကျွန်မက ပုံမှန်အတိုင်း အလုပ်ဆင်းပြတာလေ"

"ဩော် စောရယ်၊ မင်းမာနက ကြီးလိုက်တာကွာ"

လွင်လွင်မှာ ထိုသို့ ညည်းရုံမှအပ မတတ်နိုင်ပါ။ စောခေါင်းမာတာကို လွင်လွင်သိတာပဲ။

တကယ်ပဲ စောမင်းခင်က ကိုယ်ဝန်တစ်ဖက်ဖြင့် အလုပ်ကို စိတ်ဝင်စားစွာ လုပ်၏။ သူ့ကြည့်ရတာ စိတ်ထဲ ဘာခံစားချက်မှ မရှိဘဲ ပေါ့ပါးလန်းဆန်းနေသလို။

သို့သော် တစ်ချက်တစ်ချက် လူတွေအလစ်မှာ သူမ ငေးငိုင်သွားတတ်တာ လွင်လွင်မသိဘဲ နေပါ့မလား။

စောရယ်" မင်းဟာ မာနနဲ့ ကိုယ့်စိတ်ကိုယ်တောင် လှည့်စားလွန်းတဲ့ မိန်းကလေးပါလား။

* * *





"ဒေါက်တာ အရက်တွေ နေ့တိုင်းသောက်တယ်ဆို"

ဆေးခန်းပိတ်၍ မေ အိမ်ပြန်ချိန်မှာ သူလိုက်ပို့၏။ တိတ်ဆိတ်ချိန်မှာ မေ အသံလေးထွက်လာသည်။ သူ့ရှာကင်အိတ်ထဲ လက်နှစ်ဖက်နှိုက်ရင်း ပြုံးမိသည်။

"မေ့ကို ဘယ်သူပြောလဲ"

"ဒေါက်တာ့အိပ်ခန်းထဲက ပုလင်းတွေက ပြောတယ်လေ"

"ဩော်၊ အပွန်း ..."

မေက သူ့အဝတ်တွေ ယူလျှော်နေကြမို့ အိပ်ခန်းထဲ ရောက်တာကို သတိမပြုမိလိုက်။ သူ မေ့ကို ဝန်ခံလိုက်၏။

"ဟုတ်တယ် မေ၊ တစ်ယောက်တည်းနေရတဲ့အချိန်မှာ အရက်ဟာ ကျွန်တော့်အတွက် အဖော်ပဲ"

"ဒီလိုသာဆိုရင် ဒေါက်တာ အရက်စွဲသွားမှာပေါ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ပူပူပန်ပန်လေး ပြောလိုက်သောမေ့ကို သူ အသာငုံ့ကြည့်လိုက်၏။

"မေ စိုးရိမ်တယ်ဆိုရင် ကျွန်တော့်အတွက် အဖြေမြန်မြန်ပေးပါလားဗျာ"

မေက သူ့ကို မော့်ကြည့်သည်။

လရောင်အောက်မှာ မေ၏ မျက်နှာလေးက အေးမြနေ၏။

"ဒေါက်တာက မေ့ဆီကို အဖြေတောင်းရအောင် ဒေါက်တာနဲ့ မမတို့က ကွာရှင်းပြီးကြလို့လား"

"ဟင် ..."

ထိုအမေးကြောင့် သူ ဘာပြောရမှန်း မသိဖြစ်သွား၏။ စောထံမှ ဘယ်နေ့ ကွာရှင်းစာချုပ်မှာ လက်မှတ်လာထိုးနိုင်းမလဲဟု သူ စောင့်မျှော်နေတာ ကြာပါပြီ။

သို့သော် သည်နေ့အထိ သူ့မဘက်က ဘာမှ မထူးခြားခဲ့။

"မေ မေးတာ ဖြေလေ ဒေါက်တာ"

"ဒါတော့ ကျွန်တော်မသိဘူး မေ၊ သူ ကွာရှင်းစာချုပ်မှာ လက်မှတ်လာထိုးနိုင်းမယ့်နေ့ကို ကျွန်တော် စောင့်နေတာပဲ"

"ဒါဆို အဖြေက ရှင်းနေပါပြီ ဒေါက်တာ၊ မမဟာ ဒေါက်တာ ပြန်လာမယ့်အချိန်ကို စောင့်နေတာပါ"





"မဖြစ်နိုင်တာဘဲ"

သူ ငြင်းလိုက်သည့်တိုင် မေ ပြောတာ ဟုတ်နေမလားဟု စဉ်းစားမိ၏။ သို့သော် စော၏ မာနမျက်နှာကို ပြန်မြင်ယောင်တော့ ခေါင်းကိုသာ ခါယမ်းမိသည်။

ကွာရှင်းဖို့ကို စောက အရင်ပြောခဲ့တာပဲ။ စော မာန ဘယ်လောက်ကြီးတယ်ဆိုတာ သူသိတော့ မဲ့ခနဲပြုံးမိ၏။

"မဖြစ်နိုင်ဘူး၊ ဟုတ်လား ဒေါက်တာ၊ မေတို့မိန်းမတွေစိတ်ကို ဒေါက်တာ နားမလည်သေးပါဘူးရှင်၊ မမဟာ ဘယ်လောက်ပဲ မာနကြီးကြီး ကိုယ့်ယောကျ်ားရဲ့ အချော့ကိုတော့ ခံချင်မှာပါ"

"မေက ဘာလို့ စောဘက်က လိုက်ပြောနေရတာလဲဟင်၊ တကယ်ဆို မေ သူ့ကို စိတ်နာသင့်တယ်"

"ဟင့်အင်း ဒေါက်တာ၊ မေ သူ့ကို စိတ်မနာပါဘူး၊ ဘာကြောင့်လဲဆိုတော့ မေသာ မမစောနေရာမှာဆိုရင် အဲ့ဒီလိုပဲ ခံစားမိမှာပဲ"

"ဘာလဲဟင်၊ အဲ့ဒါ မေက ကျွန်တော့်ကို လက်မခံနိုင်ဘူးလို့ ပြောလိုက်တာလား"

"အို ...မဟုတ်ဘူး ဒေါက်တာ၊ အမှန်ပြောရရင် ဒေါက်တာလိုလူမျိုးကို မေ လက်မခံနိုင်စရာ အကြောင်းမရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့်"

သူ မေ့လက်ကလေးကို လှမ်း၍ ဆုပ်ကိုင်ဖမ်းလိုက်၏။

"အို...ဒေါက်တာ မေ ပြောပါရစေဦး၊ မေ့ကို နောက်ထပ် အချိန်နည်းနည်းလောက်"

မေ၏ တောင်းပန်မှုကြောင့် သူ သက်ပြင်းချကာ မေ့လက်ကလေးကို လွှတ်လိုက်သည်။

"မေ့ကို ခွင့်လွှတ်ပါ ဒေါက်တာ၊ မေ ဒေါက်တာ့အတွက် အဖြေကို အမြန်ဆုံးပေးနိုင်အောင် ကြိုးစားပါ့မယ်"

"မေရယ်"

မေ့ထံမှ သနပ်ခါးရနံ့က ညလေပြည်နှင့်အတူ သူ့ထံ ဝေ့ဝဲလာ၏။ သူ၏ လှုပ်ရှားနေသောစိတ်ကို တည်ငြိမ်အောင် ကြိုးစား လိုက်ရသည်။ မေဟာ ဣန္ဒြေရှင် မဟုတ်လား။

* * *





"ညွှန့်သည်ရောက်နေပါတယ် မမ"

အတွင်းရေးမှူးမလေး၏ သတင်းပေးချက်ကြောင့် စော အလုပ်လုပ်နေရာမှ ခေါင်းမော့ကာ

"ဘယ်သူလဲ အထဲလွှတ်လိုက်ပါ"

"အမျိုးသမီးတစ်ယောက်ပါ မမ၊ မမမိတ်ဆွေလို့ ပြောပါတယ်"

"အေး အေး၊ အထဲဝင်ခိုင်းလိုက်"

စောပြောရင်း ညွှန့်သည်ဆိုတာ ဘယ်သူလဲဟု စဉ်းစား မိ၏။ သူမ သူငယ်ချင်း မိတ်ဆွေတွေဆိုရင် ရုံးခန်းထဲ တန်းဝင်လာတတ်တာပဲ။

သူမအတွေးမှ မဆုံးခင် အခန်းထဲဝင်လာသော မမျှော်လင့် သူတစ်ယောက်ကြောင့် အံ့အားသင့်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"မေး မေပါလား"

သူမ ဘာလာလုပ်တာပါလိမ့်။

"ကျွန်မကို ထိုင်ခွင့်ပြုပါ မမ"

မေက ခွင့်တောင်းရင်း သူမစားပွဲရှေ့ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

"မင်း ဘာကိစ္စရှိလို့ ကိုယ့်ဆီကို လာတာလဲ"

သူမ၏အမေးကို မေ တောင်းပန်သလို ကြည့်သည်။

"မမဆီ ခွင့်မတောင်းဘဲ ရောက်လာတဲ့အတွက် ခွင့်လွှတ်ပါ"

မေသည် ပြောရင်း သူမတစ်ကိုယ်လုံးကို အကဲခတ်မိသွားလျက်...

"ဟင်..."

သူမမှာ ကိုယ်ဝန်နဲ့ပါလားဟု သတိပြုမိသွား၏။

"မင်းလာတဲ့ကိစ္စကို ပြောပါ"

လွှင်လွှင်လည်း ရှိမနေတာမို့ သူမတို့နှစ်ယောက်တည်းဖြစ်နေ၏။

"ဒီလိုပါ မမ၊ မမအထင်လွဲသွားတဲ့ ဒေါက်တာနဲ့မေ့ကိစ္စ"





"အို...ဒီကိစ္စဆို ကိုယ့်ဆီ ဘာမှ လာပြောစရာ မလိုတော့ဘူး၊ မင်းသိထားရမှာက သူနဲ့ကိုယ် ဘာမှ မဆိုင်တော့ဘူး"

သူမ၏စကားမှ ခါးသီးစွာ ငြင်းဆန်မှုကြောင့် မေ မျက်နှာပျက်သွားရ၏။

"မမကို မပြောနဲ့ဆိုပေမယ့် မေကတော့ ပြောပါရစေ၊ ဒေါက်တာက မမကိုလွမ်းတဲ့စိတ်နဲ့ နေ့တိုင်း အရက်သောက်နေပါတယ်"

"ဟင်..."

ရုတ်တရက် ကြားရတော့ သူမရင်ထဲ လှပ်ခနဲဖြစ်လျက်မောင် သူမကို တကယ်လွမ်းနေသလားဟု ထင်သွားမိရ၏။ သို့သော် သည်နေ့ထိ သူမထံ တစ်ခေါက်မှ ရောက်မလာသော မောင့်ကို တွေးမိတော့ စိတ်နာသွားသည်။

"အဲ့ဒါ ကိုယ်နဲ့ ဘာမှမဆိုင်ဘူး"

"သိပ်ကို ဆိုင်ပါတယ် မမရယ်၊ ဒေါက်တာဟာ မမကို သိပ်ချစ်တဲ့လူပါ၊ ဒီလိုပဲ မမကလဲ ဒေါက်တာ့ကို ချစ်တယ်ဆိုတာ မေ သိပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မမတို့နှစ်ယောက်က မာနကိုယ်စီနဲ့ ဟန်ဆောင်နေကြတာပါ၊ မေနဲ့ဒေါက်တာ ဒီနေ့ထိ ဘာမှ မဆိုင်ပါဘူးရှင်၊ ပြီးတော့ မေ မေက လက်ထပ်တော့မှာပါ”

“ဟင် ...”

ထိုစကားကြောင့် သူမ အံ့သြသွားလျက် မေ့ကို ကြည့်မိ၏။

“မင်းလက်ထပ်မှာက”

“ဒေါက်တာဘဆွေနဲ့ပါ၊ သူ မေ့ဆီက မေတ္တာတောင်းထားတာ ကြာပါပြီ၊ ဒီနေ့ပဲ သူ့ကို အဖြေပေးလိုက်ပါပြီ”

“ဩော်”

တစ်နေ့ မောင်နဲ့မေနှစ်ယောက် လက်ထပ်ဖြစ်မယ်ဟု ယုံကြည် ခဲ့သော သူမအတွက် အထင်တလွဲ ဖြစ်ခဲ့ပါလား။

“အေးလေ၊ မင်း ဘယ်သူနဲ့ပဲ လက်ထပ်ထပ် ကိုယ်နဲ့မဆိုင်ပါဘူး၊ ကိုယ်ဟာ ဆုံးဖြတ်ထားတဲ့ ကိစ္စတစ်ခုကို မပြင်တတ်ဘူး မေ၊ ကဲ မင်းပြောချင်တာ ဒါပဲလား”

“ကောင်းပါပြီ၊ ဒီအကြောင်း မေ လာပြောတာပါ၊ မမတို့ရဲ့ အိမ်ထောင်ရေး မေ့ကြောင့် မပြိုကွဲစေချင်ပါဘူးရှင်၊ မမအနေနဲ့ ဒေါက်တာ့ကို ပြန်ပြီး လက်ခံဖို့ နောက်ဆုံးအနေနဲ့ တောင်းပန်ပါတယ်၊ ကဲ မေသွားတော့မယ် မမ”





မေ နှုတ်ဆက်ပြန်သွားပြီးနောက် သူမ ငိုင်ကာ ကျန်ခဲ့သည်။

မောင် မောင် အရက်တွေ နေ့တိုင်း သောက်နေတယ်ဆိုပါ

သား။

မေက ဒေါက်တာဘဆွေနဲ့ လက်ထပ်တော့မှာတဲ့။

သူမ သက်ပြင်းတစ်ချက်ချကာ ခေါင်းကိုသာ ခါယမ်းမိတော့၏။

* * *

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် မေ၊ စောမှာ ကိုယ်ဝန်ကြီးနဲ့ ဟုတ်လား"

ဒေါက်တာမင်းရဲ့အိမ် စိတ်လှုပ်ရှားစွာ မေးတာကို မေ မြိုးကြည့်မိ၏။ သည်အကြောင်းကြားလျှင် ဒေါက်တာ စိတ်လှုပ်ရှားသွားမယ်လို့ မေ ထင်ခဲ့တဲ့အတိုင်းပါပဲလား။

ထိုကြောင့် မေက တည်ငြိမ်စွာ ဖြေလိုက်၏။

"ဟုတ်ပါတယ် ဒေါက်တာ၊ မမဟာ ကိုယ်ဝန်နဲ့မှ ပိုလှလာတယ်"

သူ သက်ပြင်းချလိုက်သည်။

"သူ့မှာ ကိုယ်ဝန်ရှိနေတယ်ဆိုတာ ကျွန်တော် မသိခဲ့ဘူး"

"ဒေါက်တာသာ အဲ့ဒီတုန်းက ပြန်သွားရင် သိရမှာ၊ ခုလဲ နောက်မကျသေးပါဘူးဒေါက်တာ၊ ကိုယ်ဝန်ဆောင်မိန်းမ တစ်ယောက်ဟာ ကိုယ့်ယောကျ်ားကို ပိုမျှော်လင့်တတ်ပါတယ်"





မင်းရဲ့အိမ်မှာ စောတွင် ကိုယ်ဝန်ရှိနေပြီဆိုတာ သိလိုက်တော့ စိတ်လှုပ်ရှားကာ ဝမ်းသာသလို ဖြစ်သွားမိရ၏။ စောကို ကလေးယူဖို့ သူ ပြောခဲ့တာ မဟုတ်လား။

မေက သူ့ကို စောထံပြန်ဖို့ တိုက်တွန်းနေသည်။

"ကျွန်တော်ကစပြီး သူ့ကို ကွာရှင်းဖို့ ပြောခဲ့တာ မဟုတ်ဘူး မေ၊ ကျွန်တော့်ကို အလိုမရှိတဲ့ မိန်းမတစ်ယောက်ဆီ ကျွန်တော် ဘယ်တော့မှ မပြန်ဘူး"

"ဒါဆို ကလေးအတွက်ကော ဒေါက်တာ"

ထိုမေးခွန်းကြောင့် သူ ငြိမ်ခနဲ ဖြစ်သွားသည်။ ကလေး.. သည်ကလေးကို သူ အရူးအမူး လိုချင်ခဲ့တာ မဟုတ်လား။

သို့သော် စောသည် ကလေးအကြောင်း မပြောဘဲ ကွာရှင်းမည်ဟုသာ အနိုင်ပိုင်းပြောခဲ့၏။

"ကလေးကိုလဲ ကျွန်တော် မပိုင်ပါဘူး မေ"

"ဒီလို ဘယ်ဟုတ်ပါ့မလဲ ဒေါက်တာ၊ ဒေါက်တာတို့နှစ်ယောက် ဘာပဲဖြစ်ဖြစ် ကလေးရဲ့အဖေဟာ ဒေါက်တာပဲ မဟုတ်လား၊ ဒေါက်တာ့ရင်သွေးကို ဒေါက်တာ ညာတွေ့ဖွား ပြုရက်လား"



www.burmeseclassic.com

www.burmeseclassic.com



မေ့အမေးက သူ့နှလုံးသားကို ထိခိုက်လာ၏။ စော၏ ကိုယ်ဝန်ဟာ သူ့အတွက် သားဦးမို့ ဘယ်မှာ မချစ်ဘဲ နေမည်နည်း။

ဒါပေမယ့် သူသည် မေ့ကို လက်ထပ်ခွင့်တောင်းထားသူ၊ မေက သူ့ကို မပြတ်သွားဟု မြင်သွားမှာမျိုး မခံနိုင်ပါ။

"မှန်တာပြောရရင် ကျွန်တော့်ရင်သွေးကို ကျွန်တော် ချစ်ပါတယ်၊ ဒါပေမယ့် ကလေးအတွက်နဲ့တော့ မေ့ကို လက်ထပ်ခွင့် တောင်းထားတာ ကျွန်တော် အပျက်မခံနိုင်ဘူး၊ နောက်ပြီး ကျွန်တော်နဲ့စောဟာ ဘာမှ မပတ်သက်တော့ဘူးလေ"

ထိုအပြောကြောင့် မေက ပြုံးလေ၏။ မေ့အပြုံးမှာ လျှို့ဝှက်ချက်ပါနေပါလား။

"တကယ်တော့ ဒေါက်တာတို့နှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် ချစ်လျက်နဲ့ မာနတွေတင်းပြီး ဟန်ဆောင်နေကြတာပါ၊

ဒေါက်တာတို့ရဲ့ မာနတွေကြားမှာ အပြစ်မဲ့တဲ့ ကလေးက ခေးစာခံ မဖြစ်ပါစေနဲ့လားရှင်"

သူသည် မေ့ကိုကြည့်ကာ တွေဝေသွား၏။ မေက သူ့ကို အေးချမ်းစွာ ပြုံးပြသည်။



"မေ့ထံ ခွင့်တောင်းထားတဲ့ ဒေါက်တာ့ရဲ့ လက်ထပ်ခွင့်ကို ပြန်ရုပ်သိမ်းနိုင်ပါတယ် ဒေါက်တာ"

"မေ ကျွန်တော့်ကို"

"ဟင်အင်း၊ ဒေါက်တာ့ကို ကျွန်မ သိပ်နားလည်ပါတယ်၊ ဒီလိုပဲ ဒေါက်တာလဲ ကျွန်မကို နားလည်ပါလို့ ပြောပါရစေ"

မေသည် ပြောပြီး မျက်လွှာချလေ၏။ သူ သက်ပြင်း တစ်ချက်ချကာ မေ့မျက်နှာလေးကို စူးစူးစိုက်စိုက် ကြည့်သည်။

မေသည် သူတကာအပေါ်မှာ စာနာသည့် မိန်းကလေး၊ မြင့်မြတ်သော စိတ်ထားရှိတဲ့ မိန်းကလေးအဖြစ် သူ လေးစားစွာ တုံ့ပြန်လိုက်ပါ၏။

"မေ့စိတ်ဓာတ်ကို ကျွန်တော် လေးစားပါတယ်၊ ဒါကြောင့် ကျွန်တော် စောဆီ ပြန်သွားပါတော့မယ်"

မေ ဆတ်ခနဲ ဝင်းလက်စွာ မော့်ကြည့်လိုက်၏။

"ဒီစကားကြားရတာ ကျွန်မ သိပ်ဝမ်းသာတာပဲ ဒေါက်တာ၊ ဒေါက်တာတို့အိမ်ထောင်ရေး သာယာပါစေလို့ မေ ဆုတောင်းပေးပါ တယ်ရှင်"

www.burmeseclassic.com

www.burmeseclassic.com



"မေလဲ သာယာပါစေ၊ မနေ့က ဘဆွေ ကျွန်တော့်ကို လာတောင်းပန်သွားတယ်၊ ကျွန်တော် အားလုံးကို ရှင်းပြလိုက်လို့ သူ သဘောပေါက်သွားပါပြီ၊

ကဲ ကျွန်တော် သွားတော့မယ် မေ"

"ကောင်းပါပြီ ဒေါက်တာ"

မေ့ကို ကျောခိုင်းထွက်ချိန်မှာ သူ့ခြေလှမ်းတွေ လေးလံမနေပါ။ သူ၏ ကျောအပြင်ကို မျက်ရည်ကြားမှာ ပြုံး၍ ကြည့်နေသူက မေ။

ဒေါက်တာရယ် တကယ်တော့ မေလေ ...

* * *





အိမ်ရှေ့ဆင်ဝင်အောက်သို့ ကားကို ထိုးရပ်လိုက်တာနှင့် သူ့ရင်ခုန်သံတွေ မြန်နေ၏။ သည်အချိန် စော အလုပ်မသွားသေး ဆိုတာ သူ သိသည်။

ဒါကြောင့် စော ဘယ်လောက်ပဲစိတ်ဆိုးပါစေ၊ သူ့ရင်သွေးကို လွယ်ထားရသော စောကို အစောတ်နိုင်ဆုံး ချော့ရမည်။

ပြီးတော့ စောကို သူ ဝန်ခံစရာ ရှိသည်။ မာနကိုယ်စီဖြင့် မိဘတွေ သဘောတူလို့ ယူရတယ်ဆိုပေမယ့် တကယ်တမ်းမှာ "အချစ်" ဆိုတာမပါဘဲ လက်ထပ်ခြင်းဆိုတာ မဖြစ်လာနိုင်ကြောင်း၊ စောကို မြင်မြင်ချင်းပဲချစ်ခဲ့မိ၍သာ လက်ထပ်မိကြောင်း။

ကြည့်စမ်း သူသည် စောကို သည်အကြောင်းတွေ တစ်ခါမှ မပြောခဲ့ဖူးပါလား၊ စောကရော သူ့ကို ချစ်ရဲ့လားလို့ တစ်ခါမှ မမေးခဲ့။

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကိုတစ်ယောက် ရင်ခွင်မှာထားရင်း ... သူတို့နှစ်ယောက် လစ်ဟာနေသော အချက်ကိုသိလိုက်တော့ သူ ကြည်နူးစွာ ပြုံးလိုက်မိ၏။

သည်တစ်ခါ မောင်တို့ အချစ်သစ်နဲ့ ဘဝသစ်ကို စကြစို့ တော့။

သူ ကားပေါ်မှ ဆင်းကာ အိမ်ထဲသို့ ခပ်သွက်သွက် အဝင် ...

"ဟင် ...အစ်ကိုလေး"

အိမ်ဖော်မလေးက သူ့ကိုမြင်ကာ လန့်ဖျပ်လျက် အံ့သြဝမ်းသာစွာ ကြည့်၏။

"နင့်မမလေး ရှိတယ်မဟုတ်လား"

"မ မရှိဘူး အစ်ကိုလေး"

"ဘာ ...သူက ဒီအချိန် အလုပ်သွားပြီလား"

နာရီကို တစ်ချက်မြှောက်ကြည့်လျက် ပြောတော့ ကောင်မလေး ခေါင်းခါယမ်း၏။

"မမလေးက အလုပ်သွားတာ မဟုတ်ပါဘူး အစ်ကိုလေး"

"ဟင် ...ဒါဖြင့် ဘယ်ကိုသွားတာလဲ"





တော စိတ်ကူးပေါက်ရာများ ထွက်သွားပြီလားဟု တွေးကာ သူ စိုးရိမ်စွာ မေးမိသည်။

"မမလေး ဆေးရုံကို သွားတာပါရှင်"

"ဘာ ..."

ဆေးရုံဆိုတာကြောင့် တော ဘာများဖြစ်သလဲဟု စိတ်ပူ သွားရ၏။ ထို့ကြောင့် ကမန်းကတန်းဖြင့် ...

"တော တော ဘာဖြစ်လို့ ဆေးရုံကို သွားတာလဲ"

"ဟို ...မမလေး မနက်က ဗိုက်တအားနာလာလို့ ကလေး မွေးဖို့ဆိုပြီး ခုမနက်ပဲ လွင်လွင်နဲ့ ဆေးရုံကို ထွက်သွားပါ ..."

"ဟင် ...ဒါ ...တ တကယ်လား၊ ဒါဆို တော ကတည်းက ငါ့ကို ပြောပါတော့လား၊ နင် တော်တော် လျှာရှည်ပါလား၊

ပြောစမ်း သူတို့ ဘယ်ဆေးရုံကို သွားတာလဲ"

ကောင်မလေး နှုတ်ဖျားမှထွက်လာသော စကားဆုံး သူကားပေါ်ရောက်ကာ အမြန်မောင်းထွက်ခဲ့၏။

တော တော ဘာမှ မဖြစ်ပါစေနဲ့၊ သူ့ရင်သွေးလေး ချောချောမောမော မွေးပါစေ။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိထဲမှာ ဗိုက်နာကာ အော်ဟစ်နေမည့် စောကို မြင်လျက် သူ စိတ်လှုပ်ရှားမိ၏။

အို ... စောဟာ သတ္တိကောင်းတဲ့ မိန်းကလေးပဲ၊ နာကျင်ဒဏ်ကို ကြိတ်မှိတ်ခံနိုင်မှာပါ။

ဒါပေမယ့် စောစိတ်ထဲ သူ့ကို ဘယ်လောက်များ တမ်းတ လိုက်မလဲ။ သည်အချိန် မိန်းမတွေ အတမ်းတဆုံးဟာ သူတို့ရဲ့ ခင်ပွန်းတွေကို မဟုတ်လား။

ဒါပေမယ့်

အဲဒီသာမန် မိန်းမတွေထဲ စောလို ထက်မြက်မာကျောတဲ့ မိန်းကလေးမျိုး မပါဝင်ရင်ကော ...

ရှင်မရှိဘဲ ကလေးတစ်ယောက်ကို မွေးပြနိုင်ပါတယ်ဟု မာနစကားတွေ ဆိုလာရင်ကော ...

စောရယ် ...

သူ ကောအမောင်းရင်း စိတ်အားလျော့လာရသည်။ သည်အချိန် မှာ စောသာ သူ့ကို တမ်းတလျှင် ဘယ်လောက်များ ကောင်းလိုက်မလဲ။

စော နှုတ်ဖျားမှ သူ့ကို " မောင်" ဟု အားကိုးတမ်းတသံ မျိုး လက်ထပ်ပြီးကတည်းက တစ်ခါမျှ မကြားခဲ့ရ။ တကယ်တော့





စောရယ်၊ မောင်တို့ယောကျ်ားတွေ သူတို့မိန်းမတွေရဲ့ အားကိုး ခြင်းကို လိုလားနှစ်သက်တဲ့ လူမျိုးတွေပါကွယ်။

သူ့အတွေးမဆုံးခင် ဆေးရုံရောက်ခဲ့၏။ သူ ကားပေါ်မှ အပြေးဆင်းကာ စောရှိရာအခန်းဆီသို့ သွက်သွက်လေး လှမ်းနိုက်

"မောင်ရေ ... မောင်"

နာကျင်နေသည့်ကြားမှ မောင့်ကို စော တမ်းတလိုက်မိ၏။ မောင်ရယ် ပြန်လာခဲ့ပါကွယ်။ သည်အချိန်ဟာ စောအနားမှာ အလိုအပ်ဆုံးလူသားဟာ မောင်တစ်ယောက်ပါပဲ။ ဒါကို မောင် သိရဲ့လား။

"ဘဆွေ ... ဘဆွေ စော"

"ဟာ ... မင်းရဲ့အိမ်၊ မြန်မြန်၊ စောမင်းခင် မင်းကို တမ်းတနေတယ်"

"ဟင် ..."

သူ နားကြားလွဲတာ မဟုတ်ဘူးဆိုတာသိလိုက်တော့ စော၏ သူ့ကို တမ်းတသံ။ သူ စောလက်ကလေးကို တင်းတင်း ဆုပ်ကိုင်လိုက်ရင်း ...

"စော ... စော မောင်ရှိတယ်၊ စော ... စော ဘာလို့ အားမ ငယ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



နှာကျွင်နေသောကြားမှ စောမျက်လုံးကို အားယူဖွင့်ကြည့်၏။ သူ့ကိုတွေ့တော့ စော နှုတ်ခမ်းလေးပြုံးသွားကာ . . .

"မောင်"

"စော"

သူတို့နှစ်ယောက်၏ အပြုံးက လင်းလက်တောက်ပသွားလျက် . . .

သူရောက်တဲ့အချိန်မှာပဲ စောသည် သမီးလေးကို အောင်မြင်စွာ မီးဖွားနိုင်ခဲ့၏။ နီထွေးနုအိသော သမီးလေးကိုကြည့်ကာ သူ့ရင်တွေ တလှပ်လှပ်နှင့် ပျော်လို့မဆုံး။

စောကိုကြည့်လိုက်တော့ မှိန်းနေသည်။

"စော သမီးလေးကို ကြည့်ပါဦးကွယ်"

စောရင်ခွင်ထဲ သမီးလေးကို ချပေးလိုက်၏။ စောက ပြုံး၍ ငုံ့ကြည့်သည်။

"သမီးလေးက ချစ်စရာလေးနော် မောင်"

"ဟုတ်တယ် စော၊ မောင့်အတွက် သမီးလေးမွေးပေးတဲ့ စောကို မောင် အများကြီး ကျေးဇူးတင်ပါတယ် အချစ်ရယ်"





သူပြောရင်း စော နဖူးလေးကို အသာငုံ့နမ်းလိုက်၏။ စော၏ မျက်နှာလေးသည် မာန်မာနတို့ ကင်းစင်လျက် သူ့ကို မြတ်နိုးအားကိုးစွာ ကြည့်လာ၏။

"တကယ်တော့ စောရယ်၊ စောကို မောင် မြင်မြင်ချင်း ချစ်ခဲ့ရတာပါ၊ ဒါကြောင့်သာ စောကို မောင် လက်ထပ်ခဲ့တာပေါ့၊ စော ဘယ်သွားသွား မောင် စိတ်မချအောင် သဝန်တိုခဲ့တာ၊ စောကို မောင် သိပ်ချစ်လို့ပါကွယ်"

"မောင်ရယ်"

စောက သူမ၏ နုးညံ့သောလက်ကလေးဖြင့် သူ့ကို ဆုပ်ကိုင်လာသည်။

"မောင့်ကိုလဲ စော တောင်းပန်ပါတယ်ကွယ်၊ စော အမှန်အတိုင်း ဝန်ခံပါမယ်၊ တကယ်တော့ မောင့်ကို လက်ထပ်ခဲ့တာ စော သိပ်ချစ်လို့ပါ၊ ဒါပေမယ့် စောက မိန်းမသား ဖြစ်လေတော့ မောင့်ကို ချစ်တယ်ဆိုတဲ့အကြောင်း မပြောရဲခဲ့ဘူး မောင်၊ တကယ်တော့ မောင်ရယ်၊ ဘယ်လောက်ပဲ ဆူးရှုန့် ထက်မြက်တဲ့ မိန်းမတစ်ယောက် ဖြစ်ပါစေ သူတို့အတွက် နွေးထွေးလုံခြုံတဲ့ ရင်ခွင်တစ်ခုတော့ လိုအပ်ပါတယ်၊ ဘာကြောင့်လဲ ဆိုတော့ စောဟာ မိန်းမသား တစ်ယောက်ဖြစ်လို့ပါ မောင်၊

www.burmeseclassic.com



တကယ်တော့ မိန်းမသားတစ်ယောက်က စတင်ပြီး ချစ်တယ်လို့ ပြောဖို့ဆိုတာ မလွယ်ပါဘူး မောင်၊ ဘာကြောင့်လဲဆိုတော့ ဒါဟာ ကျွန်မတို့မိန်းမသားတွေရဲ့ လျှို့ဝှက် ချက်ဖြစ်နေလို့ပါ”

“စောရယ်”

သူတို့အချက်ချင်းတင်းတင်းဆုပ်မိချိန်တွင် နွေးထွေးသော နေခြည်က အခန်းတွင်းသို့ ဖြာဆင်းလာသည်။ ဒါဟာ သူတို့ရဲ့ အနာဂတ်အတွက် အလင်းလက်စေမည့် ကောင်းမွန်သော အလင်းတန်းတစ်ခု မဟုတ်လား။

ဆုအဥ္စလီ

နှလုံးစိတ်ဝမ်း ငြိမ်းချမ်းပါစေ။



www.burmeseclassic.com